မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၉၂)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ယနေ့ မာတိကာ

အသက်ရှည်အနာမဲ့ရေး ကျန်းမာရေးလိုက်စားပေး
ခေါင်းကြီး စာ - ၂

လူရိပ်မြင်တာနှင့် အလင်းရောင်ဖြာလင်းလာသော လမ်းမီးအိမ်များ
စာ - ၄

ပဲပြည့်စွက်စာ စားသုံးပါလည်း ဆီးကျိတ်ကင်ဆာကို မကာကွယ်နိုင်
စာ - ၅

ဆေးပညာ သတင်းဆန်းများ (၄၄)
ဆောင်းပါး စာ - ၆

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၂၀ ကျော်ရှိ နိုင်ငံတကာအဆင့်မီ ငွေကြေးဝန်ဆောင်မှုများ ပေးလာနိုင်ပြီ
စာ -၁၁

အမျိုးသမီးယူရိုဘောလုံး ဒိန်းမတ် အကြိုဗိုလ်လုပွဲတက်
စာ -၁၄

ကယားပြည်နယ်တွင် ပညာတတ်လူငယ်လူရွယ် ဦးရေ တိုးပွားလာ
စာ -၁၅

နယ်စပ်ဒေသများ ပိုမိုတည်ငြိမ်ဖွံ့ဖြိုးရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် ထာဝရ ငြိမ်းချမ်းရေးရရှိအောင်စီစဉ်ထား

မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရအဖွဲ့ ချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ဒေသများ ပိုမိုတည်ငြိမ်ဖွံ့ဖြိုးစေရန်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် စီစဉ်ဆောင်ရွက်ထားမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံ အစိုးရအဖွဲ့ချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နေမှု၊ အစိုးရသစ်လက်ထက်တွင် အရှေ့- အနောက်မခွဲခြားဘဲ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေမှု၊ နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့တွေ့ဆုံပြီး နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး နောက်တစ်ဆင့်တိုးမြှင့်ရန် ဆွေးနွေးခဲ့မှုအပေါ် ဆက်လက်အကောင်အထည်ဖော်သွားရန်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အတူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝေယံဦး - ရေးသားသည်

ကမ္ဘာဂြိုဟ်အနီးမှ ဥက္ကာခဲတစ်ခုဖြတ်သန်း

ကမ္ဘာဂြိုဟ်အနီးမှနေ၍ အရွယ်အတန်အသင့် ကြီးမားသော ဥက္ကာခဲတစ်ခု ဇူလိုင် ၂၂ ရက်ညက ဖြတ်သန်းသွားကြောင်း၊ ယင်းဥက္ကာခဲအရွယ်အစားမှာ ဘောလုံးကွင်းတစ်ကွင်း၏ အရွယ်အစားခန့်ရှိကြောင်း နာဆာ အာကာသသုတေသနပညာရှင်များက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ကမ္ဘာဂြိုဟ်အနီးမှ ဖြတ်သန်းသွားသော အဆိုပါဥက္ကာခဲကို 2013 NE 19 ဟု အမည်ပေးထားပြီး အရှည် ၄၂၆ ပေနှင့် အကျယ် ၁၉၄ ပေခန့် ပမာဏရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ယင်းဥက္ကာခဲသည် ကမ္ဘာဂြိုဟ်မှ မိုင် ၂ ဒသမ ၆ သန်းခန့် အကွာမှ ဖြတ်သန်းသွားခြင်းဖြစ်သည်။

ထိုသို့ ဖြတ်သန်းသွားမှုကြောင့် ကမ္ဘာဂြိုဟ်ပေါ်တွင် မည်သည့် ရိုက်ခတ်မှုမျှမရှိနိုင်ကြောင်း၊ သွယ်ဝိုက်သော ဘေးအန္တရာယ်များလည်း မဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အဆိုပါ ဥက္ကာခဲဖြတ်သန်းမှုမှာ ဇူလိုင် ၂၂ ရက် ည ၉ နာရီခန့်က ဖြစ်သည်။ ယခုဖြတ်သန်းသွားသည့် ဥက္ကာခဲ 2013 NE 19 ကို ဇူလိုင် ၁၅ ရက်ကတည်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဦးတည်သည့်လားရာမှာ ခန့်မှန်းတွက်ချက်ရ ခက်ခဲမှုဖြစ်နေခဲ့ခြင်းဖြစ်သည်။ ယင်းဥက္ကာခဲကို စလုဂ်အမည်ရှိ အာကာသကင်မရာဖြင့် ပုံရိပ်ရယူခဲ့သည်။

ထို့အတူ အဆိုပါဥက္ကာခဲ၏ ရွေ့လျားမှုကို အာကာသကြည့်မှန်ပြောင်းဖြင့်လည်း မပြတ်တမ်းထောက်လှမ်းနေခဲ့ကြောင်း၊ ဥက္ကာခဲ၏ ပုံရိပ်ကိုလည်း ထုတ်ပြန်ပေးထားကြောင်း နာဆာအာကာသ သုတေသနအရာရှိများက ပြောကြားသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသက်ရှည်အနာမဲ့ရေး ကျန်းမာရေးလိုက်စားပေး

လူတို့အနေဖြင့် အသက်ရှည်ရာအနာမဲ့ကြောင်း နေထိုင်လိုကြလျှင် ရောဂါမရအောင်သတိပြုနေထိုင်ခြင်းသည် ပဓာနကျသော အချက်ဖြစ်ကြောင်းကို တွေ့ရပေသည်။ လူတစ်ဦးတစ်ယောက် ရောဂါဖြစ်ရခြင်းအကြောင်းအရင်းကို ဆန်းစစ်သော် အစားအသောက်ကြောင့် ရောဂါဖြစ်ခြင်း၊ ကူးစက်ရောဂါများကြောင့် ရောဂါဖြစ်ရခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း စသည့်အချက်သုံးချက်ကို တွေ့ရပေသည်။

လူတို့သည် အစားအသောက်များကို အလွန်အကျွံစားသောက်မိခြင်း၊ မတည့်သည့်အစားအစာများကို စားသုံးခြင်းနှင့် အဆီအအိမ့် အချိုအငန်များသော အစားအစာများကို လွန်စွာစားသုံးခြင်းဖြင့် ရောဂါဖြစ်စေနိုင်ပါသည်။ လူ၏ခန္ဓာကိုယ်သည် အာဟာရဓာတ်ကိုဖြည့်တင်းရာတွင် မနည်းလွန်း၊ မများလွန်း မှန်ကန်စွာ ဖြည့်တင်းနိုင်ပါမှ အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာခြင်းကို ဖြစ်စေနိုင်ပါသည်။

ထို့အပြင် လူအများစု နာမကျန်းဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ ကူးစက်ရောဂါများ ကူးစက်ခံရခြင်းကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် တုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ အသည်းရောင်အသားဝါ/အေအိုင်ဒီအက်စ်စသောရောဂါများသည် ကူးစက်တတ်သော ဗက်တီးရီးယားနှင့် ဗိုင်းရပ်(စ်)ပိုးများကြောင့် ရောဂါကူးစက်ခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဆားရိရောဂါ၊ ဂျပန်ဦးနှောက် အမြေးရောင်ရောဂါ၊ ကြက်ငှက်တုပ်ကွေးစသော ကူးစက်ရောဂါဆန်းများလည်း တိုးပွားလာသည်ကို ကြားသိနေရပေသည်။ ယင်းကူးစက်ရောဂါများသည် လူသားတို့၏ ကျန်းမာရေးကို အဓိကခြိမ်းခြောက်လျက်ရှိပါသည်။

တစ်ဖန်ကိုယ်လက်လှုပ်ရှားမှုနည်းလျှင်လည်း ရောဂါဖြစ်စေနိုင်ပါသည်။ အထိုင်များခြင်း၊ အအိပ်များခြင်းတို့ကြောင့် လူကိုဝဖြိုးစေနိုင်ပါသည်။ ခန္ဓာကိုယ် ဆူဖြိုးလာနိုင်ပါသည်။ ဆူဖြိုးရာမှ အဝလွန်ခြင်းသို့ ရောက်ရှိလာနိုင်ပါသည်။ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခု ပြုလုပ်ခြင်းဖြင့် လူတို့၏ခန္ဓာကိုယ်တွင် ပိုလျှံနေသော ကယ်လိုရီများကို ဖယ်ရှားပစ်နိုင်ပါသည်။ ယနေ့ ချမ်းသာသောနိုင်ငံအများစုတွင် အဝလွန်သူများ တိုးပွားလာပြီး သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် ရောဂါဖြစ်သူများ တိုးပွားလာလျက်ရှိပါသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် ကျန်းမာ၍ အသက်ရှည်ကြစေလိုလျှင် အထက်ဖော်ပြပါ အချက်သုံးချက်ကို သတိပြုသင့်ပေသည်။ အစားအသောက်များကို ချင့်ချိန်စားသောက်ခြင်း၊ ကူးစက်ရောဂါများကင်းဝေးအောင်နေထိုင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ဖြင့် အသက်ရှည်၍ အနာမဲ့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဝိသာခါဓမ္မာရုံကြီး အဆင့်မြှင့်နှစ်ထပ်တိုးချဲ့ဆောက်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၃

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဝိသာခါဓမ္မာရုံကြီး အဆင့်မြှင့် နှစ်ထပ်တိုးချဲ့ဆောက်ဖွင့်လှစ်ခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီ ၅၈ မိနစ်တွင် အဆိုပါစေတီတော်ကြီး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ရှိသူများက နှစ်ထပ်တိုးချဲ့ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဓမ္မာရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလှူရှင်များက ဓမ္မာရုံကြီးအတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဝိသာခါဓမ္မာရုံကြီးကို ရဟန်းရှင်လူပြည်သူများက စုစုပေါင်းငွေ ၉၂၈၀၁၇၅၈ကျပ်ဖြင့် တည်ဆောက်လှူဒါန်းကြခြင်းဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် ကျွန်းသာယာရပ်ကွက်နှင့် မဟာစေတီလမ်း၌ ဓမ္မရတနာ လူမှုကူညီရေးအသင်း၏ အခမဲ့ဆေးခန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ဆေးပဒေသာပင် အလှူငွေများ လှူဒါန်းသည်။

ထို့နောက် အမှတ်(၁)ရပ်ကွက် စဥ့်အိုးဖိုရပ် လောကမာန်အောင်ဓမ္မာရုံ၌ မြတ်မေတ္တာ လူမှုကူညီရေးအဖွဲ့က အခမဲ့ဆေးကုသနေမှုကို ကြည့်ရှုအားပေးပြီး ဆေးပဒေသာပင် အလှူငွေ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့နယ် ကျေးရွာလမ်းများ ပြုပြင်ရန်လိုအပ်နေ

ထင်သာမြင်သာပြုပြင်စရာ

မိတ္ထီလာမြို့နှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် မိတ္ထီလာ-ညောင်ဖောက်-သဖန်း ကျေးလက်ဖွံ့ဖြိုးရေးလမ်းပျက်စီးနေမှုကို ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

လမ်းသားများပျက်စီး

အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေးလမ်းသည် လေးမိုင်ခန့် ရှည်လျားပြီး ကျောက်ချောလမ်းအဖြစ် သက်ဆိုင်ရာက ခင်းကျင်းပေးခဲ့သည်မှာ ကာလကြာမြင့်ပြီဖြစ်သောကြောင့် ရာသီဥတုဒဏ်၊ ဒေသခံ ကျေးရွာနေပြည်သူများ၏ နေ့စဉ်ဖြတ်သန်းသွားလာမှုတို့ကြောင့် လမ်းသားများ ပျက်စီးနေပြီဖြစ်သည်။

"မိတ္ထီလာကနေ မြင်တော်ကန်အနီးအထိပဲ လမ်းကကောင်းတယ်။ မြင်တော်ကန်ကျော်တာနဲ့ သဖန်းရွာအထိ လမ်းသားတွေ ပျက်စီးနေတာကြာပါပြီ။ ဒီလမ်းကောင်းမွန်စဉ်က မြို့နဲ့ဆက်သွယ်သွားလာရတာ မိနစ် ၃၀ လောက် မော်တော်ဆိုင်ကယ်နဲ့ ဖြည်းဖြည်းမှန်မှန်သွားရင် ရောက်တယ်။ အခုလို လမ်းပျက်နေချိန်ကျတော့ ၄၅ မိနစ်၊ တစ်နာရီနီးပါး သွားလာနေရတယ်"ဟု သဖန်းကျေးရွာသားတစ်ဦးက ပြောကြားသည်။

မိတ္ထီလာ-ညောင်ဖောက်-သဖန်း ကျေးလက်ဖွံ့ဖြိုးရေးလမ်းသည် သဖန်းကျေးရွာထွက် အဝတ်အထည်များနှင့် ကျေးရွာထွက်သီးနှံများ မြို့ပေါ်ဈေးကွက်နှင့် အခြားဒေသများသို့ တင်ပို့ရာတွင် အားကိုးအားထားပြုရာ အဓိကလမ်းဖြစ်သကဲ့သို့ စံပြရွာ၊ ညောင်ဖောက်၊ ညောင်ပင်၊ ပန်းခြံကျေးရွာများမြို့နှင့် ဆက်သွယ်သွားလာရာ၊ ကျေးရွာထွက်ကုန်များ တင်ပို့ရောင်းဝယ်ရာ လမ်းသည် ပြုပြင်ရန်လိုအပ်နေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

(၄၃၅)

လေဘေးသင့်ပြည်သူများအားထောက်ပံ့

နောင်ချို ဇူလိုင် ၂၃

မေ ၁ ရက်နှင့် ၂ ရက်နေ့များက လေဘေးသင့်ခံခဲ့ရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု လေဘေးသင့်ကျေးရွာပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက တောင်းခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဥက္ကဋ္ဌ ဦးရဲလင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်း၊ နယ်မြေကြီးကြပ်ရေး တာဝန်ခံများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လေဘေးသင့်ခံခဲ့ရသော ဘုန်းတော်ကြီးကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်း၊ ဆေးရုံနှင့် စာသင်ကျောင်းအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းစီ၊ လေဘေးသင့်ခံခဲ့ရသည့် ကျေးရွာပြည်သူ အိမ်ထောင်စုတစ်စုလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၃၉သိန်းခွဲကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

လေဘေးသင့်

နောင်ချိုမြို့နယ်တွင် ကျေးရွာအုပ်စု ခုနစ်စု၊ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ ဆေးခန်းတစ်ခု၊ အိမ်ခြေ ၁၁၅ လုံး လေဘေးသင့်ခံခဲ့ရကြောင်း သိရသည်။

စိုးဝင်း

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

သမ္မတ သွင် မင်္ဂလာ (၁) Top Royal
၂၆·၇·၂၀၁၃ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးစိုးနိုင်၊ ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်၊ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာဌာန အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ်အား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးဌာနအကြီးအကဲ မစ္စကတ်သရင်းအက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူပါး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးဌာနအကြီးအကဲ မစ္စကတ်သရင်းအက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူပါးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇူလိုင် ၂၃

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် ဦးမောင်မောင်အေး အပါအဝင် ပုဂ္ဂိုလ် ၁၉ ဦးတို့က ထားဝယ်တိုင်းရင်းသားများပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း ပီရူးသမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

ပီရူးသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် လီမာမြို့၌ ပီရူးသမ္မတနိုင်ငံသမ္မတ မစ္စတာ အိုလန်တာ မိုစစ်ဟူမာလာ တက်စ်ဆိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

သြစတြေးလျဝန်ကြီးချုပ် ကီဗင်ရုဒ်ကလည်း "ရင်းနှီးသည့်မိတ်ဖက် ဗြိတိန်နိုင်ငံအတွက် မင်းသားငယ်လေးမွေးဖွားခြင်းသည် မင်္ဂလာရှိသော နေ့ရက်နှင့် ပျော်ရွှင်ကြည်နူးဖွယ်ရာကောင်းသော အချိန်အခါပါ" ဟု ပြောကြားပြီး ဘုရင်ခံချုပ် ကွင်တင်ဘရေ့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးထားသည်။

ဝမ်းမြောက်

ယော့ရှိုင်းယားသို့ နှစ်ရက်ကြာ အလည်ခရီးထွက်နေဆဲ ဘိုးအေ အသစ်စက်စက်ဘဝရောက်ရှိသွားပြီးဖြစ်သည့် ဝေလမင်းသား ချားလ်က "မြေးလေး မွေးဖွားလာတဲ့အတွက် ကျွန်တော်နဲ့ ကျွန်တော့်ဇနီးတို့နှစ်ဦးစလုံး အတိုင်းထက်အလွန်ဝမ်းမြောက်နေကြပါတယ်။ သားတော်ဝီလျံနဲ့ ကက်သရင်းတို့အတွက်လည်း ထူးကဲတဲ့ဖြစ်ရပ်ပါပဲ။ ရင်သွေးငယ်လေး မွေးဖွားပေးနိုင်တဲ့သူတို့အတွက် ပီတိပွားနေရပါတယ်" ဟု ဝမ်းသာလှိုက်လှဲ စကားခွန်းဆိုခဲ့သည်။

သြစတြေးလျဝန်ကြီးချုပ် ကီဗင်ရုဒ်က တော်ဝင်မိသားစုနှင့် အိမ်ရှေ့မင်းသား ချားလ်တို့အတွက် မြေးမင်းသားလေးတစ်ပါး ထွန်းကားခြင်းဖြစ်ပြီး အယ်လ်လိဇဘက် ဘုရင်မကြီးအတွက် မြစ်တော်မင်းသားလေးတစ်ပါးလည်းဖြစ်ရာ တော်ဝင်မိသားစုအားလုံးနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာပါးသည်။

မွေးဖွားလာ

ဗြိတိန်နိုင်ငံပါလီမန်ဥပဒေတွင် တော်ဝင်မိသားစုမှ မွေးဖွားလာသော ရင်သွေးငယ်သည် သမီးဦးဖြစ်ပါသော်လည်း ထီးနန်းအမွေဆက်ခံပိုင်ခွင့် အတည်မပြုရသေးသည့် ဥပဒေတစ်ရပ်ရှိသည်။ ယခု သားဦးရတနာကို တော်ဝင်မိသားစုတွင် ဖွားမြင်ခြင်းသည် အတိုင်းထက်အလွန် ကောင်းမြတ်သော ဖြစ်ရပ်ဖြစ်ထွန်းလာခြင်းပင်ဖြစ်သည်။

ဗြိတိန်ထီးနန်းကို ဆက်လက်စံမြန်းမည့် နန်းလျာအဖြစ် အိမ်ရှေ့မင်းသားချားလ်နှင့် မင်းသားဝီလျံတို့ရှိနေရာ ယခုမွေးဖွားလာသည့် မင်းသားလေးမှာ တတိယမြောက် ထီးမွေနန်းမွေဆက်ခံမည့် နန်းလျာလောင်းဖြစ်လာသည်။

နိုင်ငံတကာသတင်း

နယူးယောက်မြို့လေဆိပ်၌ လေယာဉ်မတော်တဆမှုဖြစ်ပွား

နယူးယောက် ဇူလိုင် ၂၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့ လာဂွါဒီရာလေဆိပ်၌ ဇူလိုင် ၂၂ ရက်က လေယာဉ်တစ်စင်းသည် လေဆိပ်အဆင်းတွင် လေယာဉ်ရှေ့ဘီးများ ချမရသဖြင့် မတော်တဆမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း အဆိုပါ လေဆိပ်အရာရှိများက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ထိုသို့လေယာဉ်မတော်တဆဖြစ်မှုကြောင့် ခရီးသည် ၁၀ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာအနည်းငယ်ပြင်းထန်သဖြင့် ဆေးရုံသို့ တင်ပို့ထားရသည်။ အဆိုပါ လေယာဉ်မှာ ဆောက်ဝက်စ်အဲလိုင်းမှ လေယာဉ်ဖြစ်ပြီး ပြေးလမ်းပေါ်၌ အရှိန်ဖြင့် လျှောသွားရာ လေယာဉ်ပြေးလမ်းကို ကျော်လွန်သွားခဲ့သည်။

ပြန်လည်ဖွင့်လှစ်

ထိုသို့ မတော်တဆဖြစ်ရပ်ဖြစ်ပွားပြီးနောက် ချက်ချင်းပင်အရေးပေါ် ကယ်ဆယ်ရေးယာဉ်များ ရောက်ရှိလာခဲ့ပြီး လေယာဉ်ပေါ်ရှိ ခရီးသည် ၁၄၃ ဦးနှင့်လေယာဉ်အမှုထမ်းခြောက်ဦးတို့ကို ကယ်ထုတ်နိုင်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ၎င်းလေဆိပ်ကို လေယာဉ်အဆင်းအတက် ပိတ်ထားခဲ့ရသည်။ သို့သော် နောက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အဆိုပါဖြစ်ရပ်ဖြစ်ပွားပြီး မွန်းလွဲပိုင်း၌ မီဒီယာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ လေယာဉ်၏ရှေ့ဘီးများချမရသဖြင့် လေဆိပ်အဆင်းတွင် ထိုသို့မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်မန်နေဂျာ သောမတ်ဘိုစလိုက ရှင်းပြခဲ့သည်။ **(ဘီဘီစီ)**

အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင် အိန္ဒိယသို့ရောက်ရှိ

နယူးဒေလီ ဇူလိုင် ၂၃

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရန် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ဇူလိုင် ၂၂ရက်က လေးရက်ကြာအလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိလာသည်။ ၎င်းခရီးစဉ်မှာ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အမေရိကန်ခရီးစဉ် အတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်၌ သမ္မတဘားရက်အိုဘားမားနှင့် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အိန္ဒိယနိုင်ငံ၌ ရှိနေစဉ်အတွင်း အိန္ဒိယသမ္မတ ပရာနပ်မူခါဂျေ၊ ဒုတိယသမ္မတ ဟာမစ်အင်န်ဆာရီ၊ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းအပါအဝင် အခြားထိပ်တန်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ယခုခရီးစဉ်အတွင်း ကုန်သွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ လုံခြုံရေးနှင့် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေး ဆွေးနွေးကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ထိုင်း၌ ယာဉ်တိုက်မှုဖြစ်၊ ၁၉ ဦးသေဆုံး

ဗန်ကောက် ဇူလိုင် ၂၃

ထိုင်းနိုင်ငံအလယ်ပိုင်း၌ နှစ်ထပ်ဇိမ်ခံဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ ဇူလိုင် ၂၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လူ ၁၉ ဦး သေဆုံးခဲ့ပြီး ၂၀ ဒဏ်ရာရရှိသွားကာ ဘတ်စ်ကားမှာ ပေါက်ကွဲမီးလောင်သွားခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ယင်းခရီးသည်တင် အဆင့်မြင့်ဘတ်စ်ကားသည် ဗန်ကောက်မြို့မှ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ရှိုင်အက်မြို့သို့ မောင်းနှင်လာခြင်းဖြစ်သည်။ ယင်းဘတ်စ်ကားမှာ ယာဉ်တိုက်မှုဖြစ်အပြီး မီးလောင်သွားသည်ဟု သိရသည်။ အဆိုပါ ယာဉ်တိုက်မှုသည် ဘတ်စ်ကားတစ်စီး၊ ဘိလပ်မြေသယ် ထရပ်ကားတစ်စီးအပြင် ပစ်ကပ်ထရပ်ကားတစ်စီးပါ တိုက်မိပြီး ယာဉ်သုံးစီး ဆင့်တိုက်မိခြင်းဖြစ်ပြီး ဘိလပ်မြေ သယ်ထရပ်ကား မောင်းသူအား ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်။ သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ ဘတ်စ်ကားနှင့် ပစ်ကပ်ကားပေါ်ပါသူများဖြစ်သည်။ ထိုင်းနိုင်ငံ၏ လုံခြုံရေး စံနှုန်းအားနည်းမှုများကြောင့် ယာဉ်မတော်တဆမှုများ အဖြစ်များလေ့ရှိသည်။ **(စီအင်န်အေ)**

ပြည်တော်ပြန်ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် ရွေးကောက်ပွဲဝင်ပြိုင်ခွင့်ရရေး တိုက်တွန်းတောင်းဆို

ဖနောင်ပင် ဇူလိုင် ၂၃

ပြည်တော်ပြန်လာသည့် ကမ္ဘောဒီးယား အတိုက်အခံခေါင်းဆောင် ဆမ်ရိန်းစီက ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရေး တောင်းဆိုကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည့် ငါးကြိမ်မြောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းနှင့် တရားဝင်ကိုယ်စားလှယ်လောင်းစာရင်းတို့တွင် ၎င်းအမည်စာရင်းအား ထည့်သွင်းရန် အမျိုးသားရွေးကောက်ပွဲကော်မတီ (NEC) ကို ဆမ်ရိန်းစီက ဇူလိုင် ၂၀ ရက်တွင် တောင်းဆိုလိုက်သည်။

ကမ္ဘောဒီးယား အမျိုးသားကယ်တင်ရေးပါတီ (CNRP) ဥက္ကဋ္ဌ ဆမ်ရိန်းစီသည် ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုနှင့် မမှန်သတင်းထုတ်လွှင့်မှုများကြောင့် ထောင်ဒဏ် ၁၁ နှစ်ကျမည်ကိုရှောင်တိမ်းပြီး ပြည်ပတွင် လေးနှစ်ကြာ ထွက်ပြေးခိုလှုံခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ် ဟွန်ဆင်၏ ဇူလိုင် ၁၂ ရက်က ပန်ကြားချက်အရ ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်စီဟာမိုနီက လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သဖြင့် ဇူလိုင် ၁၉ ရက်၌ အတိုက်အခံခေါင်းဆောင် ဆမ်ရိန်းစီ ပြည်တော်ပြန်ဝင်လာခြင်းဖြစ်သည်။

NEC သဘာပတိအမ်းဆူရိုဝိဒေး၏စာတွင် ဖော်ပြမှုအရ ဆမ်ရိန်းစီက "ဘုရင်မင်းမြတ်၏ မြတ်သော ခွင့်လွှတ်ခြင်းကို ဦးထိပ်ထားပြီး တိုက်တွန်းလိုရခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၈ ရက် ရွေးကောက်ပွဲတွင် မိမိ၏ အမည်အား ထည့်သွင်းပေးရေး ဖြစ်နိုင်သမျှအလားအလာများကို အကဲဖြတ်စေလိုပါကြောင်း" တောင်းဆိုခဲ့သည်ဟု သိရသည်။ **(ဆင်ဟွာ)**

အီးယူက ဟစ်ဇ်ဘိုလာတို့အား အမည်ပျက်စာရင်းသွင်း

ဘာလင် ဇူလိုင် ၂၃

ဥရောပသမဂ္ဂ(အီးယူ)ဝန်ကြီးများက လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့အား အမည်ပျက်စာရင်းသွင်းရန် သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံတွင် မတည်မငြိမ်ဖြစ်မှုနှင့် ပဋိပက္ခဖြစ်ပွားမှုများတွင် ဟစ်ဇ်ဘိုလာတို့က နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်မှုများရှိနေကြောင်း အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံမှ ဝန်ကြီးများက ယုံကြည်ခဲ့ကြပြီးနောက် ယခုကဲ့သို့ အမည်ပျက်စာရင်းထည့်သွင်းရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ဟစ်ဇ်ဘိုလာတို့သည် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ အစည်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့သို့ ငွေကြေးနှင့်လက်နက်များ ကူညီမှုကို ရပ်ဆိုင်းပိတ်ပင်မည် ဖြစ်ကြောင်း၊ လက်ဘနွန်နိုင်ငံအတွင်း ဆက်လက်ရပ်တည်မှုအခြေအနေကို ပြန်လည်သုံးသပ်ရန်လိုကြောင်း အီးယူအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ပြောကြားသည်။ သို့သော် အီးယူအဖွဲ့ဝင်နိုင်ငံအချို့မှ ဝန်ကြီးများက ထိုသို့ အမည်ပျက်စာရင်းသွင်းမှုအပေါ် စိုးရိမ်မကင်းရှိနေသည်။ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အဖွဲ့သည် လက်ဘနွန်နိုင်ငံတွင် သြဇာကြီးမားသည့်အဖွဲ့လည်းဖြစ်သည်။

ဟစ်ဇ်ဘိုလာ လက်နက်ကိုင် အဖွဲ့သည် လက်ဘနွန်နှင့်ဆီးရီးယား နယ်စပ်တစ်လျှောက်လှုပ်ရှားမှု၊ ဆီးရီးယားပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ဘူလ်ဂေးရီးယားတွင် အစ္စရေးခရီးသွားများကို ဗုံးခွဲတိုက်ခိုက်မှုများကို ကျူးလွန်ထားကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ **(ဆင်ဟွာ)**

လူ့ရိပ်မြင်တာနှင့် အလင်းရောင်ဖြာလင်းလာသော လမ်းမီးအိမ်များ

အိန္ဒိယလူမျိုးတစ်ဦး ဒီဇိုင်းထုတ် တီထွင်ထားသည့် လူတစ်ဦးဦးရှေ့ရောက်လာသည့်အခါမှ အလင်းရောင် ဖြာထွက်ထွန်းလင်းသော လမ်းမီးအိမ်စနစ်။ (နည်းပညာအပုံစား ယခုလမ်းမီးစနစ်သည် လူတစ်ဦးဦးဖြစ်စေ၊ စက်ဘီး၊ ဆိုင်ကယ် သို့မဟုတ် ကားများဖြစ်စေ ဝန်းကျင်အတွင်း ဝင်ရောက်လာသည်နှင့် မီးလင်းတောက်ပပြီးကျန်အချိန်များတွင် အလင်းရောင်မှိန်သွားသည်။ စွမ်းအင်ကုန်ကျမှု ၈၀ ရာခိုင်နှုန်းကို ဖြတ်တောက်နိုင်မည်လည်းဖြစ်သည်။ နယ်သာလန်ရှိ ဒဲလ်ဖ်နည်းပညာ တက္ကသိုလ်ကျောင်းသား ချန်တန်ရှိတ်က တီထွင်ခဲ့ခြင်းဖြစ်ပြီး ယခုတီထွင်မှုနည်းစနစ်ကို **Tvilight** ဟု ကင်ပွန်းတပ်ထားသည်။) **(ပီတီအိုင်)**

ဆီးရီးယား၌ ဒုံးကျည်ပေါက်ကွဲမှုကြောင့် ၂၅ဦးထက်မနည်း သေဆုံး

ဒမတ်စကတ် ဇူလိုင် ၂၃

ဆီးရီးယားနိုင်ငံ အိုင်ဒီလစ်ပြည်နယ် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၂၁ ရက်က ဆီးရီးယားအတိုက်အခံလက်နက်ကိုင်များက ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ ၂၅ ဦးထက်မနည်းသေဆုံးပြီး ၈၅ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရှန်အက်ဖ်အမ် အသံလွှင့်ဌာနက ဇူလိုင် ၂၂ ရက်တွင် ကြေညာသည်။

သေဆုံးဒဏ်ရာရသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်။ ယင်းဒုံးကျည်မှာ အရီဟာမြို့ရှိ ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များ၏ စခန်းတစ်ခုသို့ အတိုက်အခံလက်နက်ကိုင်များက ပစ်ခတ်လိုက်သည့်ဒုံးကျည်ဖြစ်သည်။ ပစ်မှတ်လွဲချော်ပြီး လူနေရပ်ကွက်အတွင်း ကျရောက်ခဲ့ခြင်းဖြစ်သည်။

ဒမတ်စကတ်မြို့ အရှေ့မြောက်ပိုင်း အဒီရာမြို့တွင်လည်း အစိုးရတပ်ဖွဲ့က ချုံခိုတိုက်ခိုက်မှုကြောင့် အတိုက်အခံလက်နက်ကိုင် ၂၈ ဦး သေဆုံးခဲ့ကြောင်း၊ အဒီရာမြို့သည် ဒမတ်စကတ်မြို့သို့ဝင်ရောက်ရာ လမ်းကြောင်းတွင် တည်ရှိနေသည့် မြို့ဖြစ်သည်။

အတိုက်အခံလက်နက်ကိုင် တိုက်ခိုက်ရေးသမားများဘက်မှ နိုင်ငံခြားသားအချို့ပါဝင်ကူညီ တိုက်ခိုက်ပေးနေကြောင်း ဆီးရီးယားသတင်းဌာန ဆာနာက သတင်းထုတ်ပြန်သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်သမ္မတနှင့် လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲမှ ကောက်နုတ်ချက်

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့်ပတ်သက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အခြေအနေနှင့် နောက်ဆက်တွဲကိစ္စရပ်များအကြောင်း တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ယမန်နေ့မှအဆက်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း

ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ ဘဏ္ဍာငွေရရှိမှုနဲ့ ဆောင်ရွက်ထားမှုများကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ မောင်တောမြို့နယ်အတွင်းမှာ ရွက်ဖျင်တဲနေအိမ်ဆောက်လုပ်ခြင်းနဲ့ နယ်မြေလုံခြုံရေး လမ်းဖောက်လုပ်ဖို့အတွက်ဆိုပြီးတော့မှ နိုင်ငံတော်ကနေပြီးတော့မှ ၆ ဒသမ ၃၉ ဘီလီယံ ကျွန်တော်တို့ ခွင့်ပြုထားတာရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာတော့ဖြင့် ကျွန်တော်တို့ ရှစ်ခန်းတွဲတန်းလျား ၉၈၉ လုံးဆောက်လုပ်ဖို့ဆိုပြီးတော့မှ နိုင်ငံတော်က ၄ ဒသမ ၉ ဘီလီယံထုတ်ပေးခဲ့ပါတယ်။ သုံးစွဲမှုအနေနဲ့ ကျွန်တော်တို့ ယနေ့ လက်ရှိအထိ ၂ ဒသမ ၉ ဘီလီယံထုတ်ပေးထားသော်လည်း လက်ကျန် ၂ ဒသမ ၀၄၅ ဘီလီယံကျန်ရှိပြီးတော့မှ တဲတန်းလျား ၉၈၉ လုံး ကျွန်တော်တို့ဆောက်လုပ်လျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ နေအိမ်နဲ့ တဲတန်းလျားများ အမိုးအကာအောက်ရောက်ဖို့ ကျွန်တော်တို့အဓိကကတော့ ဆောက်လုပ်မှုနဲ့ပတ်သက်လို့ ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီးဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့က ကြပ်မတ်ပြီးတော့မှ လိုအပ်သည်များ ဆောင်ရွက်ပေးတာရှိပါတယ်။ သီးသန့်ရန်ပုံငွေမှ နေအိမ် ၁၀၂ လုံး၊ တဲတန်းလျား ၉၈၉ လုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာနက နေအိမ် ၇၅၈ လုံး၊ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဆောက်လုပ်တဲ့ တဲတန်းလျား ၄၅၄ လုံး၊ နိုင်ငံတကာအကူအညီနဲ့ဆောင်ရွက်ပေးတာက နေအိမ်ပေါင်း ၁၈၂ လုံး၊ တဲတန်းလျား ၉၃၇ လုံး စုစုပေါင်း နေအိမ် ၁၂၄၂လုံးနဲ့ တဲတန်းလျား ၂၃၈၀ ကို ကျွန်တော်တို့ ရည်မှန်းချက်သတ်မှတ်ပြီးတော့မှ တည်ဆောက်ပေးလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ နိုင်ငံတကာက ထည့်ဝင်ထားတဲ့ ငွေပေါင်းကို ပြန်ကြည့်မယ်ဆိုရင် ကုလသမဂ္ဂဗဟိုအရေးပေါ် ထောက်ပံ့ရေးရန်ပုံငွေမှ ထည့်ဝင်ငွေက ဒေါ်လာ ၁၅ ဒသမ ၁၁ သန်းရှိပါတယ်။ နောက် ကုလသမဂ္ဂအဖွဲ့က ထည့်ဝင်ငွေက ၁၃ ဒသမ ၉ သန်းရှိပါတယ်။ အမေရိကန်က ၉ ဒသမ ၇ သန်းဖြစ်ပါတယ်။ ယူကေမှ ၆ ဒသမ ၁၈ သန်းဖြစ်ပါ တယ်။ ဩစတြေးလျနိုင်ငံမှ ၅ ဒသမ ၈၉ သန်းဖြစ်ပါတယ်။ ဆွီဒင်နိုင်ငံမှ ၅ ဒသမ ၃ သန်းဖြစ်ပါတယ်။ ဆွစ်ဇာလန်မှ ၄ ဒသမ ၀၆ သန်းဖြစ်ပါတယ်။ နောက်တစ်ခါ ဂျာမနီမှ ၃ ဒသမ ၅ သန်းဖြစ်ပါတယ်။ ယူအေအီးမှ ၄ ဒသမ ၄ သန်းဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများ ပုံမှန်ရန်ပုံငွေက နေပြီးတော့မှ ၉ ဒသမ ၀၅ သိန်း၊ လူသားချင်းစာနာမှု အကူအညီရန်ပုံငွေ မှ ၅ ဒသမ ၂၅ သိန်း၊ လူဇင်ဘတ်နိုင်ငံမှ ၄ ဒသမ ၁၅ သိန်း၊ နယူးဇီလန်မှ ၄ ဒသမ ၁ သိန်း၊ နော်ဝေမှ ၃ ဒသမ ၃ သိန်း၊ ပြင်သစ်က ၂ ဒသမ ၈၇ သိန်း၊ အခြားအကူအညီရရှိမှု ၄ ဒသမ ၃ သိန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ယနေ့လက်ရှိအထိ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၇၆ သန်းလက်ခံရရှိပြီးတော့မှ စနစ်တကျ ပြည်နယ်အစိုးရ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်သုံးစွဲလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ခုက ရခိုင်ပြည်နယ်မှာ လစဉ်စားနပ်ရိက္ခာထောက်ပံ့မှုအနေဖြင့် ပြန်ကြည့်မယ်ဆိုရင် ဆန်လစဉ် ၁၀၁၀ တန်ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်လာတစ်သိန်းကျော်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း

ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပဲ ၁၂၃ တန်၊ ဆီ ၆၁ တန်၊ ဆား ၁၁ တန်၊ အာဟာရမှုန့် ၃၄တန်၊ လစဉ် လစဉ်မှာ မက်ထရစ်တန်ပေါင်း ၁၂၃၉ တန်လောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရင်းနဲ့ နှစ်ဖက်အဖွဲ့အစည်းများ အားလုံးဟာ ခုနကျွန်တော်တို့ ကနဦးတင်ပြတဲ့အတိုင်း အားလုံးကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီးတော့မှ အေးအေးဆေးဆေးနဲ့ အမိုးအကာအောက် ရောက်ရှိပြီးတော့မှ ဖြစ်တည်နိုင်ရေးအတွက်ကို ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်

ကျွန်တော်တို့ ဘာသာပေါင်းစုံအနေနဲ့ ဝန်ကြီးချုပ်ကြီးကလည်း တော်တော်လေးကို ရန်ကုန်မှာလည်း နှစ်ပေါင်းများစွာဆိုတော့ ကျွန်တော်တို့လည်း စနစ်တကျထိန်းကျောင်းနိုင်တဲ့ သဘောရှိပါတယ်။ ဒါကျွန်တော်တို့ အမြင်ဖြစ်ပါတယ်။ နောက်ပိုင်းကတော့ ကျွန်တော်တို့အနေနဲ့ ခုနကဝန်ကြီးများ အမိန့်ရှိသလိုပေါ့။ ဆက်ဖွဲ့သွားဖို့ဆိုတာလည်း အရင်တစ်ခါလည်း ကျွန်တော်ပြောထားပြီးပါပြီ။ ရန်ကုန်မြို့မှာတော့ ပြီးသွားပါပြီ။ တိုင်းဒေသကြီးလည်း ဖွဲ့ပြီးပြီ။မြို့နယ်တွေကို Hot ဖြစ်မယ့်နေရာတွေကို ဖွဲ့ဖို့ကို ဝန်ကြီးချုပ်ဆီကို မေတ္တာရပ်ခံပြီးတော့မှ လုပ်ထားပြီးပါပြီ။ နောက် မန္တလေးတိုင်းဒေသကြီးမှာလည်း ဝန်ကြီးချုပ် ဦးရဲမြင့်ဆီသွားပြီးတော့ လုပ်ထားပြီးပါပြီ။ မန္တလေးမှာ ယာယီဖွဲ့ပြီးပါပြီ။ မိတ္ထီလာမှာလည်းဖွဲ့ပြီးပြီ။ နောက်လည်းပဲ ထပ်ဖွဲ့ဖို့ရှိပါတယ်။

နောက် ပဲခူးတိုင်းဒေသကြီးမှာလည်း ဝန်ကြီးချုပ် ဦးညဏ်ဝင်းထံသွားပြီးတော့မှ အမိန့်နာခံပြီး လမ်းညွှန်ချက်ရပြီးတဲ့အခါ ဖွဲ့ဖို့လုပ်နေပါပြီ။ နောက်ခုနကပြောသလိုပဲ ရှမ်းပြည်နယ်သွားဖို့ ဧရာဝတီတိုင်းဒေသကြီး ရခိုင်တို့၊ မော်လမြိုင်တို့အရေးကြီး တဲ့နေရာလေးတွေကို သွားပြီးတော့ဖွဲ့နေပါတယ်။ ဒါကြောင့်မို့လို့ အိုအိုင်စီက ဒီကုလသမဂ္ဂကိုရောက်မယ့် ကိစ္စကိုတော့ အခုကမိတ်ဆွေနိုင်ငံတွေ အများကြီးရှိလာပြီ။ ဟိုတုန်းကလို မဟုတ်တော့ပါဘူး။ သို့သော်လည်းပဲ ကာကွယ်တားဆီးရေးလုပ်ဖို့တော့ အများကြီးလိုပါသေးတယ်။ တစ်ချိန်ကတော့ ဆရာကြီး ဦးချယ်နဲ့ အမေပုပေါ့ လေ၊ ဒေါ်ပုပေါ့။

သွားပြီးတော့ ဒီလိုကိစ္စမျိုးတွေ လုပ်ပေးခဲ့ရတာမျိုးတွေရှိပါတယ်။ တကယ်လည်း ကျွန်တော်တို့ သွားဖို့ လိုလို့ရှိရင်လည်း ဘာသာပေါင်းစုံအနေနဲ့ပေါ့လေ။ အကယ်၍များ လိုလို့ရှိရင် ဘာသာပေါင်းစုံအနေနဲ့ ဒီကိစ္စတွေကိုရှင်းပြမယ်ဆိုလို့ရှိရင် ဒီလူမျိုးစုနှစ်ခုက သိပ်ပြီးတော့ ပြင်းထန်တဲ့ စိတ်ဓာတ်တွေရှိနေတယ်ဆိုလို့ရှိရင် ဘယ်လိုမှ လုပ်လို့မရဘူး။ ရခိုင်ဗုဒ္ဓဘာသာဘက်ကရော ဟိုဘက်က ဘင်္ဂါလီပဲခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်ပေါ့လေ၊ သူတို့ကိုတော့ပေါ့ ကျွန်တော်တို့ သဘောပေါက်နားလည်အောင် သွားပြီးတော့ Third Party ဝင်လာလည်း ကောင်းပါတယ်။ ကျွန်တော်တို့ ဒီလိုလုပ်နေပါတယ်။ အခြေအနေ သမ္မတကြီးနဲ့တကွ ဝန်ကြီးတွေ ရှင်းပြတဲ့ကိစ္စကို ကျွန်တော်တို့ မသိတာတွေ အများကြီးရှိပါတယ်။ တော်တော်လေးလည်း ကျွန်တော်တို့ သိလာပါတယ်။ ကျွန်တော်တို့က ဒီအပြင်လူပြန်ပြီးတော့ ပြောပြလို့ ရလာပါတယ်။ အဲဒါမျိုးကို သူတို့သိသွားမယ်ဆိုရင် နိုင်ငံတော်က ဘယ်လိုပဲ ကျကျနနလုပ်ပေးနေပါတယ်။ လျစ်လျူရှုထားတာမဟုတ်ပါဘူး။ ဘာသာရေးမှာ ဒီဥစ္စာလေးတွေသိသွားမယ်ဆိုလို့ရှိရင် Organization တစ်ခုအနေနဲ့ပေါ့။ ကျွန်တော်တို့ ကိုယ့်ဘတ်ဂျက်ကလည်း သုံးသလို ပြည်ပကလည်း အများကြီးဝင်လာပါလိမ့်မယ်။ ဝင်လာမှပဲ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် လုပ်ပေးနိုင်မယ်လို့ ထင်ပါတယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်

ငြိမ်းချမ်းစွာ ဆောင်ရွက်ရမယ့်ကိစ္စလေးတွေ လိုက်နာမှတ်သားရတဲ့အတွက် အင်မတန်မှ ပညာတွေရပါတယ်။ ဒီအပေါ်မှာအခြေခံပြီးတော့ ဝန်ကြီးများ ဆွေးနွေးသွားတဲ့ ဟာတွေကိုလည်း ကျွန်တော်တို့ မှတ်သားရပါတယ်။ အဲဒီမှာ ကျွန်တော်နှစ်ပိုင်းမှတ်လိုက်ပါတယ်။ တစ်ပိုင်းကတော့ International မှာဖြစ်တဲ့ကိစ္စကို ဘယ်လိုတားဆီး ကာကွယ်ရမလဲဆိုပြီးတော့ နိုင်ငံခြားရေးဝန်ကြီးပြောသွားတဲ့ ကိစ္စက လတ်တလောဖြေရှင်းရမယ့်ကိစ္စ ဖြစ်ပါတယ်။ ယုံကြည်မှု၊ တစ်ဖက်ကနေပြီးတော့ စွပ်စွဲမှုကို ပျက်ပြားသွားအောင် လုပ်ကြရမယ့် တာဝန်ဖြစ်ပါတယ်။ **အဲဒီတာဝန်မှာ ဘာလာတွေ့သလဲဆိုတော့ သိပ်ပြီးတော့ အခက်အခဲမရှိဘူးလို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ဒီနေ့ အစ္စလာမ်တွေကို ဖိနှိပ်ချုပ်ချယ်ကြတယ်လို့ ပြောနေတဲ့ဟာကိုပျက်ပြယ်သွားအောင်လုပ်ရမယ့် ကိစ္စတော်တော်များ ပြေလည်သွားပါမယ်။**

နောက်တစ်ခုကတော့ လှည့်လည်ပြီးတော့ ဟောပြောစည်းရုံးမှုကိစ္စတွေ လုပ်နေပါတယ်။ ဘာသာ**အချင်းချင်း လုပ်သလို လူအားလုံးကို ဒီနိုင်ငံအတွင်းမှာရှိနေတဲ့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူနဲ့ အစ္စလာမ်တွေရဲ့**အခြေအနေတွေကို အခုတော့ဘာသာရေးဆိုင်ရာ ဟောပြောမှုလုပ်နေပါတယ်။ အခုတော့ နိုင်ငံတကာအခြေအနေနဲ့ ဖိစီးလာတဲ့ အခြေအနေမှာ ဆက်ပြီးဟောပါမယ်၊ ပြောပါမယ်။ ပြီးတော့ ဒီလို Pressure တွေကို လျော့အောင်ပြည်သူလူထုအနေနဲ့ ဘယ်လိုပါဝင်ဆောင်ရွက်ကြပါဆိုပြီးတော့လည်း ဆက်လက်ပြီးတော့ လုပ်ဆောင်ပါမယ်။

အမျိုးမတူတဲ့ ဘာသာခြားတွေ အတူတကွယှဉ်တွဲနေထိုင်ဖို့ ရေရှည်လုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ **သမိုင်းကနေလက်ခံရတဲ့အမွေကို ဒီကနေ့ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ အားလုံးလည်း သိပြီးဖြစ်တဲ့အတွက် သမိုင်းကိုတော့ ကျွန်တော်မရှင်းတော့ပါဘူး။ ဘင်္ဂါလီဖြစ်တယ်တို့၊ ရိုဟင်ဂျာဖြစ်တယ်တို့ ဒီကိစ္စတွေကတော့ သမိုင်းဆိုင်ရာပညာရှင်တွေရဲ့ ရှာဖွေဖော်ထုတ်ပြီးတော့ ဆုံးဖြတ်ပေးရမယ့်ကိစ္စဖြစ်ပါတယ်။** ကျွန်တော်တို့ကတော့ ဒီပုဂ္ဂိုလ်တွေကို ဒီထဲမှာငြိမ်းချမ်းစွာအတူနေထိုင်နိုင်ဖို့နဲ့ တရားသဖြင့် နေထိုင်နိုင်ဖို့ကို စဉ်းစားတဲ့အပိုင်းကို ဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ

ဒီအစည်းအဝေးကို မလာရောက်ခင်မှာပဲ ကျွန်တော်တို့ကော်မရှင်မှာပေါ့နော် အရေးပေါ်အစည်းအဝေးတစ်ခုကိုလုပ်လိုက်ပါတယ်။ ၁၂ နာရီလောက်မှာ။ အဲဒီမှာ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းတဲ့အပိုင်းတစ်ခုက ဒါနဲ့ပတ်သက်ပြီး နိုင်ငံတကာရဲ့ဖိအားက တော်တော်လေးပြင်းထန်နေတဲ့အတွက် ဒါကိုတုံ့ပြန်ဖို့ဆိုရင် နိုင်ငံတကာမှာရှိတဲ့ သက်ဆိုင်တဲ့နိုင်ငံတွေကိုသွားပြီး စည်းရုံးလှုပ်ရှားဖို့ဆိုတာကို ကျွန်တော်တို့ ညှိနှိုင်းလာပါတယ်။ **ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တတ်သမျှ၊ မှတ်သမျှ၊ ဖတ်ထားသမျှပေါ့ ပြောတယ်။ အဓိကက ဘာအခြေခံပြောသလဲဆိုရင် နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့တဲ့ကိစ္စကိုပဲ ကျွန်တော်က အဓိကထားပြီး ပြောပါတယ်။ ဘာလဲဆိုတဲ့အခါမှာ ရိုဟင်ဂျာဟာ ကျွန်တေတို့တိုင်းရင်းသားထဲမှာ မပါဘူးဆိုတာဖြစ်ပါတယ်။**

နောက်ပြီးတော့ ဒီမှာရှိတဲ့လူတွေကိုလည်း ကျွန်တော်တို့ရဲ့ **1982 Citizenship Act နဲ့အညီ ဆောင်ရွက်မယ်။ ဒါကိုလည်း ဝန်ကြီး ကိုယ်တိုင်လည်း မကြာခဏ**ပြောခဲ့တဲ့ကိစ္စပါ။ ကျွန်တော်တို့ အဲဒီ့မှာ သွားပြီးတော့ သူတို့စာရင်းကောက်တဲ့ကိစ္စမှာ သူတို့က ငြင်းဆန်နေတာကို တွေ့ရတယ်။ ကျွန်တော့်ရဲ့ အမြင်မှာတော့ သူတို့ကသိရက်နဲ့ တမင်တကာကို ငြင်းနေတယ်လို့ပဲ ကျွန်တော်မြင်တယ်။

ဘာကြောင့်လဲဆိုတော့ ဝန်ကြီးတင်ပြသွားတဲ့အခါမှာ အားလုံး Third Party အနေနဲ့ ဝင်လုပ်ပေးဖို့ဆိုပြီး ချဉ်းကပ်တယ်ဆိုတာက ကုန်သလောက်ပဲ၊ သံရုံးတွေပါတယ်၊ UN အဖွဲ့အစည်းတွေပါတယ်၊ သူတို့က ငြင်းတယ်ဆိုတာ ဘာကြောင့်မို့လို့ ငြင်းတာလဲ။ သူတို့ကနေပြီးတော့ ဒီကိစ္စမှာ အထင်မှားခံရမှာကို ကြောက်လို့လား။ ဒါမှမို့လို့ရှိရင် မူဆလင်ရဲ့ **Pressure** ကို ကြောက်နေလို့လား မေးစရာရှိပါတယ်။

အရေးအကြီးဆုံးအချက်လို့ ကျွန်တော်မြင်တာတစ်ခုက **Special Education Program တစ်ခုကို ဘူးသီးတောင်၊ မောင်တောဆိုတဲ့ နေရာမျိုးမှာ လုပ်ပေးဖို့ဆိုပြီး** တင်ပြခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အခုဒီမှာ ပညာရေးရဲ့ အရေးကြီးမှုကိုလည်း ဆွေးနွေးသွားတာကြားရတဲ့အတွက် အထူးဝမ်းသာပါတယ်။ ကျွန်တော်တို့တင်ပြတဲ့အချက်က တစ်ဖက်မှာတော့ မြန်မာနိုင်ငံမှာနေနေတယ်၊ တစ်ဖက်မှာတော့ အာရဗီစာကို သင်နေတယ်။ ဘယ်လိုမှ ပေါင်းစပ်လို့ရမလား။ ပြောသာပြောနေတာ၊ အတူတူလုပ်ကြမယ်လို့သာ ပြောနေတာ၊ ဘယ်လိုမှ ပေါင်းစပ်လို့ မရဘူး။

တစ်ဖက်က သူတို့ကိုမြန်မာ စကားသင်တာ၊ မြန်မာစာသင်တာကို လက်မခံတဲ့အနေအထားမှာ ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ဒါလေးကိုအကြံပြုလိုက်တယ်၊ ဒီပညာရေးသင်ကြားရေး အစီအစဉ်တစ်ခုကို လုပ်ဖို့လိုတယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နေထိုင်မယ်ဆိုလို့ရှိရင် ဘာပဲဖြစ်နေဖြစ်နေ၊ ဘယ်ဘာသာပဲဖြစ်နေဖြစ်နေ Religious Equality ကို ကျွန်တော်တို့လက်ခံတယ်။

စာမျက်နှာ ၇ ကော်လံ ၅ သို့

ဆေးပညာသတင်းဆန်းများ(၄၄)

ဒေါက်တာကံညွန့်

ကမ္ဘာတစ်လွှား ကူးစက်တတ်တဲ့ ရောဂါအသစ်အဆန်းတွေ ပေါ်လာရင် WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ရောဂါဖြစ်စေတဲ့ ပိုးမွှားတွေကို ဂရုတစိုက်တိတိကျကျလေ့လာပြီး စောင့်ကြည့်ခဲ့ကြပါတယ်။ ဒီရောဂါပိုးတွေ ဘယ်လိုကူးစက်နိုင်သလဲ၊ ဘယ်လိုကာကွယ်ရမလဲ၊ ဘာနဲ့ကုသရမလဲဆိုတာ လေ့လာချက်တွေကိုလည်း သက်ဆိုင်ရာဌာနတွေမှာ တစ်ပါတည်း စမ်းသပ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခင်နှစ်တွေက အသစ်ပေါ်လာတဲ့ H_5N_1 ခေါ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါ SARS ခေါ်တဲ့ အသက်ရှူလမ်းကြောင်းရောဂါတွေကို ရောဂါပျံ့ပွားမှုမရှိအောင် ထိန်းသိမ်းထားနိုင်ခဲ့ကြတာပါ။ အခုလည်း ၂၀၁၂ ခုနှစ် ဧပြီလမှာ စပေါ်ခဲ့တဲ့ Corona Virus Infection ခေါ်တဲ့ အသက်ရှူလမ်းကြောင်းရောဂါတစ်မျိုးကို စောင့်ကြည့်ခဲ့ကြပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဒီရောဂါမျိုး တွေ့ရသူနှစ်ဦး ဗြိတိန်နိုင်ငံမှာတွေ့ရပြီး သူတို့နှစ်ဦးစလုံးဟာ နီးစပ်သူတွေဖြစ်ပြီး နိုင်ငံရပ်ခြားကို သွားလာခဲ့ခြင်း မရှိသူတွေဖြစ်ကြပါတယ်။ သူတို့နှစ်ဦးကို လေ့လာချက်အရ ဒီရောဂါပိုးဟာ လူတစ်ဦးမှ တစ်ဦးကို ကူးစက်နိုင်တာဖြစ်ပေမယ့် ကိုယ်ခံအားနည်းတဲ့ ရောဂါအခြေခံတစ်ခုခုရှိတဲ့ လူတွေမှာ ပိုးကူးနိုင်တာဖြစ်မယ်လို့ မှတ်ချက်ပြုကြပါတယ်။ ဒီရောဂါပိုးစတွေ့ရတဲ့ ၂၀၁၂ ခုနှစ် ဧပြီလမှ ယခု ၂၀၁၃ ခုနှစ် မတ်လအထိ ရောဂါဖြစ်သူ ၁၁ ဦးတွေ့ရပြီး ငါးဦးသေဆုံးခဲ့ပြီဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုလည်း တရုတ်နိုင်ငံတောင်ပိုင်းမှာ ယခုနှစ်မတ်လက စတင်ဖြစ်ပေါ်ခဲ့တဲ့ H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါဟာ ၃၀-၄-၂၀၁၃ ရက်နေ့အထိ လူပေါင်း ၁၁၀ ခံစားခဲ့ရပြီး ၂၃ ဦး သေဆုံးခဲ့ပြီဖြစ်ပါတယ်။ ဒီရောဂါဟာ ကြက်ငှက်အချင်းချင်း ကူးစက်မှုနည်းပါးပြီး ကြက်ငှက်ကလူကိုကူးစက်တဲ့ ရောဂါဖြစ်ပါတယ်။ ဒါပေမယ့် ယခုအခါ လူလူချင်းပါ ကူးစက်နိုင်တဲ့ လက္ခဏာမတွေ့သေးပေမယ့် အထူးစိုးရိမ်ရတဲ့ ရောဂါတစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထူးသတိထားစောင့်ကြည့်နေရကြောင်း တင်ပြလိုက်ရပါတယ်။

ကလေးငယ်များကျန်းမာဖို့ ဝန်းကျင်သန့်ရေး ဂရုပြုစို့

ယခုဖော်ပြလိုက်တဲ့ သတင်းတစ်ပုဒ်က Environmental Health ပတ်ဝန်းကျင်သန့်ရှင်းစင်ကြယ်ခြင်းဟာ လူသားတွေကျန်းမာရေးအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံထုတ် Journal of Environmental Health Perspectives မှာ ဖော်ပြထားတာပါ။ ဒီလေ့လာချက်ဟာ မြောက်အမေရိက၊ ဥရောပ၊ အာရှနဲ့ဩစတြေးလျက နိုင်ငံပေါင်းကိုးနိုင်ငံရဲ့ နေရာ ၁၄ နေရာက မွေးထားတဲ့ ကလေးသုံးသန်းကျော်ကို ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၀၀ ပြည့်နှစ်အတွင်း လေ့လာထားတာဖြစ်ပါတယ်။ ၎င်းတို့လေ့လာချက်အရ လေထုညစ်ညမ်းမှုများလေ အဲဒီအရပ်မှာ မွေးဖွားတဲ့ ကလေးတွေရဲ့ ကိုယ် အလေးချိန် နည်းလေဖြစ်ပြီး မမွေးဖွားခင် သေဆုံးနှုန်း၊ မွေးဖွားပြီး သေဆုံးနှုန်း၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် တခြားနာတာရှည်ရောဂါ ဖြစ်ပွားမှုကို များလေလေဖြစ်တယ်လို့ ထောက်ပြထားပါတယ်။ ဒါဟာ ၂၀၀၇ ခုနှစ်က International Collaboration on Air Pollution and Pregrnancy Outcome က လေ့လာထားတဲ့ အချက်နဲ့လည်း တူညီတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းက အစိုးရတွေဟာ မိမိတိုင်းပြည်မှာ မွေးဖွားလာတဲ့ ကလေးငယ်တွေ ကျန်းမာသန်စွမ်းဖို့ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်သင့်တယ်လို့ ဒီလေ့လာမှုကြီးကို ဦးဆောင်ခဲ့သူ ကယ်လီဖိုးနီးယားတက္ကသိုလ်က သားဖွားပါမောက္ခTracey J Woodruffနှင့် အမေရိကန်နိုင်ငံ Centre of Disease Control and Prevention မှ အကြီးအကဲ ဒေါက်တာ Jennifer Parker ရဲ့ ပြောကြားချက်ကို တင်ပြလိုက်ရပါတယ်။

ဖန်ပြွန်အမွှာသန္ဓေသား အန္တရာယ်ဖြစ်နိုင်ခြေပိုများ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဖန်ပြွန်သန္ဓေသားမွေးဖွားမှုအကြောင်းပါ။ IVF In Vitro Fertilization ခေါ်တဲ့ ဖန်ပြွန်သန္ဓေနည်းနဲ့ မွေးဖွားတဲ့အမွှာ (Twin) မွေးဖွားမှုဟာ ဖန်ပြွန်သန္ဓေနဲ့ တစ်ဦးတည်းမွေးဖွားတာထက် အန္တရာယ်ပိုများတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒါကိုတော့ ဆွီဒင်နိုင်ငံ သုတေသီတစ်စုရဲ့လေ့လာထားချက်ကို အမေရိကန်ထုတ် Journal of Fertility and Sterility မှာ လေ့လာထားချက်ပါ။ သူတို့ဟာ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း IVF နည်းနဲ့မွေးဖွားခဲ့တဲ့ အမွှာ ၉၉၁ တွဲနှင့် IVF နည်းနဲ့ မွေးဖွားခဲ့တဲ့ ၉၁၂ဦးတို့ကို လေ့လာပြီး တင်ပြခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ တွေ့ရှိချက်အရ အမွှာကလေးတွေမှာ ၄၇ ရာခိုင်နှုန်းဟာ လမစေ့ဘဲ Premature Babyအဖြစ် မွေးဖွားခဲ့ပြီး သူတို့ရဲ့ ၃၉ ရာခိုင်နှုန်းဟာလည်း ပေါင်ချိန်မပြည့်မီတဲ့ကလေးတွေ ဖြစ်ကြတယ်လို့သိရပါတယ်။ တစ်ချိန်တည်း တစ်ဦးချင်းမွေးခဲ့တဲ့ ကလေးတွေမှာတော့ လမစေ့ဘဲမွေးသူ ၇ ရာခိုင်နှုန်းနဲ့ ပေါင်ချိန်မပြည့်သူ ၅ ရာခိုင်နှုန်းခန့်သာရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် အမွှာမွေးတဲ့ကလေးတွေမှာ အသက်ရှူလမ်းကြောင်းပြဿနာ၊ ရောဂါပိုးဝင်လွယ်တဲ့ပြဿနာနဲ့ အသားဝါရောဂါတွေဖြစ်ပွားမှု ပိုများတယ်လို့ဆိုပါတယ်။ ကယ်လီဖိုးနီးယားက ဝါရင့်သန္ဓေပညာရှင် Dr.Westphalကတော့ IVF နည်းနဲ့ မွေးဖွားခဲ့ကြတဲ့ မိခင်လောင်းတွေဟာအများအားဖြင့် အသက် ၄၀ ကျော်အရွယ်တွေဖြစ်တဲ့အတွက် တစ်ကြိမ်တည်းမှာ နှစ်ယောက်(Twins) မွေးဖွားတာကို ပိုနှစ်သက်ကြတယ်လို့ ပြောကြားလိုက်တာကို တင်ပြလိုက်ရပါတယ်။

ဆေးလိပ်နဲ့အရက်ကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်လေဖြတ်နိုင်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လေဖြတ်ရောဂါအကြောင်းပါ။ လေဖြတ်ရောဂါဟာ အများအားဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူ သက်ကြီးရွယ်အိုတွေမှာ အဖြစ်များကြတာပါ။ ဒါပေမယ့် အရက်စွဲသူ၊ ဆေးစွဲသူ လူငယ်တွေဟာ အသက်ငယ်ငယ်နဲ့ လေဖြတ်ရောဂါကို ခံရနိုင်တယ်ဆိုတဲ့ အမေရိကန်နိုင်ငံက လေ့လာချက်တစ်ခုဖြစ်ပါတယ်။ အမေရိကန်ဟာ တစ်နှစ်မှာ လူပေါင်း ရှစ်သိန်းခန့် လေဖြတ်ရောဂါခံစားနေရပြီး ဒီအထဲက ၅ ရာခိုင်နှုန်းဟာ အသက် ၁၈နှစ်ကနေ ၄၄ နှစ်အတွင်း ဖြစ်တယ်လို့ ဆိုထားပါတယ်။ အများအားဖြင့် ဆေးလိပ်၊ အရက်၊ Cocaine နှင့် Methamephetamine ဆေးသုံးစွဲနေသူတွေမှာ ပိုအဖြစ်များတယ်လို့ ဆိုပါတယ်။ အသက်ငယ်ငယ်နဲ့ လေဖြတ်သူတွေဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်ဖြစ်ကြတဲ့ လေဖြတ်ရတဲ့ အကြောင်းရင်းတွေဖြစ်တဲ့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတွေကြောင့်မဟုတ်ဘဲ ဒီလိုဆေးတစ်ခုခုစွဲနေတဲ့ ပြဿနာတွေနဲ့ ပူးတွဲဖြစ်ပေါ်တာကို တွေ့ရတယ်လို့ ဒီအကြောင်း လေ့လာထားတာကို ဖော်ပြထားတဲ့ အမေရိကန်နိုင်ငံထုတ် Stroke ဂျာနယ်မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

ကိုယ်အလေးချိန်ကျလိုက ပရိုတိန်းပိုစားပါ

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်အလေးချိန်ကျလိုသူတွေဟာ Protein ကို စားနေကျထက် ပိုစားသင့်ကြောင်း လေ့လာထားချက်တစ်ခုကိုလည်း တင်ပြလိုပါတယ်။ ယခင်က Protein ကို လျှော့ပြီး ကာဗိုဟိုက်ဒရိတ်ကို ပိုစားပေးရင် Weight ပိုကျနိုင်မယ်လို့ ထင်ခဲ့ကြပေမယ့် အခုလေ့လာတွေ့ရှိချက်အရ ပရိုတိန်းများများစားပြီး Carbohydrate နည်းနည်းစားသူတွေက Weight ပိုကျနိုင်ကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ Australlia နိုင်ငံ Royal Adelaide မြို့က သုတေသနပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ယခင်စမ်းသပ်ခဲ့တဲ့ လူ ၁၀၆၃ ဦးပါတဲ့ စမ်းသပ်မှုပေါင်း ၂၄ ခုကို အခြေခံခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်တဲ့လူတွေရဲ့ တစ်ဝက်ကို တစ်နေ့ protein 85 Gram ကျွေးပြီး ကျန်တဲ့တစ်ဝက်ကိုတော့ 48 Gram သာကျွေးပြီး သုံးလကြာစမ်းကြည့်တဲ့အခါ Protein များများကျွေးတဲ့အုပ်စုမှာ ကိုယ်အလေးချိန် ၂ ဒသမ ၄ ကနေ ၂၅ ဒသမ ၁ ပေါင်ထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီသတင်းကို American Journal of Clinical Nutrition မှာ ဖော်ပြထားတာပါ။ ဒါကြောင့် ကိုယ်အလေးချိန်လျှော့ပြီး ကျန်းမာလိုသူတွေဟာ အသားဓာတ်ကို များများစားပြီး ကာဟိုဟိုက်ဒရိတ်အဆီဓာတ်ကို သင့်တော်ရုံသာ စားသောက်သင့်ကြောင်း အကြံပြုထားချက်ကို တင်ပြလိုက်ရပါတယ်။

မိခင်ဝမ်းထဲက ကလေးတွေရဲ့ ရုပ်ပုံလွှာ

သိပ္ပံပညာတိုးတက်လာတာဟာ ဆေးပညာစမ်းသပ်ရာမှာရော ကုသရာမှာပါ အထောက်အကူပြုနေတယ်ဆိုတာ တင်ပြပြီးခဲ့ပြီ။ ယခုအခါ 3D+4D တယ်လီဗေးရှင်းကင်မရာတွေနဲ့ မိခင်ဗိုက်တွင်းမှာရှိနေတဲ့ သန္ဓေသားရဲ့ပုံရိပ်ကို ရိုက်ကူးပြီး ယင်းသန္ဓေသားရဲ့ ကျန်းမာရေးအခြေအနေကို ခန့်မှန်းဖို့ ဗြိတိန်နိုင်ငံက ဆေးပညာရှင်တွေ ကြိုးစားတာအောင်မြင်ခဲ့ကြပါပြီ။ ဒီအကြောင်းကိုတော့ ဗြိတိန်နိုင်ငံထုတ် PLOS ONE ဂျာနယ်မှာ ဖော်ပြခဲ့တာပါ။ သူတို့ဟာ သက်တမ်း ၂၄ပတ်ကနေ ၃၆ ပတ်သာရှိနေသေးတဲ့ သန္ဓေသားမိန်းကလေးရှစ်ယောက်နဲ့ ယောကျ်ားလေး ခုနစ်ယောက်ကို လေ့လာခဲ့ကြတာပါ။ အားလုံးရဲ့ ပုံရိပ်တွေထဲမှာ ကလေးတွေ ဗိုက်ထဲမှာ ကြာကြာပါးစပ်ဟထားတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ တစ်ခုခုကို မျိုချဖို့ ကြိုးစားတာလား၊ ကျို့ထိုးတာလား၊ သမ်းတာလား၊ ခန္ဓာကိုယ်ကို ဆွဲဆန့်ဖို့ ကြိုးစားတာလားဆိုတာ မသိနိုင်ပေမယ့် ကလေးတွေဟာ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အိပ်စက်နေရတာကြောင့် သမ်းဝေကြတာပဲ ဖြစ်နိုင်တယ်လို့ ဒီလေ့လာမှုမှာ ဦးဆောင်ပါဝင်ခဲ့သူ Durham University စိတ်ဆေးပညာဌာနမှ Dr.Nadjia Reissland က ပြောကြားလိုက်ပါတယ်။ ဒီအခြေအနေတွေဟာ ကလေးရဲ့မွေးဖွားပြီးဖြစ်လာမယ့် ကျန်းမာရေးအခြေအနေတွေကိုလည်း ခန့်မှန်းဖို့ ဖြစ်လာနိုင်မယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

မျက်စိအတွက်ဆေး တီဘီပိုးကိုလည်းနိုင်

ဆေးပညာသတင်းများဖော်ပြရာတွင် ဆေးပညာရှင်တွေရဲ့ လေ့လာချက်တွေထဲမှာ ရောဂါတစ်ခုမှာသုံးတဲ့ ဆေးဝါးတချို့ဟာ တခြားရောဂါတစ်ခုမှာလည်း အသုံးပြုနိုင်တာတွေကို ဖော်ပြခဲ့ပါတယ်။ ယခုလည်း ဝမ်းသာစရာသတင်းတစ်ခုကို ဖော်ပြချင်ပါတယ်။ ဒါကတော့ မျက်စိကွယ်စေတတ်တဲ့ ရောဂါတစ်မျိုးဖြစ်တဲ့ River Blindness (Enchocerserasis) ခေါ်တဲ့ ရောဂါမှာအသုံးပြုတဲ့ AVERMCTIN ဆိုတဲ့ဆေးဟာ တီဘီရောဂါပိုးကိုလည်း သေစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကိုတော့ ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့မှ ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပြီး University of British Columbia တက္ကသိုလ်က ထုတ်ဝေတဲ့ Anti Microbial and Chemotherapy ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဝမ်းသာစရာကတော့ သူတို့ဟာ ဒီဆေးကို ဓာတ်ခွဲခန်းမှာ စမ်းသပ်ကြည့်လိုက်တဲ့အခါ သာမန်တီဘီပိုးတွေသာမဟုတ်ဘဲ Multiple Drug Resistant ဖြစ်နေတဲ့ တီဘီပိုးတွေကိုပါ သေစေနိုင်တာကိုတွေ့ရလို့ပဲလို့ ဂျာနယ်ထဲက ဆောင်းပါးကို ရေးသားသူ Santiago Ramon Garcia က ပြောကြားလိုက်ပါတယ်။ ရောဂါရှင်တွေနဲ့ သုတေသနပြုမှုတွေ ထပ်မံပြုလုပ်ရဦးမှာ ဖြစ်ပေမယ့် ဆေးမတိုးအောင်ဖြစ်နေတဲ့ တီဘီဝေဒနာရှင်တွေအတွက်တော့ ဝမ်းသာစရာတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

တိုက်တေနီယမ်နဲ့ ဖာထေးထားတဲ့ မာလာလာရဲ့ဦးခေါင်းခွံ

ပါကစ္စတန်က အသက် ၁၆ နှစ်သာရှိသေးတဲ့ အထက်တန်းကျောင်းသူ မာလာလာကိုတော့ အတော်များများသိကြလိမ့်မယ် ထင်ပါတယ်။ သူဟာ အသက် ၁၂ နှစ်အရွယ်ကပဲ အမျိုးသမီးတွေ စာသင်ခွင့်မရခြင်းအပါအဝင် အမျိုးသမီးတွေ ဆုံးရှုံးနေရတဲ့ လူ့အခွင့်အရေးတွေကို မှတ်တမ်းပြုစုပြီး ကမ္ဘာပေါ်က လူအများသိနိုင်အောင် တင်ပြနေခဲ့သူပါ။ သူ့ကို ကျောင်းကအပြန် ဘတ်စ်ကားပေါ်မှာ တာလီဘန်တွေက လုပ်ကြံပစ်သတ်ခဲ့ကြတာပါ။ ဒါပေမယ့် သူဟာ ကံကောင်းထောက်မစွာပဲ အသက်မသေခဲ့ပါဘူး။ ရခဲ့တဲ့ဒဏ်ရာတွေကို ပါကစ္စတန်နိုင်ငံမှာ အရေးပေါ်ကုသမှုခံယူခဲ့ပြီး အင်္ဂလန်နိုင်ငံမှာ ဆက်လက်ကုသဖို့ ပို့ခဲ့ကြတာပါ။ အခုအခါ အင်္ဂလန်နိုင်ငံက Queen Elizabath ဆေးရုံမှာ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ခွဲစိတ်ပါရဂူတွေက ခွဲစိတ်ကုသပေးခဲ့ရာမှာ ၉၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒဏ်ရာကြောင့် ပျက်စီးသွားတဲ့ ဦးခေါင်းခွံကိုလည်း Titanium သတ္တုပြားနဲ့ အစားထိုးပေးခဲ့ကြတာလို့ ဆိုပါတယ်။ အကြားအာရုံ ချို့ယွင်းသွားတဲ့ နားတစ်ဖက်ကိုလည်း နားကြားကိရိယာနဲ့ အစားထိုးပေးခဲ့ကြတယ်လို့ သိရပါတယ်။ ယခုသူဟာ အင်္ဂလန်နိုင်ငံမှာပဲ ကျောင်းတက်နိုင်အောင် ကျန်းမာနေပြီဖြစ်ပါတယ်။ ဆေးပညာလောကမှာ လူ့အခွင့်အရေးတောင်းဆိုမှုကြောင့် မတရားတိုက်ခိုက်ခံရတဲ့ မာလာလာကို ဆေးပညာရှင်တွေ အစွမ်းကုန်အားထုတ်ကုသမှုအဖြစ် မှတ်တမ်းတင်ဖော်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက် ရပါတယ်။

ကိုးထပ်ကြီးဘုရား ဆွမ်းသပိတ်တော် ၁၀၈လုံးနှင့် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန်　ဇူလိုင်　၂၃

ဇူလိုင် ၂၂ရက် (ဝါဆိုလပြည့်နေ့) နံနက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ကြီးမှူး၍ အရုဏ်ဆွမ်း သပိတ်တော် ၁၀၈ လုံးဆက်ကပ်လှူဒါန်းပွဲနှင့် ဘုရားကြီး၏အရိပ်တော်အောက်ရှိ နဝဂုဏ၀ဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များ အသင်းက ဗားကရာတိုက် အင်းစိန်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ ဩဝါဒကိုခံယူကာ ဘုရားကြီးကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးကပ်လှူခြင်း၊ ကျောင်းတိုက်အတွင်းမှ သံဃာတော် ၆၃ပါးတို့ကို ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းကို ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပခဲ့သည်။

ဆက်လက်၍ အသင်းသား အလှူရှင်များက ဘုရားဖူးလာ ဧည့်ပရိသတ်တို့အား သန္တိသုခဓမ္မာရုံကြီးအတွင်း၌ သက်သတ်လွတ် မုန့်ဟင်းခါးတို့ဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။

ဝါတွင်းကာလ ဥပုသ်နေ့ သီလပေးပွဲများကို နံနက် ၁၀နာရီတွင်လည်းကောင်း၊ နေ့လယ်ဓမ္မပူဇာတရားပွဲများကို မွန်းလွဲ ၂နာရီတွင်လည်းကောင်း ဘုရားကြီးရင်ပြင်တော်ပေါ်၌ အပတ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန်　ဇူလိုင်　၂၃

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်း ကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ၈၅ ကီလိုတန်း၊ ၉၄ ကီလိုတန်း၊ ၁၀၅ ကီလိုတန်း ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရသူများ၊ အမျိုးသမီး၊ အမျိုးသား အကောင်းဆုံး အားကစားသမား ဆုရသူများ၊ အမျိုးသမီး အသင်းလိုက် တံခွန်စိုက်ဆုရအသင်းနှင့် အမျိုးသား အသင်းလိုက် တံခွန်စိုက်ဆုရအသင်းများအား တာဝန်ရှိသူများနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်တို့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ
လူမျိုးတင့်မည်

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအား အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် အသစ်ပြန်လည်ရေးဆွဲရန် ပြင်ဆင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု အစီရင်ခံစာတင်သွင်းခြင်း၊ ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေး အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏Burma Company Act-1914 ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ ခုနှစ် ဥပဒေသည် နှစ် ၁၀၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်၍ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ဖြေကြားစဉ်။
(သတင်းစဉ်)

ဥပဒေအား ပြန်လည်ပြင်ဆင်ရာတွင် နိုင်ငံတကာအဆင့်မီ ဥပဒေဖြစ်ရေး၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လွယ်ကူချောမွေ့စွာလုပ်ကိုင်နိုင်ရေး၊ နောင်တွင် Online ဖြင့် ကုမ္ပဏီမှတ်ပုံတင် လုပ်ငန်းများဆောင်ရွက်သည့်အခါ လိုက်လျောညီထွေဖြစ်စေရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းထက် အသစ်ပြန်လည်ရေးဆွဲခြင်းက ပိုမိုမြန်ဆန်၊ လွယ်ကူ၊ ထိရောက်မည်ဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအား အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီဖြင့် အသစ်ပြန်လည်ရေးဆွဲရန် ပြင်ဆင်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က "ဒုတိယဝန်ကြီးကတော့ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ နိုင်ငံခြားသားနဲ့ နိုင်ငံသားမခွဲခြားပါနဲ့ဆိုတဲ့ သဘောမျိုးပြောသွားတယ်။ ကျွန်တော်ကတော့ ခွဲခြားချင်တဲ့သဘောနဲ့ ပြောတာမဟုတ်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တွေမှာ မသိနားမလည်တဲ့အတွက်ကြောင့် ဆုံးရှုံးသွားရတဲ့ အနေအထားတွေများလွန်းတဲ့အတွက် ထောက်ပြတဲ့သဘောပါ။

ပြင်ဆင်တယ်ဆိုတာက ခုနကပြောသလို နိုင်ငံခြားသားက ကိုယ့်ကိုခင်လို့ မင်လို့ပဲဖြစ်ဖြစ်၊ ကိုယ်ကသူ့ကို လက်ခံလိုက်တယ်ဆိုရင် ဥပမာ ရှယ်ယာလေးတစ်စောင်၊ တစ်စုလေး လက်ခံလိုက်တယ်ဆိုပါတော့ အဲဒါက တစ်ရာခိုင်နှုန်းလောက်ပဲ ရှိတယ်ဆိုပေမယ့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုက လုံးဝနိုင်ငံခြားသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သွားတယ်။ အဲဒီတော့ လောလောဆယ်မှာ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီနဲ့ နိုင်ငံခြားသားပိုင် ကုမ္ပဏီခွဲခြားမှုက ရှိနေသေးတဲ့အတွက် မြန်မာနိုင်ငံသား ကုမ္ပဏီပိုင်ဆိုင်သူက နစ်နာနေသေးတယ်။ ဒုတိယဝန်ကြီးပြောသလို နိုင်ငံသားပိုင်ကုမ္ပဏီနဲ့ နိုင်ငံခြားသားပိုင်ကုမ္ပဏီ ခွဲခြားမှုမရှိတော့ဘူးဆိုတဲ့အချိန်ကို ရောက်မှာပါ။ အခုလည်း အဲဒီဘက်ကိုသွားနေကြတယ်။ အဲဒီအချိန်ရောက်ရင်တော့ ဒီကိစ္စက သိပ်ပြောစရာအကြောင်းမရှိပါဘူး။ သို့သော်လည်းပဲ လက်ရှိမှာရှိနေသေးတော့ ဒီဥပဒေကိုပြင်ဖို့သော်လည်းကောင်း၊ ဖျက်ဖို့သော်လည်းကောင်း တစ်ခုခုတော့ လုပ်ဖို့လိုနေသေးတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

လသာ မဲဆန္ဒနယ်မှ ဦးကြည်မြင့်။
(သတင်းစဉ်)

အစည်းအဝေး၌ မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် လွှတ်တော်က အတည်ပြုခဲ့သည်။

ယင်းသို့ အတည်ပြုနိုင်ခဲ့ခြင်းကြောင့် သဘောတူညီမှု လက်မှတ်ရေးထိုးပြီးသည့်အခါ နှစ်နိုင်ငံ အစိုးရချင်း၊ လွှတ်တော်ချင်း ဆက်ဆံရေး ပိုမိုကောင်းမွန်ရုံသာမက ပြည်သူအချင်းချင်းတွင်လည်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇူလိုင် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၂)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အမျိုးသားလွှတ်တော်က အတည်ပြုသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း၏ ပြည်တွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ကားများမှာ တရားဝင်ဖွင့်လှစ်ထားသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားခြင်းမရှိသေးသော နယ်စပ်ဂိတ်များမှသော်လည်းကောင်း ဝင်ရောက်လာခြင်းကို သိရှိခြင်း ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက တရားမဝင်လိုင်စင်မဲ့ယာဉ်များ ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများတွင် ကချင်ပြည်နယ်တွင် (၅)ခု၊ ကယားပြည်နယ်တွင် (၂)ခု၊ ကရင်ပြည်နယ်တွင် (၁၇)ခု၊ ရှမ်းပြည်နယ်တွင် (၁၂)ခုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၄)ခု စုစုပေါင်းလမ်းကြောင်း(၄၀)ရှိပါကြောင်း။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ပြည်မဘက်သို့ထွက်သောနေရာများတွင်လည်း ကျေးရွာချင်းဆက်လမ်းများကို အသုံးပြု၍ လည်းကောင်း၊ စစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်းများကို အသုံးပြု၍လည်းကောင်း၊ လုံခြုံရေး အားနည်းသည့်နေရာများတွင် မြစ်ချောင်းများကို ဖောင်များ အသုံးပြုဖြတ်ကူး၍ လည်းကောင်း ဖြတ်သန်းသွားခြင်းများရှိသည်ကို သိရှိရပါကြောင်း၊ အဆိုပါ တရားမဝင်ဝင်ရောက်နိုင်သည့်နေရာများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံနယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် တာဝန်ရှိအဖွဲ့အစည်းများက နေ့စဉ်စောင့်ကြည့်စိစစ်ပိတ်ဆို့ဖမ်းဆီးလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်း (၁၀၅) မိုင် ယာဉ်ငယ်စစ်ဆေးရေးဂိတ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်ကားများ ဝင်ထွက်သွားလာမှုမရှိစေရေးကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်းများ နေ့စဉ်တာဝန်ချထားပြီး စစ်ဆေးလျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း မေးမြန်းစဉ်။
(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် (၅၉၆) စီး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၁၀၉၉) စီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် (၁၄၇)စီး၊ ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် (၄၁) စီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် (၆၂၅) စီး၊ ရှမ်းပြည်နယ်အစိုးရအနေဖြင့် (၄၃)စီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် (၂၇)စီးတို့ကို ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဝင်ရောက်မှုမရှိစေရန် နယ်စပ်ချစ်ကြည်ရေးတံတားများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တာဝန်ရှိဌာနဆိုင်ရာများနှင့် တပ်မတော်တို့ ပါဝင်သည့် အဖွဲ့နှင့်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့် လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများက တရားမဝင် ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများတွင် ဌာနဆိုင်ရာအဖွဲ့များကိုဖွဲ့စည်းပြီး ရှောင်တခင်စစ်ဆေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကဦးဆောင်ပြီး ဌာနဆိုင်ရာအသင်းအဖွဲ့များနှင့် ရှောင်တခင်စစ်ဆေးခြင်း၊ ပြည်ထောင်စုလမ်းမကြီးတွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ်တွင် လိုင်စင်မဲ့ ယာဉ် (၄၁)စီးအတွက် အရပ်သား (၅၀)ဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လိုင်စင်မဲ့ယာဉ် (၅)စီးအတွက် အရပ်သား(၅)ဦးကိုလည်းကောင်း ဖမ်းဆီးအရေးယူကာ ငွေဒဏ်နှင့်ထောင်ဒဏ်များချမှတ်ခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၁၃ ခုနှစ်တွင် လိုင်စင်မဲ့ယာဉ်စီးနင်းမှုနှင့် ယာဉ်တိုက်ခိုက်မှုတို့ဖြစ်ပွားခဲ့သည့် ရဲဝန်ထမ်း (၂)ဦးတို့ကို ငွေဒဏ်နှင့် ထောင်ဒဏ်များချမှတ်အရေးယူခဲ့ပါကြောင်း။

ယခုအခါ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို မော်တော်ယာဉ်လိုင်စင်များ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များကို လိုင်စင်မဲ့ ယာဉ်စီးနင်းပါက တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး Mobile Team အဖွဲ့နှင့်လည်း လိုင်စင်မဲ့ကားများ ဝင်ရောက်သွားလာမှုမရှိစေရေး နေ့စဉ်တားဆီးစစ်ဆေးလျက်ရှိပါကြောင်း၊ တရားမဝင် လိုင်စင်မဲ့ယာဉ်များ ပပျောက်အောင် ဆောင်ရွက်မှုအနေဖြင့် ဖမ်းဆီးအရေးယူမှုများမပြုလုပ်မီ ပညာပေးကာလသတ်မှတ်ပြီး ပညာပေးဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ပွင့်ဆန်း ဖြေကြားစဉ်။
(သတင်းစဉ်)

မေးမြန်းဖြေကြားချက်နှင့် ပတ်သက်၍ ဦးတိုးဝင်းက "မေးရတဲ့ မေးခွန်းရည်ရွယ်ချက်ကတော့ ပြည်သူများ အကြိမ်ကြိမ်ဆုံးရှုံးမှု မရှိစေရန်နဲ့ နယ်စပ်ဒေသမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရန်အတွက် ဖြစ်ပါတယ်၊ ဥပမာအားဖြင့် လာဘ်ပေးလာဘ်ယူကိစ္စ ဆောင်ရွက်ဖို့ဖြစ်ပါတယ်၊ ဖြေကြားချက်အပေါ်မှာတော့ တရားမဝင်ကားများ အမြောက်အမြားဖမ်းဆီးတာကိုပဲ ဖော်ပြပြီး ပြည်တွင်းသို့ ကျွံပြီးဝင်ရောက်တဲ့ ကားများအတွက် နယ်စပ်ဂိတ်များမှာရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများကို အရေးယူမှုအခြေအနေကိုတော့ ဖော်ပြသွားခြင်းမရှိတဲ့အတွက် ဘဝင်မကျမိပါဘူး" ဟု ပြန်လည်ပြောပြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြသည်။

ယင်းနောက် ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ကာလစည်းကမ်းသတ် အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ကျင်းပပြီးစီးပြီး အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

လူ့အခွင့်အရေးတွေမှာလည်း ပြဋ္ဌာန်းထားတယ်။ ဒါပေမယ့် ကိုယ့်ဘာသာစကားမှ မပြောနိုင်တဲ့လူကို နိုင်ငံသားအနေနဲ့ ဘယ်လိုလုပ်ပြီး စဉ်းစားပေးလို့ရမလဲ။ နိုင်ငံသားဥပဒေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်ကတော့ ကျယ်ကျယ်ပြန့်ပြန့် မဆွေးနွေးဘူး။ ဒုဥက္ကဋ္ဌနဲ့ ကျွန်တော်ဆွေးနွေးနေတယ်။ ဘာလဲဆိုရင် ခုနကလည်း ဝန်ကြီးလည်း အမိန့်ရှိသွားတယ်၊ ၁၉၈၂ ခုနှစ် ဥပဒေအတိုင်း လုပ်မယ်လို့ပြောထားတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ Very Firmly ပဲ ဆက်လုပ်သင့်တယ်လို့ မြင်တယ်ဟု၍ ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်၌ ရာဇဝတ်မှုခင်းတစ်ခုကို အကြောင်းပြု၍ လူ့အသိုင်းအဝိုင်းနှစ်ခုအကြားဖြစ်ပွားခဲ့သည့် ပဋိပက္ခသည် ပြည်တွင်းအခြေအနေမှ ဒေသတွင်းအရေးကိစ္စ၊ နိုင်ငံတကာအရေးကိစ္စအထိ ရောက်ရှိသွားနိုင်ကြောင်း နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများတွင် အကြိမ်ကြိမ် ထည့်သွင်းသတိပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ထိုအရေးကိစ္စကို နိုင်ငံတကာအရေးကိစ္စအဖြစ် ပုံဖော်ကာ ကုလသမဂ္ဂမျက်နှာစာတွင် တင်ပြရန် ကြိုးစားမှုများ စတင်တွေ့ရှိနေရပြီဖြစ်သည်။

ထိုသို့ဖြစ်ပေါ်လာသော အခြေအနေကို ကာကွယ်တားဆီးရန်မှာ နိုင်ငံတော်အစိုးရနှင့်အတူ ဘာသာပေါင်းစုံပါဝင်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့်နေရာသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် အလေးပြုခုံ စင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ယင်းနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲများမှ နိုင်ငံတော်ကိုဦးဆောင်မည့် ပြည်သူလူထုကိုယ်စားလှယ်များ ရွေးချယ်ပေးမှာဖြစ်သည့်အတွက် ရွေးကောက်ပွဲများကို အထူးအလေးထားရန်လို

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် The International Foundation for Electoral Systems (IFES-Myanmar) တို့ ပူးပေါင်းဖွင့်လှစ်သည့် BRIDGE Course **ဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးစုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီး၊ ကော်မရှင်ရုံး အရာထမ်းများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား/သင်တန်းသူ ၂၃ ဦးတို့ တက်ရောက်ကြသည်။

နှံ့နှံ့စပ်စပ်သိရှိ

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားရာ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အဓိက တာဝန်(၃)ရပ်အနက် ပထမအချက် ဖြစ်သော လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းဆိုသည့် တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြစ်ရန်အတွက် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများအနေဖြင့် ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများကို နားလည်သဘောပေါက်ပြီး မှန်မှန်ကန်ကန် လိုက်နာလုပ်ဆောင်တတ်ရန် လိုအပ်သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်ကြမည့်ဝန်ထမ်းများနှင့် ပုဂ္ဂိုလ်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပညာပေးလေ့ကျင့်ပေးရန် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ကျွမ်းကျင်နှံ့စပ်တတ်ကျွမ်းသည့် ဝန်ထမ်းများနှင့် လေ့ကျင့်ထားသည့် စေတနာရှင်လုပ်အားပေး ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကို ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆက်လက်ပညာပေးသင်ကြား ပြသသွားရမှာဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများမှ နိုင်ငံတော်ကို ဦးဆောင်မည့် ပြည်သူလူထု ကိုယ်စားလှယ်များကို ရွေးချယ်ပေးမှာဖြစ်သည့်အတွက် ရွေးကောက်ပွဲများကို အထူးအလေးထားရန်လိုအပ်မှာဖြစ်သလို ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ပြည်သူလူထုတစ်ရပ်လုံးကလည်း နှံ့နှံ့စပ်စပ် သိရှိနေရန် လိုအပ်ပါကြောင်း။

အထူးသဖြင့် စားဝတ်နေရေးကိုသာ လုံးပန်းရှာဖွေနေကြသည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတ အားနည်းနေသေးသော ကျေးလက်တောရွာနှင့် နယ်စပ်ဒေသရှိ ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုပေါင်းနေထိုင်ပြီး ဘာသာစကားအမျိုးမျိုး ကွဲပြားနေသည့်အတွက် ဘာသာစကားအလိုက် အသိပညာ ဖြန့်ဝေပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသခံ တိုင်းရင်းသူဆရာမများနှင့် စတင်သင်တန်းဖွင့်လှစ်ပို့ချပေးခြင်း ဖြစ်ပါကြောင်း၊ ၎င်းဆရာမများမှတစ်ဆင့် ဆင့်ပွားသင်တန်းများ ပို့ချကာ ပြည်သူလူထုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ပါဝင်ဆောင်ရွက်ကြမည့် ဝန်ထမ်းများနှင့် ပုဂ္ဂိုလ်များအား အသိပညာဖြန့်ဝေဆောင်ရွက်ပေးနိုင်ရေးအတွက် ယခု BRIDGE Course သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

BRIDGE ဆိုသည်မှာ Building Resources in Democracy, Governance and Elections ဒီမိုကရေစီစနစ်၊ အုပ်ချုပ်စီမံမှုနှင့် ရွေးကောက်ပွဲများအတွက် အရင်းအမြစ်များ တည်ဆောက်ခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ BRIDGE ကို ပူးတွဲတည်ထောင်ထားသော မိတ်ဖက်အဖွဲ့အစည်းများမှာ IFES, IDEA, UN, UNDP နှင့် ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲကော်မရှင်(AEC)တို့ ဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိအမှတ်ပြုသင်တန်းဆင်းလက်မှတ် (Certificate) ပေးအပ်ချီးမြှင့်သော သင်တန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ BRIDGE တွင် အခန်း (၂၅)ခုပါဝင်ပြီး မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ သတင်းအချက်အလက် နည်းပညာ IT၊ နိုင်ငံရေးရန်ပုံငွေ (Political Finance)၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များထုတ်ပြန်ခြင်းစသည့် ကျယ်ပြန့်သောအကြောင်းအရာ ခေါင်းစဉ်များ ပါဝင်ပါကြောင်း၊ BRIDGE Course တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် သင်ယူလေ့လာရသော နည်းစနစ်များဖြစ်သည့် အုပ်စုဖွဲ့လုပ်ကိုင်ခြင်း၊ လေ့ကျင့်ခန်းများနှင့် သရုပ်ပြခြင်း၊ စကားစစ်ထိုးခြင်း၊ သင်ကြားရေးပစ္စည်းများကို ကိုယ်တိုင်ဒီဇိုင်းထုတ်ခြင်းနှင့် အစီအစဉ်များရေးဆွဲခြင်းတို့ ပါဝင်ပါကြောင်း၊ စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးက အတွေ့အကြုံဗဟုသုတ အကျိုးရလဒ်များ ရရှိစေမယ့် သင်တန်းကောင်းတစ်ခု ဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယနေ့ BRIDGE Course သင်တန်းအစီအစဉ်ကို မိမိတို့မြန်မာနိုင်ငံမှာ ပထမဦးဆုံး လေ့ကျင့်ပို့ချခြင်းဖြစ်သည့်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွန်စွာဝမ်းမြောက်ရပါကြောင်း၊ သင်တန်းတက်ရောက်မည့် ဆရာမများကို ပညာရေးဝန်ကြီးဌာနမှ ရွေးချယ်ထားပြီး နှစ်ပတ်ကြာ ဆရာဖြစ်သင်တန်းကို တက်ရောက်ကြရမှာ ဖြစ်ပါကြောင်း၊ သင်တန်းသား/သင်တန်းသူများ အားလုံးဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမာခံသင်တန်း နည်းပြဆရာ၊ ဆရာမများ ဖြစ်လာကြမှာဖြစ်ပြီး သင်ခန်းစာများအား ရွေးချယ်ပြင်ဆင်ဒီဇိုင်းထုတ်ခြင်းနှင့်ကျယ်ပြောလှသော ရွေးကောက်ပွဲလုပ်ငန်း၏ နည်းပညာပိုင်းဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်သည့် အသိပညာများကို ပိုမိုနားလည်သိရှိလာကြမှာဖြစ်ပါကြောင်း၊ သင်တန်းသား/ သင်တန်းသူများအနေဖြင့် ယခုသင်တန်းက သင်ကြားလေ့ကျင့်ပေးလိုက်သော ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အတွေ့အကြုံဗဟုသုတများဖြင့် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် နိုင်ငံ့ခေါင်းဆောင် လူထုကိုယ်စားလှယ်များရွေးချယ်ရသော ရွေးကောက်ပွဲများတွင် တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နည်းပြကောင်းများဖြစ်အောင် ကြိုးစားကြပြီး နည်းပြကောင်းများပီပီ ဆင့်ပွားသင်တန်းများပို့ချ၍ ပြည်သူလူထုကို အသိပညာပေးကာ အများယုံကြည်လက်ခံသည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

မိတ်ဆက်စကားပြောကြား

ထို့နောက် သင်တန်းနည်းပြများဖြစ်ကြသော IFES-Myanmar မှ Country Director Mr. Paul Guerin နှင့် ဩစတြေးလျ ရွေးကောက်ပွဲကော်မရှင်မှ Mr. Ross Attril တို့က မိတ်ဆက်စကားပြောကြားကြသည်။

အဆိုပါသင်တန်းကို နှစ်ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသခံတိုင်းရင်းသူ ကျောင်းဆရာမ ၁၄ ဦး၊ ရွေးကောက်ပွဲကော်မရှင်ရုံးမှ အရာထမ်း ခြောက်ဦး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အသင်း (MILI) မှ သင်တန်းသားတစ်ဦး၊ IFES မှ သင်တန်းသူနှစ်ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် The International Foundation for Electoral Systems (IFES-Myanmar) တို့ ပူးပေါင်းဖွင့်လှစ်သည့် BRIDGE Course **ဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးစုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

၂၉၅ ကြိမ်မြောက် ငွေကျပ် ၂၀၀ တန်ထီ ဩဂုတ်(၁)ရက်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

၂၉၅ ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

ထီဖွင့်ပွဲတွင် ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၄ ဆု၊ ငွေကျပ် ၁၀ သိန်း ၄၃၄ ဆု၊ ငွေကျပ် ၅ သိန်း နှစ်ဆု၊ ငွေကျပ် ၃ သိန်း ၁၄၄ ဆု၊ ငွေကျပ် ၂ သိန်း ၁၃၂၀ ဆု၊ ငွေကျပ် ၁ သိန်း ၁၂၉၆ ဆု၊ ငွေကျပ် ၅ သောင်း ၉၉၉၉ ဆု အပါအဝင် ဆုမဲပေါင်း ၂၄၉၁၉ ဆု ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဩဂုတ် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်နက်ကိုင် ပဋိပက္ခများ ဖြေရှင်းရာတွင် အသက်၊ ငွေကြေး၊ အချိန်များ ပေးဆပ်ရသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းကာ ဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေးရမှ ဆောင်ရွက်နိုင်မည်

နေပြည်တော် ဇူလိုင် ၂၃

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၊ ဧည့်ခန်းမဆောင်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Fan Changlong နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အတူ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆွေတော်၏ခရီးစဉ်သည် မြန်မာ-တရုတ် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား အားသစ်လောင်းသည့် ခရီးစဉ်တစ်ခု ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို မဟာဗျူဟာမိတ်ဖက် (Strategic Partnership) အဖြစ် သတ်မှတ်ထားရှိခဲ့ခြင်းအား အခြေခိုင်မြဲ တည်တံ့စွာရှိစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏တရုတ်တစ်နိုင်ငံတည်း မူဝါဒ (One China Policy)ကို အစဉ်အမြဲထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာ့တပ်မတော်အနေဖြင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံအစိုးရ၊ တရုတ်တပ်မတော်တို့နှင့် နီးကပ်စွာဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် အခြားနိုင်ငံအသီးသီး၏ တပ်မတော်များနှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု သဘောတူညီချက်အရ နယ်စပ်ဒေသတွင် ကောင်းမွန်ထိရောက်သော အုပ်ချုပ်ရေးစနစ် ပျံ့နှံ့ရေး၊ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များ ပူးပေါင်းတားဆီးရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အဆင့်သုံးဆင့်ချမှတ်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်မည့် နိုင်ငံတော်၏ လမ်းပြမြေပုံချမှတ်ထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့အနက် ၁၁ ဖွဲ့နှင့် အပစ်အခတ်ရပ်ဆိုင်းရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး KIA၊ KIO တစ်ဖွဲ့သာ ကျန်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် KIA၊ KIO အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးမှု ၁၄ ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများ၏ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုက်ညီသော ဥပဒေများ၊ အခွင့်အရေးများ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများ ဖြေရှင်းရာတွင် အသက်၊ ငွေကြေး၊ အချိန်များပေးဆပ်ရသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းကာ ဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေးရမှ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နယ်စပ်တွင် အဖွဲ့အစည်းတချို့သည် မူးယစ်ဆေးဝါး လုပ်ကိုင်နေသည့် အထောက်အထားများတွေ့ရပါကြောင်း၊ တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါး ပြဿနာသည် တရုတ်နိုင်ငံအတွက်လည်း ကြီးမားသော ခြိမ်းခြောက်မှုဖြစ်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် လိုပါကြောင်း၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့်လည်း ဆက်စပ်နေသဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အရင်းအမြစ်များအား နှစ်နိုင်ငံပူးပေါင်း၍ ဖြတ်တောက်သွားရန် လိုပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ဒေသများတွင် မည်သည့် တရားမဝင်လက်နက်ကိုင်အဖွဲ့မှ မရှိအောင်ဆောင်ရွက်ရန်မှာ နှစ်နိုင်ငံပူးပေါင်းပြီး အဓိကလုပ်ဆောင်ရမည့် တာဝန်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသပြဿနာကို မြန်မာအစိုးရနှင့်တပ်မတော်အနေဖြင့် ဆောင်ရွက်ခြင်းသာမက တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကိုင်တွယ် ဖြေရှင်းပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအား တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ပူးပေါင်း၍ နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးနှင့် မူးယစ်ဆေးဝါးတားဆီးရေး ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥရောပသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာဗဟုသုတများ ဆွေးနွေးအမြင်ချင်းဖလှယ်ပေးသွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာဌာနအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူပါးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာဌာန အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူပါးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဥရောပသမဂ္ဂတို့အကြား ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ဥရောပသမဂ္ဂမှ ပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရေး၊ ဥရောပသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာဗဟုသုတများ ဆွေးနွေးအမြင်ချင်းဖလှယ်ပေးသွားနိုင်စေရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲစေရန်အတွက်လည်းကောင်းရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က)နှင့်အညီ အကျဉ်းထောင် အသီးသီးမှ နိုင်ငံသားအကျဉ်းသား (၇၃)ဦးတို့အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့ (ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ရက်နေ့) မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ဦးအောင်သိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရေး၊ အရေးပေါ်အခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

၄။ ဤချွတ်ယွင်းမှုအား စင်ကာပူနိုင်ငံအခြေစိုက် ပင်လယ်ရေအောက် ကေဘယ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့နှင့် ညှိနှိုင်းပြီး အဖွဲ့မှအမြန်ဆုံးပြုပြင်နိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ ပြုပြင်ရန်ခန့်မှန်းကြာမြင့်ချိန်မှာ တစ်လခန့်ဖြစ်ပါသည်။ ပြုပြင်ဆဲကာလအတွင်း အင်တာနက်အသုံးပြုမှုများ နှောင့်နှေးနေမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မုတ်သုံလေဆက်လက်အားကောင်းမည်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကွမ်းခြံကုန်းမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ဖျာပုံမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၃၈ လက်မ၊ ဂွမြို့နှင့် ပုသိမ်မြို့တို့တွင် ၃ ဒသမ ၁၅ လက်မစီနှင့် မချမ်းဘောမြို့တွင် ၃ ဒသမ ဝ၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ရတနာပုံနှင့်ရန်ကုန် အမှတ်ခွဲယူ

သတင်း-ညီမြတ်သော်တာ

MNL Myanmar အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဗထူးကွင်း၌ကစားသော ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်တို့ပွဲမှာ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဦးဆောင်နေသည့် လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းမှာ နာမည်ကြီးရတနာပုံအသင်းကို အဝေးကွင်း၌ သရေကစားကာ အဖိုးတန် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ ယခုပွဲသရေရလဒ်ကြောင့် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့၏ အမှတ်ကွာဟမှုမှာ ကျဉ်းမြောင်းသွားခဲ့ပြီး လက်ကျန်နှစ်ပွဲမှာ ပိုမို အကြိတ်အနယ် ဖြစ်လာဖွယ်ရှိနေသည်။ ရလဒ်များ ဆက်တိုက်ကောင်းလာသည့် ရတနာပုံအသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ငါးမိနစ်တွင် အီနာမာက ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းချေပဂိုးရရန် တရစပ်ဖိအားပေးလာခဲ့ပြီး ရတနာပုံ နောက်တန်းနှင့် ဂိုးသမားသီဟစည်သူတို့ လက်စွမ်းပြကာကွယ်နိုင်ခဲ့၍ ၇၁ မိနစ်မှာ ဂိုးပြန်ရခဲ့သည်။ ရန်ကုန်အတွက်ချေပဂိုးကို စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ (KBZ) ကွင်း၌ကစားသော မကွေးနှင့် ကမ္ဘောဇတို့ပွဲတွင်လည်း တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် မနောမြေတို့ကစားရာ ဇေယျာရွှေမြေက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သော ပထမနေ့ပွဲစဉ်များတွင် Southern နှင့် ဧရာဝတီ၊ ဇွဲကပင်နှင့် ဟံသာဝတီတို့ တစ်ဂိုးစီသရေကျသွားသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျောက်ဆည်မြို့တွင် ဆည်တာတမံများအတွင်း ငါးမျိုးများစိုက်ထည့်

ကျောက်ဆည် ဇူလိုင် ၂၃

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနသည် ဆင်းရဲနွမ်းပါးမှုလျော့ နည်းကျဆင်းရေး၊ သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး မှုအထောက်အကူပြုစေရေး၊ ဒေသ တွင်း ငါးသယံဇာတ ပေါများပြန့်ပွား စေရေးအတွက် ရည်ရွယ်ပြီး ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက ကျောက် ဆည်မြို့ မင်းရဲဆည်နှင့် ဇီးတောဆည် အတွင်းသို့ ငါးမြစ်ချင်း၊ ငါးသန်ငါးမျိုး များ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ယနေ့ အချိန်အခါတွင် ဘက်ထရီ ရှော့ခ်တိုက်(ကျဉ်စက်ဖြင့်)ပြီး ငါးဖမ်း ခြင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်း များအသုံးပြု၍ ငါးဖမ်းခြင်း၊ အဆိပ်ဖြင့် ငါးဖမ်းခြင်းများအပြင် မြစ်ချောင်းများ အတွင်း ရွှေကျင်ရာတွင် အသုံးပြုသည့် ပြဒါးနှင့် ဆိုင်ယာနိုက်များကို စနစ်တကျ မစွန့်ပစ်ခြင်းတို့ကြောင့် ငါးသယံဇာတနှင့်ငါးမျိုးများ မပျက် သုဉ်းစေရန် ငါးလုပ်ငန်းဦးစီးဌာနက ရေချိုငါးလုပ်ငန်းဥပဒေများ ပြဋ္ဌာန်း ခြင်း၊ ငါးဖမ်းကာလများ သတ်မှတ်ခြင်း၊ ငါးဖမ်းနည်းစနစ်များ တားမြစ်ကန့် သတ်ခြင်းတို့ဖြင့် သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန်နှင့် ရေရှည်တည်တံ့သော ငါးလုပ်ငန်းဖွံ့ဖြိုးရေးတို့အတွက်ဆောင် ရွက်လျက်ရှိသည်။

ကျောက်ဆည်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ လုပ်ငန်းရာသီအတွက် ကူမဲငါးသား ပေါက်စခန်းမှ ငါးသန်ကောင်ရေ ၄၀၀၀၀ ကို မင်းရဲဆည်နှင့်ဇီးတော ဆည်အတွင်းသို့ စတင်ထည့်သွင်းပေး ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲကို မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မှူး ဦးမျိုးအောင်၊ ခရိုင်အုပ်ချုပ်ရေး မှူး ဦးအုန်းသန်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦး၊ မြို့နယ်အုပ် ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ ခရိုင် နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လူမှုရေးအဖွဲ့အစည်းများ မြို့ပေါ်ရပ် ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက် ရောက်ပြီးငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သောက်သုံးရေအခက်အခဲမရှိစေရန် စက်ရေတွင်းများ တူးဖော်ပေး

မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ကျေးရွာဒေသအချို့တွင် နွေ အခါ ရေရရှိရေးအခက်အခဲများကို များစွာရင်ဆိုင်ရကြောင်း၊ စားသောက် နေထိုင်ရေးလုပ်ငန်းများ အင်အား အပြည့်မဆောင်ရွက်နိုင်ဘဲ တစ်ကိုယ် ရေသန့်ရှင်းရေးမဆောင်ရွက်နိုင်ခြင်း၊ မျက်စိရောဂါ၊ ဝမ်းကိုက်ဝမ်းပျက်ရောဂါ အစရှိသည့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားသော ရောဂါများခံစားနေရပြီး လူမှုဒုက္ခများ ကြုံတွေ့နေရခြင်းကြောင့် ကျေးလက်ဒေသနေပြည်သူများအတွက် ရေသည်ငွေထက် ပိုမိုအရေးကြီးခဲ့ သည်။ ထိုဒေသနေပြည်သူများ၏ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေ ရန် မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့၏ ထောက်ပံ့ငွေဖြင့် စက်ရေတွင်း များ စသည့်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်စည် ပင်သာယာရေးအဖွဲ့က ရသေ့တောင် ကျေးရွာ၌ အနက်ပေ ၂၆၀၊ အချင်းနှစ်လက်မစက်ရေတွင်း စတင် တူးပေးခဲ့ရာ အိမ်ခြေ ၁၀၄အိမ်၊ လူဦး ရေ ၆၇၅ ဦး စိတ်အေးလက်အေး ရေ ခပ်ယူနိုင်ပြီး ရေကိုအလွယ်တကူသုံးစွဲ နေရပြီဖြစ်သည်။

အလားတူ ကျောက်ပန်းတောင်း မြို့နယ် မြိုင်သာယာကျေးရွာ၌လည်း အနက်ပေ ၂၂၀၊ အချင်း နှစ်လက်မ စက်ရေတွင်း တူးဖော်ပြီးခဲ့သဖြင့် သန့် ရှင်းသောသောက်သုံးရေများ ဖြန့်ဝေ ပေးဝေလျက်ရှိသည်။ ကျောက်ပန်း တောင်းမြို့နယ်အတွင်းတွင် စက်ရေ တွင်းပေါင်း ၄၁ တွင်း တူးဖော်နေရာ ၃၅ တွင်း တူးဖော်ပြီးခဲ့၍ ကျန်ခြောက် တွင်း ကိုဆက်လက်၍ ဇူလိုင်လအပြီး တူးဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ထို့အတူ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ညောင် ဦးမြို့နယ် ရေရှားပါးသည့်ကျေးရွာများ တွင် စက်ရေတွင်းများ အချိန်နှင့် တစ်ပြေးညီ တူးဖော်ဆောင်ရွက်ပေး လျက်ရှိရာ ရေရှားပါးသည့် စည်သာ ရွာမှ အိမ်ခြေ ၈၉ အိမ်ရှိ လူဦးရေ ၄၅၂ ဦးတို့အတွက် တွင်းအနက် ပေ ၆၂၀၊ အချင်းလေးလက်မရှိ စက်ရေတွင်းကိုလည်းကောင်း၊ ကမ္ဘား နီကျေးရွာ အိမ်ခြေ ၉၅ အိမ်မှ လူဦးရေ ၄၇၂ ဦးတို့အတွက် တွင်းအနက် ပေ ၆၅၀ အချင်းလေးလက်မရှိ စက်ရေတွင်း ကိုလည်းကောင်း တူးဖော်ပေးခဲ့ပြီး ညောင်ကြီးကျေးရွာတွင်လည်း အချင်း လေးလက်မစက်ရေတွင်းကို တူးဖော် ပေးခဲ့ပြီးဖြစ်သည့်အတွက် ဒေသခံများ က ယခုအခါ သန့်ရှင်းသောသောက် သုံးရေကို လုံလောက်စွာရရှိကြပြီဖြစ် သည်။

ညောင်ဦးမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတိုး အောင်က "သောက်သုံးရေရှားပါးတဲ့ ကျေးရွာ၊ သောက်သုံးရေအသင့်အတင့် ဖူလုံတဲ့ကျေးရွာနှင့် သောက်သုံးရေ ဖူလုံတဲ့ကျေးရွာတို့ကို စနစ်တကျ စာရင်းပြုစုထားပြီး သောက်သုံးရေ အလွန်ရှားပါးတဲ့ကျေးရွာများ၌ တိုး တက်လာသော အိမ်ခြေ၊ လူဦးရေများ အရ ဦးစားပေးတူးဖော်ဆောင်ရွက်ပေး နေပါတယ်"ဟု ပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ကျေးရွာ ပေါင်း ၂၁၉ ရွာရှိရာ ရေရှားပါးသည့် ကျေးရွာများတွင် စက်ရေတွင်း ၇၈ တွင်းတူးဖော်ပေးထားပြီး ယခုနှစ်အတွင်း ၁၈တွင်း တူးဖော်ရန် လျာထားရာ ၁၄ တွင်း တူးဖော်ပြီး၍ ကျန်ရှိသော လေး တွင်းကို တူးဖော်လျက်ရှိကြောင်း သိရ သည်။ **တင်မောင်(ကိုယ်ပွားမန္တလေး)**

မိတ္ထီလာဒုက္ခသည်စခန်းများရှိ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ လှူဒါန်း

မိတ္ထီလာ ဇူလိုင် ၂၃

မိတ္ထီလာမြို့ ဒုက္ခသည်စခန်းများရှိ မူလတန်း၊ အလယ်တန်းနှင့် အထက် တန်းကျောင်းသား ကျောင်းသူများ အတွက် ကျောင်းဝတ်စုံများကို မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်နေ ရဲမာန်ဟုန် စာရေးကိရိယာဟုန်မိသားစု မှ ဦးချစ်မင်းထွန်းသည် ထီလာသုခ သာမဂ္ဂီအဖွဲ့နာယက ဒေါက်တာတင်စိန်၊ ဥက္ကဋ္ဌ ဒေါက်တာ ခင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဝင်းရှိန်နှင့် တွဲဖက်အတွင်းရေး မှူးရွှေနေ ဦးအောင်သိန်းတို့နှင့်အတူ ဇူလိုင် ၂၀ ရက်က ဒုက္ခသည်စခန်းများ ရှိ ကျောင်းသား ကျောင်းသူများအား သွားရောက်ပေး အပ်လှူဒါန်းကြသည်။

ယင်းသို့လှူဒါန်းရာတွင် သာသနာ့ ရက္ခိတ(အင်းကုန်း)ဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူ ၁၀၈ ဦး၊ ခရိုင်အားကစားဝင်းအတွင်းရှိ ဒုက္ခ သည်စခန်းရှိ ကျောင်းသား ကျောင်း သူ ၂၃၃ ဦး၊ မကျီးကုန်းဘုန်းတော် ကြီးအတွင်း ဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူ ၈၂ဦး၊ အုတ်ဖိုဘုန်းတော်ကြီးကျောင်းအတွင်း ရှိ ဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူ ၈၄ ဦး၊ ရေအရင်း အမြစ်ဌာနတွင်းရှိ ဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူ ၂၀၂ ဦး၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်း ကျောင်းအတွင်းရှိ ဒုက္ခသည်စခန်းမှ ကျောင်းသား ကျောင်းသူ ၄၅၀ စုစု ပေါင်းကျောင်းသား ကျောင်းသူ ၁၁၆၅ ဦးအတွက် ကျောင်းဝတ်စုံ ၃၂ သိန်း ဖိုးကို လှူဒါန်းခဲ့ကြသည်။

ဦးတင်လှိုင်

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလှူဒါန်းသည့် အခမ်းအနားတွင် တွေ့ရစဉ်။

နယ်သတင်းတိုများ

မိုးမရွာ၍ ငရုံ့မင်းပရိတ် စုပေါင်းရွတ်ဖတ်

ကောလင်း ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် မိုးရွာသွန်းမှုမရှိခြင်းကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၂၁ ရက် ညနေ ၄နာရီက မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသလ္လ (စူဠဂန္ဓဝါစက)အမှူးပြုသော အကျိုးတော်ဆောင် ဆရာတော်ကြီးများနှင့် မြို့ပေါ်ကျောင်းတိုက် ၁၂ တိုက်မှ သံဃာတော်မထေရ်မြတ်များက ကောလင်းမြို့ မြောက်အင်းရပ် ဥတ္တရာရာမပရိယတ္တိစာသင်တိုက်မှ မော်တော်ယာဉ်များဖြင့် မြို့တွင်းလှည့်လည်၍ ငရုံ့မင်းပရိတ် စုပေါင်းရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

အဆိုပါရွတ်ဖတ်ပူဇော်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနောင်နှင့်အဖွဲ့ ဝင်များ၊ မြို့နယ်ဥပဌာက အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကူညီဆောင် ရွက်ကြကြောင်း သိရသည်။ **(ဝ၉၂)**

ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မိုးရာသီဘောလုံးပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ကျောင်းအားကစားကွင်း၌ကျင်းပရာ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ပြိုင်ပွဲဝင်ဘောလုံးအသင်းနှစ်သင်းဖြစ်သော Section A နှင့် Section B တို့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ Section A အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံကျောင်း အားကစား ကော်မတီနာယက ကျောင်းအုပ်ကြီးက ပထမဆုရရှိသော Section A အား တံခွန်စိုက်ဖလားချီးမြှင့်ပေးခဲ့သည်။

ကျန်ဆုများကို ကျောင်းအုပ်ဆရာကြီး ဦးအောင်မြတ်သူနှင့် ဆရာ ဆရာမ များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုကြီးကျော်**

ဘုရားဖူးယာဉ် အရှိန်မထိန်းနိုင်၍ လမ်းဘေးထိုးကျ

မြင်းမူ ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီခွဲခန့်က မန္တလေးဘက်မှ မုံရွာဘက်သို့ ယာဉ်မောင်းမောင်ကျော် (၃၂ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် ၄ခ/. . . မှန်လုံဘုရားဖူးယာဉ်သည် မြင်းမူ မြို့ရှောင်လမ်း မိုင်တိုင် ၆/၀ နှင့် ၇/၀ ကြား ရေကျော်အရောက်တွင် မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျပြီး တမာပင်ကို ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်ပါဘုရားဖူးခရီးသည် ခုနစ်ဦး ဒဏ်ရာရရှိခဲ့ သည်။

မှန်လုံယာဉ်ကို မဆင်မခြင်မောင်းနှင်သူ အမှတ် ၂ ရပ်ကွက် မတ္တရာ နေသူ မောင်ကျော် (၃၂ နှစ်) ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

ငွေကျပ် ၃၈သိန်းတန်ဖိုးရှိ ဘိန်းမည်းများ သယ်ဆောင်လာသူ နှစ်ဦးကို ဖမ်းဆီး

မြစ်ကြီးနား ဇူလိုင် ၂၃

ဝိုင်းမော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများသယ်ဆောင်နေကြောင်း သတင်းအရ ဝိုင်းမော်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မျိုးဝင်းနိုင်နှင့်အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇူလိုင် ၂၀ရက် ညနေ ၅နာရီခွဲက ဝါရှောင်ကျေးရွာ ဘားကျွင့်တံတား၌ စောင့်ဆိုင်းနေစဉ် ဆဒုံးမှ ဝိုင်းမော်သို့ အမျိုးသားတစ်ဦး မောင်းနှင်၍ အမျိုးသမီးတစ်ဦးနောက်မှထိုင်လိုက်လာသည့် ဆိုင်ကယ်ကို တားဆီးရာ ရပ်တန့်ခြင်းမပြုဘဲမောင်းနှင်ထွက်ပြေးသဖြင့် ဝါရှောင်ကျေးရွာ အဝင်၌ တားဆီးနိုင်ခဲ့သည်။ မောင်းနှင်သူသည် ဘောမ်ယိန်းနှင့် ဇနီးဖြစ်သူ ဒေါ်ထန်လွေ့ဖြစ်ပြီး ၎င်းတို့အားစစ်ဆေးရာ ကြိမ်ခြင်းပလိုင်းအတွင်းမှ ဘိန်းမည်း အလေးချိန် ၃၅၆ ဒသမ ၃၅ ဂရမ်ပါတစ်ထုပ်၊ အလေးချိန် ၃၃၂ ဒသ မ ၅၄ ဂရမ်ပါတစ်ထုပ်၊ အလေးချိန် ၆၅၉ ဒသမ ၆၂ ဂရမ်ပါတစ်ထုပ်၊ ဆိုင်ကယ် တူးဘောက်အတွင်း အလေးချိန် ၇၄၃ ဒသမ ၁ ဂရမ်ပါတစ်ထုပ်၊ ၄၈၆ ဒသမ ၄ ဂရမ်ပါတစ်ထုပ် စုစုပေါင်းဘိန်းမည်းအလေးချိန် ၂ ဒသမ ၅၇၈ ကီလိုဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဘောမ်ယိန်း (၄၁ နှစ်)နှင့် ဒေါ်ထန်လွေ့(၄၅ နှစ်) ဆဒုံးမြို့နယ်ခွဲနေသူနှစ်ဦးကို ဝိုင်းမော်ရဲတပ်ဖွဲ့က အမှု ဖွင့်အရေးယူထားကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

ပြည်တွင်းသတင်း

ကလေးမြို့နယ် နတ်နန်းကျေးရွာ ရေတိုက်စားမှု ကျေးရွာပြည်သူများ စုပေါင်းကာကွယ်

ကလေး ဇူလိုင် ၂၃

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု နတ်နန်းကျေးရွာတောင်ဘက် စာသင်ကျောင်းဆောင်မှ ပေ ၁၅၀ ခန့် အကွာတွင် မြစ်သာမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများ ဇူလိုင် ၁၉ ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယခုရက်ပိုင်း အတွင်း ပေ ၃၀ မှ ပေ ၅၀ အထိ ကမ်းပါးများ ပြိုကျသွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်၏ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ အစိုးရမူလတန်းကျောင်းကို ၁၉၉၇ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ပါတယ်၊ အခုမြစ်သာမြစ်က လမ်းကြောင်းပြောင်းလာပြီး ကျွန်တော်တို့ ကျောင်းတောင်ဘက်ကို တည့်တည့်ထိုးနေတယ်၊ မြစ်သာမြစ်ရေ ဒီထက်တိုးလာမယ်ဆိုလျှင် ကျွန်တော်တို့ ကျေးရွာပါ ကမ်းပါးပြိုကျတဲ့အထဲ ပါသွားနိုင်ပါတယ်၊ ကျွန်တော်တို့ ကျေးရွာမှာ အိမ်ထောင်စု ၈၈ စုနှင့် လူဦးရေ ၄၀၀ ကျော် နေထိုင်ပါတယ်၊ ကျွန်တော်တို့ ကျေးရွာကိုကျွန်တော်တို့ ကိုယ်တိုင်ကာကွယ်ရမယ်ဆိုပြီး တစ်အိမ်ကို စူပါအိတ်ငါးလုံးနှင့် ငွေတစ်ထောင်စီ အလှူခံပြီး လုပ်အားများဖြင့် ကာကွယ်ရေးတွေ လုပ်ကြပါတယ်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းတွေကိုလည်း အကြောင်းကြားတော့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရောက်လာပြီး ကြိုးခွေတစ်ခွေနှင့် ပီနံအိတ်အလုံး ၄၀၀ လှူဒါန်းသွားပါတယ်"ဟု ပြောသည်။

မြစ်သာမြစ်ရေ တိုးသောကြောင့် ကမ်းပြိုကျသော နေရာ။

နတ်နန်းကျေးရွာ မြေပြိုကျမှုများ ကာကွယ်တားဆီးရန်အတွက် ကလေးဝမြို့နယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးမှုဦးစီးဌာနကို အကူအညီတောင်း၍ ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဆောင်ရွက်ပေးခဲ့ကြသည်။

မိမိတို့ ကျေးရွာကို ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြသော နတ်နန်းကျေးရွာ ပြည်သူများ။

ကမ်းပါးပြိုကျနေမှုများကို ကာကွယ်တားဆီးရန်အတွက် ရောက်ရှိနေသော ရေအရင်းအမြစ်ဦးစီးဌာန အင်ဂျင်နီယာ ဦးသန်းမြင့်ကို မေးမြန်းခဲ့ရာ "အခု ပြုလုပ်နေတဲ့နည်းက ရေစီးနှုန်းထိန်း သဲအိတ်ဆွဲ သစ်ကိုင်းချထား ကာကွယ်ခြင်းနည်းဖြစ်ပါတယ်၊ ဒီနည်းစနစ်များပြီးလျှင် Flooting Structure (ရေစီးနှုန်းထိန်းသစ်ကိုင်းချရေကာများ)ဖြင့် ဆက်လက် ကာကွယ်သွားမှာဖြစ်ပါတယ်၊ အဲဒါတွေ အားလုံးပြီးလျှင်တော့ မှန်စုပ်စက်ဖြင့် မြောင်းများဖောက်ပြီး ရေကာတာများဆောင်ရွက်ကာ ရေလမ်းကြောင်းလွှဲပါမယ်" ဟု ရှင်းပြသည်။

ဆောင်ရွက်နေ

ကမ်းပါးပြိုကျနေမှု အလျားမှာ ပေ ၁၅၀၀ ခန့်ရှိကြောင်း၊ မိမိတို့က ပညာရှင်များ ပြောသည့်အတိုင်း ဆောင်ရွက်မှာ ဖြစ်ကြောင်း၊ မိမိတို့ ကျေးရွာကို လုံးဝရေအတိုက်အစားမခံကြောင်း၊ ယခုလည်းပဲ ကလေး၊ လူကြီး၊ ကျေးရွာ ဘုန်းကြီးပါမကျန် အားလုံးဝိုင်းပြီး ဆောင်ရွက်နေပါကြောင်း၊ ရေအရင်းအမြစ်က ဦးစီးဆိုလျှင် လုပ်အားဖြင့် သူကိုယ်တိုင် ရေထဲဆင်းပြီး ဆောင်ရွက်ပေးသည့်အပြင် ပီနံအိတ်အလုံးတစ်ထောင်ကိုလည်း လှူဒါန်းပေးသည့်အတွက် များစွာကျေးဇူးတင်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ နတ်နန်းကျေးရွာကို စာဆိုအရ "အာကာမြရောင်" ဟု အဆိုရှိပြီး ၁၂၅၈ခုနှစ်တွင် ရွာတည်ခဲ့ကြောင်း သိရသည်။ **သျှင်နေမင်း**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလိုပါသလား။ အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းကြော်ငြာပါ။

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၃

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၇ စင်တီမီတာ (၀ ဒသမ ၆ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တောင်ငူ ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၆)ရပ်ကွက် ပွဲစားလမ်းရှိ နေအိမ်တစ်အိမ်တွင် ဇူလိုင် ၁၆ ရက်က WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး မူးယစ်အထူးတပ်ဖွဲ့နှင့် တောင်ငူခရိုင်မှုခင်းနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သတင်းအရ အဆိုပါနေအိမ်သို့ ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရာ ဒေါ်ချိုချိုမာ (၄၀ နှစ်)ကို ၎င်းဝတ်ဆင်ထားသော နီညိုရောင်ပန်းပွင့်ပါ ထဘီအတွင်းရှိ အနက်နှင့်အဝါရောင် ပြောက်ကျားအိတ်တစ်လုံးအတွင်းမှ အအေးစုပ်ပိုက်များအတွင်း ထည့်ထားသည့် WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆ ပြား အလေးချိန် ၁၇ ဒသမ ၆ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၈၈၀၀၀၀ ကို သက်သေများရှေ့တွင် ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်အား တောင်ငူမြို့ အမှတ်(၂)ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၂၀ ကျော်ရှိ နိုင်ငံတကာအဆင့်မီ ငွေကြေးဝန်ဆောင်မှုများ ပေးလာနိုင်ပြီ

သတင်း - ကြံတိုင်းအောင်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၂၀ ကျော်ရှိပြီး နိုင်ငံတကာအဆင့်မီ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင်ပေးလာနိုင်သည်ကို တွေ့ရကြောင်း နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်က မကြာမီက UMFCCI ၌ ကျင်းပသော အိမ်ခြံမြေဝန်ဆောင်မှု အသင်း နှစ်ပတ်လည်အခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိကဘဏ် ၂၀ အထိရှိလာပါပြီ၊ ဒါပေမယ့်လည်း ဘဏ်နဲ့ ထိတွေ့ဆက်ဆံတဲ့ ပြည်သူဟာ တစ်သန်းလောက်ပဲရှိပါသေးတယ်" ဟု ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်မှု တိုးပွားလာခြင်းနှင့်အတူ CB ဘဏ်နှင့် ဧရာဝတီဘဏ်ကဲ့သို့သော ထိပ်တန်းဘဏ်များက အမေရိကန်နိုင်ငံ အခြေစိုက် ကမ္ဘာ့ထိပ်တန်းငွေကြေးဝန်ဆောင်မှု ကုမ္ပဏီကြီးတစ်ခုဖြစ်သော Western Union နှင့် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတကာအဆင့်မီ ငွေကြေးဝန်ဆောင်မှုပေးလာသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ အနေနဲ့ Western Union လို ခိုင်မာတဲ့ နိုင်ငံတကာ အသိအမှတ်တံဆိပ်တစ်ခုနဲ့အတူ လက်တွဲဆောင်ရွက်ပြီး မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သုံးစွဲသူတွေ အမှန်တကယ်လိုအပ်နေတဲ့ နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုများကို ကမ္ဘာအနှံ့အပြား နိုင်ငံပေါင်း ၂၀၀ ကျော်မှ ငွေကြေးလွှဲပြောင်းပေးနိုင်ဖို့ ဆောင်ရွက်ခွင့်ရခဲ့ပါတယ်"ဟု ဧရာဝတီဘဏ် အမှုဆောင်အရာရှိချုပ် ဦးဖြိုးအောင်က မြန်မာ့အလင်းသတင်းစာသို့ ပြောသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ ထိပ်တန်းပုဂ္ဂလိကဘဏ်များ နိုင်ငံတကာငွေကြေးဝန်ဆောင်မှု ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ဝန်ဆောင်မှုပေးလာနိုင်သဖြင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ မိမိတို့ မိဘရပ်ထံသို့ ငွေလွှဲပေးပို့ရာတွင် လွယ်ကူလျင်မြန်စွာ ပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ အနေဖြင့် Western Union ဖြင့် ငွေလွှဲပေးပို့မည်ဆိုပါက မြန်မာနိုင်ငံတစ်ဝန်းရှိ အေးဂျင့်ပေါင်း ၂၈၀ ကျော်တွင် မိနစ်ပိုင်းအတွင်း ငွေထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ထိပ်တန်းပုဂ္ဂလိကဘဏ်အချို့သည် ကတ်စနစ်သုံးစွဲမှုဝန်ဆောင်မှုပေးခြင်းကိုလည်း လျင်မြန်စွာ ပြုလုပ်လာနိုင်ပြီဖြစ်သည်။ Visa Card ၊ Master Card တို့ကို သုံးစွဲမှုကျယ်ပြန့်လာသည်။ ယင်းကဲ့သို့ ကတ်စနစ်သုံးစွဲလာနိုင်ခြင်းနှင့်အတူ နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကို အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေကြေးအမြောက်အမြားကို ပေးချေရာတွင် ကတ်စနစ်ကို အသုံးပြုမှုများပြားလာသည်ကို တွေ့ရသည်။

(မြန်မာ့အလင်း)

တနိုင်းမြို့နယ်အတွင်း ရွာလယ်လမ်းခင်းရာမှ လက်ပစ်ဗုံးအဟောင်းတစ်လုံးတွေ့ရှိ

မြစ်ကြီးနား ဇူလိုင် ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် နန်ဖြတ်ကျေးရွာတွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က အမှတ်(၃၆) ခွင်းဗုံး လက်ပစ်ဗုံးတစ်လုံး တွေ့ရှိထားကြောင်း အုပ်ချုပ်ရေးမှူး ဦးနေဇာအောင်က ဖုန်းဖြင့် သတင်းပို့လာသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကံပို၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုဦးစီးမှူး ဦးစိုးနိုင်နှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်သိမ်းဆည်း ခဲ့သည်။ အဆိုပါ ဗုံးဟောင်းကို နန်ဖြတ်ကျေးရွာ ရွာလယ်လီဒိုလမ်းမပေါ်တွင် လမ်းခင်းနေသည့် ဆောက်လုပ်ရေးတာဝန်ခံအင်ဂျင်နီယာ ဦးဇာယုအဖွဲ့မှ အလုပ်သမားခေါင်းဆောင် ဦးအောင် မြင့်စိုးက ရွာလမ်းမပေါ် ရှိသဲကျောက်ပုံကို ဖြန့်ခင်းစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါလက်ပစ်ဗုံးသည် သံချေးများတက်နေသည့် အမှတ် (၃၆)ခွင်းဗုံးဖြစ်ပြီး နန်ဖြတ်အုပ်ချုပ်ရေးမှူးက နယ်မြေခံတပ်သို့ အပ်နှံသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

စဉ်ဆက်မပြတ် ဆေးပညာသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေးယူနစ် (CME)မှ အထွေထွေရောဂါ ကုဆရာဝန်များအတွက် Emergency Man- agement for GPs (2013) သင်တန်းကို ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၂၆ ရက်အထိ (စနေ၊တနင်္ဂနွေ) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော အသင်းဝင် ဆရာဝန်များသည် ဇူလိုင် ၃၀ ရက်နှင့် ၃၁ ရက်များတွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ တက်ရောက်မည့်သူသည် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဆော့ဖ်ဝဲကုမ္ပဏီများ စစ်ဆေးမှုများပြုလုပ်ပါက အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသုံးပြုသူများသည် Microsoft မှ ထုတ်လုပ်သည့် OS များ၊ Software များကို အသုံးပြုနေကြပြီး အနည်းငယ်သာ လိုင်စင် Version များ ဝယ်ယူအသုံးပြုကြသည်။ ကွန်ပျူတာအသုံးပြုရာတွင် ပရိုဂရမ်များသည် လိုင်စင်ဗားရှင်းမဟုတ်ပါက အွန်လိုင်းအင်တာနက်သုံးခြင်းကို သက်ဆိုင်ရာ ဆော့ဖ်ဝဲကုမ္ပဏီများက စစ်ဆေးပါက အခက်အခဲကြုံနိုင်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးထံမှ သိရသည်။

Microsoft ကုမ္ပဏီမှ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ ပြည်တွင်းကျန်းမာရေး၊ ပညာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကူအညီ ပေးရေးလုပ်ငန်းစဉ်များကို ကြိုတင် လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများက Microsoft က ထုတ်သော ဆော့ဖ်ဝဲများကို ပိုက်ဆံပေးပြီးဝယ်ကြောင်း၊ မြန်မာပြည်တွင် အများစုကကော်ပီလုပ်ထားသော ဆော့ဖ်ဝဲများကိုသုံးခြင်းသည် တရားမဝင်ကြောင်း၊ Microsoft အပါအဝင် ဆော့ဖ်ဝဲကုမ္ပဏီများက မြန်မာနိုင်ငံတွင် ကော်ပီကူးသုံးနေသည်များကို အရေးယူခြင်းမရှိသေးကြောင်း နည်းပညာအိုင်တီသမားတစ်ဦးက ပြောကြားသည်။

ရွှေထူး

လှိုင်လင်မြို့ ရတနာစည်စာသင်တိုက်၌ ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်းဆက်ကပ်

လှိုင်လင် ဇူလိုင် ၂၃

လှိုင်လင်မြို့ ရတနာစည်စာသင်တိုက်၏ အကြိမ် ၃၀ မြောက် ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ ခု၊ ဝါဆိုလဆန်း ၁၄ ရက် ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ လှိုင်လင်၊ ပင်လုံ၊ မိုင်းပွန်မြို့ရှိ ကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်များ၊ ခန်းနေများ၊ စာချကိုယ်တော်များအားပင့်ဖိတ်၍ လှိုင်လင်တပ်နယ်မှူးနှင့်ဇနီး၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များမှ အရာရှိများ၊ စစ်သည်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်နှင့်ရပ်ဝေးရပ်နီးမှ ဝါဆိုသင်္ကန်းအလှူရှင်များက ဝါဆိုဆွမ်း၊ ဝါဆိုသင်္ကန်း၊ နဝကမ္မ အလှူငွေများဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

မိုးလွင်ဦး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၃-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၉၇၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၀၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၄ - ၁၂၉၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၉ - ၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၈ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၄၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ - ၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၈၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀ - ၆၀၀၀	ကျပ်
၂။ ငါးရံ့	တစ်ပိဿာ	၂၇၀၀ - ၅၀၀၀	ကျပ်
၃။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၂၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၂၈၀၀ - ၄၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ - ၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၉၅၀၀ - ၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	ဆန်ဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၂
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၃၀(ဒိုး)
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၉၂၅-၉၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၇၅-၆၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၉၅၀-၂၀၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၂၀-၁၀၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမြို့မြို့အနယ်နယ် ပွဲ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုအရာခံဗိုလ်စန်းမြင့်-ဒေါ်နီနီလင်းတို့၏သားထွေး၊
ကိုနေမျိုးထိုက်-မစန္ဒာခင်၊ ကိုနေလင်းထိုက်-မဝင်းဝင်းလှိုင်တို့၏ညီငယ်

မောင်သန်းထွဋ်ဇော်

A.G.T.I (Computer) (Dip). B.A(Hist)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်ဝင်း (သမဝါယမဦးစီးဌာန၊ ရွှေပြည်သာ)-
ဒေါ်အေးအေးသင်းတို့၏ သမီးထွေး၊
မစုစုကြည် B.A (Geo)၏ ညီမငယ်

မဇင်မာကျော်

တို့သည် နှစ်ဖက်သောမိဘတို့ရှေ့မှောက်၌ ၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပြီးဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးကြသော လူကြီးမင်းများကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

မောင်သန်းထွဋ်ဇော်နှင့် မဇင်မာကျော်

အချစ်ဆုံးသမီးလေး မဇင်မင်းခအတွက် မွေးနေ့ဆုမွန်

ဖေကြီး၊ မေကြီး၊ ကိုကြီးတို့၏ အချစ်ရဆုံးသမီးလေး၊ ညီမလေး **"ဇင်မင်းခ"** MCC ကွန်ပျူတာ IT 1st yr (မန္တလေး)၏ ၂၄-၇-၂၀၁၃ ရက်တွင် ကျရောက်သော (၁၆)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ရာကျော်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကာ ထူးချွန်ထက်မြက် လိမ္မာယဉ်ကျေးတဲ့ သမီးကောင်း ရတနာလေးဖြစ်ပါစေ-

ဖေကြီး၊ မေကြီး၊ ကိုကြီး

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်ဝေယံထွန်း ၁၂/သကတ(နိုင်)၁၆၅၂၀၈၏ CDC No.79121 ဖြင့် 4-Tickets လက်မှတ်မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၃၉၅၃၄

၂၀၁၃ ခုနှစ် ဟဇ်ဂျ်ဘုရားဖူးရာသီတွင် ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ဟဂျ်ပြုလုပ်ရန်စေလွှတ်မည့် ဟာဂျီလောင်း ၃၅၀ အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီစာရင်းကြေညာခြင်း

၂၀၁၃ ခုနှစ် ဟဂျ်ပြုလုပ်ရန်စေလွှတ်မည့် ဟာဂျီလောင်း ၃၅၀ အား ဘုရားဖူး ခေါ်ဆောင်လိုသည့် ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ အောက်ပါကုမ္ပဏီအား တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

(Arabian Travels & Tours Co.,Ltd.)၊ ဟာဂျီဦးမောင်မောင်လွင် မန်နေဂျင်း ဒါရိုက်တာ၊ အမှတ် ၂၅၃၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးခင်ရွှေ (ဥက္ကဋ္ဌ)
ဟဂျ်စေလွှတ်ရေးလုပ်ငန်းကော်မတီ

အတိအလင်းကန့်ကွက်ကြောင်းကြေညာခြင်း

၁၈-၇-၂၀၁၃ ရက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကျောက်တောင်ရပ်၊ ဘောဂလမ်း၊ အမှတ် ၂၃၄ နေ ဒေါ်လှလှတင်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်သာ (LL.B ၊ တရားလွှတ်တော်ရှေ့နေ၊ ပြင်ဦးလွင်မြို့)၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းနှင့်စပ်လျဉ်း၍ အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)၊ အကွက်အမှတ်(RA-III)၊ ဦးပိုင်အမှတ်-၁/င၊ မြေယာအမှတ် 4-D၊ မြေဧရိယာ ၀ဒသမ ၆၇ ဧကရှိ မြေနှင့်မြေပေါ်ရှိအဆောက်အအုံကို ဒေါ်ချီးဟွာ ၁၃/လရန(နိုင်)၀၆၈၀၂၆ နှင့် မိသားစုက မြေဂရန်အမှတ် ၃၈၃/၁၉၉၉-၂၀၀၀ အရ ဒေါ်ချီးဟွာသည် ၁၅-၅-၁၉၉၄ မှ ၁၄-၅-၂၀၂၄ အထိ နှစ် ၃၀ ဂရန်ရရှိပြီး ၁၉၉၆ မှ ၃-၁၂-၂၀၁၂ ရက်အထိ တရားဝင်အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိ နေထိုင်ခဲ့ပါသည်။

ဦးအိုက်အောင်ဆိုသူနှင့် ဒေါ်ဝေဝေစန်းဆိုသူတို့ ဖြစ်ပွားသည့် ယခင်မန္တလေးတိုင်းဒေသကြီး တရားရုံး တရားမကြီးအမှုအမှတ် ၁၀၃/၂၀၀၃ရက်တွင် ဒေါ်ချီးဟွာကိုပါ တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုခဲ့ပါသည်။ တရားရုံးအဆင့်ဆင့် ဆုံးဖြတ်ပြီးသော်လည်း ဒေါ်ချီးဟွာနှင့် ခင်ပွန်းဖြစ်သူ မန်ပန်ပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းတို့သည် မိမိတို့ တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး နှစ်ပေါင်းများစွာ အသုံးပြုခဲ့သော မြေနှင့်အဆောက်အအုံကို လက်လွှတ်ရခြင်းဖြစ်သည့်အတွက် မှန်ကန်စွာဖြစ်စေရန် သက်ဆိုင်ရာ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများသို့ မိမိတို့နစ်နာမှုကို မှန်ကန်တည့်မတ်ပေးအောင် ဆောင်ရွက်ပေးပါရန် တိုင်ကြားထားပြီးဖြစ်ပါသည်။ ယခုအခါ မည်သို့မျှ ဆုံးဖြတ်ရခြင်းမရှိသေးပါ။ သို့ဖြစ်ပါလျက် အရောင်းအဝယ် လွှဲပြောင်းပြုလုပ်မှု အရပ်ရပ်အားလုံးကို ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်ကြေညာချက်ကို ဆန့်ကျင်၍ အရောင်းအဝယ်လွှဲပြောင်းမှုကိစ္စ ဆောင်ရွက်ခဲ့လျှင် ရောင်းသူဝယ်သူတို့၏ တာဝန်ဖြစ်ကြောင်း အများသိစေရန် အတိအလင်းကြေညာအပ်ပါသည်။

ဒေါ်ချီးဟွာ ၁၃/လရန(နိုင်)၀၆၈၀၂၆
အမှတ် ၈၅၇၊ ရှမ်းခိုလောင်းလမ်းနှင့်
စံလုံလမ်းထောင့်၊ ရပ်ကွက် ၁၂၊ နယ်မြေ ၁၆၊ လားရှိုးမြို့

သာသနာပြုနည်းအထူးသင်တန်း အပတ်စဉ်ဥပုသ်နေ့တိုင်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၃

ရဟန်းတော်များဆိုင်ရာ သာသနာပြုနည်းအထူးသင်တန်းကို အလုံမြို့နယ် စကားစိမ်းလမ်းနှင့် ကမ်းနားလမ်းထောင့် (ထော်လီကွေ့မှတ်တိုင်အနီးရှိ) သာသနဒ္ဓအလင်းရောင်ဓမ္မာရုံ၌ ဇူလိုင် ၃၀ ရက်မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဤသင်တန်းသည် ရဟန်းတော်များကို အဓိကပို့ချမည့်သင်တန်းဖြစ်ပြီး စိတ်ဝင်စားသူ လူပုဂ္ဂိုလ်များလည်း တက်ရောက်နိုင်သည်။

သင်တန်းတွင် ပဋ္ဌိစ္စသမုပ္ပာဒ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ သာသနာပြုနည်းနှင့် ဟောနည်းပြောနည်း ဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းတွင် ရွှေဝါဝင်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော် ဒေါက်တာအရှင်အာသဘ (Ph.D မွမ်ဘိုင်းတက္ကသိုလ်)၊ ပိဋကတ်ပညာရှင် ဆရာကြီးဦးလှသိန်းထွန်း ဓမ္မာစရိယ၊ B.A (Geography)၊ စာရေးဆရာ ဦးအောင်ကျော်ဆန်းနှင့် အခြားဓမ္မကထိကဆရာတော်များ၊ စာပေပညာရှင်များက သင်ကြားပို့ချမည်ဖြစ်သည်။

မိုးမောင်

စစ်တွေမြို့၌ ဝါဆိုလပြည့် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

စစ်တွေ ဇူလိုင် ၂၃

ဝါဆိုလပြည့် ဓမ္မစကြာနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သည်။ စစ်တွေမြို့တွင် ၁၃၇၅ ခုနှစ် ဝါဆိုလပြည့်နေ့က ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ဝိပဿနာတရားအားထုတ်သူများ၊ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်လှူကြသူများ၊ ဆွမ်းဘောဇဉ်ခဲဖွယ်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။ ယင်းနေ့ နံနက်ပိုင်းက မိုးဖွဲဖွဲရွာသွန်းနေသော်လည်း စစ်တွေမြို့နယ်အနှံ့ဘုန်းကြီးကျောင်းများတွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

အာကျိတ်တော်ကုန်းမြေရှိ ဝိမလဓမ္မစိတ်လယ်ကျောင်းတိုက်တွင် ဥပုသ်သီလဆောက်တည်ကြသူ များပြားသည်ကို ထူးကဲစွာတွေ့ရသည်။ ယင်းကျောင်းတစ်ကျောင်းတည်းမှာပင် သီလဆောက်တည်သူများနှင့် ဝိပဿနာတရားနာကြားရန် လာရောက်ကြသူများ သုံးထောင်ခန့်ရှိမည်ဟုခန့်မှန်းရသည်။ ထို့အပြင် မဟာဇေယျသိဒ္ဓိ၊ အဓိဋ္ဌာန်ကျောင်း၊ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းနှင့် အခြားဘုန်းတော်ကြီးကျောင်းများတွင်လည်း အသွားအလာစည်ကားလျက်ရှိသည်။

စစ်တွေမြို့ထဲရှိ လောကနန္ဒာစေတီတော်၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတို့တွင်လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ထို့အပြင် ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။ ညနေပိုင်းအိမ်အပြန်တွင် လူအလွန်များပြားသဖြင့် အာကျိတ်တော်ကုန်းမြေလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုများရှိနေ၍ ခြေကျင်လျှောက်ပြီး အိမ်ပြန်လာရသူများလည်းရှိခဲ့သည်။

ကျောက်တော်မြို့ မဟာမုနိဘုရားကြီး၊ ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော်ဓာတ်စေတီမြတ်နှင့် အခြားတန်ခိုးကြီးဘုရားများတွင်လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး မြို့ရွာအနှံ့ ဘုန်းကြီးကျောင်းများတွင် ကုသိုလ်ဒါနပြုကြသူများ များပြားကြောင်းသိရသည်။

လေးဝတီထွန်းစောခိုင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဇူလိုင် ၂၃

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

သုံးကြိမ်ရွတ်ဆို

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသောအလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဟားခါးမြို့ မြို့မပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ပြည်နယ် ပြန်/ဆက်)

၂၀၁၄ တွင် မွန်ပြည်နယ် ၂၄နာရီ မီးလင်းတော့မည်

ရန်ကုန် ဇူလိုင် ၂၃

၂၀၁၄ ခုနှစ်တွင် မွန်ပြည်နယ်အတွင်း ၂၄ နာရီ မီးအလုံအလောက်ရ၍ မီးလင်းတော့မည်ဖြစ်ကြောင်း၊ Myanmar Lighting (IPP) ဥက္ကဋ္ဌ ဦးစိမ်းဝမ်းက မော်လမြိုင်မြို့ ငန်းတေးလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကျင်းပခဲ့သော Myanmar Lighting (IPP) ကုမ္ပဏီဓာတ်အားပေးစက်ရုံသစ် အုတ်မြစ်ချ အခမ်းအနားတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ပြောကြား

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ မဂ္ဂါဝပ် ၄၀ စပေးနိုင်မည်ဖြစ်ကြောင်း၊ မဂ္ဂါဝပ် ၅၀ အထိပေးနိုင်ပြီး နောက်တွင် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် တစ်ယူနစ်လျှင် ငွေကျပ် ၁၂၀၊ ၁၃၀ ကောက်ခံရန် လွှတ်တော်အတည်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ ယင်းကုမ္ပဏီသည် ငန်းတေးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် မဂ္ဂါဝပ် ၂၃၀ ထုတ်လုပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၁၇၄ သန်း အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းစဉ်များကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အပြီးသတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးစိမ်းဝမ်းက ပြောကြားသည်။ **ရွှေထူး**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း အမြန်လမ်း၌ ကိုယ်ပိုင်ယာဉ်တိမ်းမှောက်

လှည်းကူး ဇူလိုင် ၂၃

ဇူလိုင် ၂၃ ရက် နံနက် ၇ နာရီက ရန်ကုန်-မန္တလေး လမ်းမကြီးပေါ် နေပြည်တော်မှ ရန်ကုန်သို့ ဦးဝင်းကြည်ထွန်း မောင်းနှင်လာသော Toyota Surf အမျိုးအစား(ခဲရောင်) ၄ယ/. . . သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှည်းကူးမြို့နယ် မိုင်တိုင်အမှတ် ၅/၆ ခန့်အရောက်တွင် လမ်းလယ်ကျွန်းကို တိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးဝင်းကြည်ထွန်း-ဒေါ်လဲ့လဲ့အောင်၊ ဒေါ်အေးအေးသင်း၊ မဆုရတနာထက်၊ မဇင်ဇင်လင်းထက်၊ မောင်ဉာဏ်လင်းထက်တို့ (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ကြသည်။

ဒဏ်ရာများရရှိ

ဒဏ်ရာရသူ လူကြီးသုံးဦးနှင့် ကလေးသုံးဦးတို့အား တာဝန်ရှိသူတို့က လှည်းကူးဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **ဇင်ကိုဇင်**

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဦးချစ်လမ်း၊ အိမ်အမှတ် ၄၃ နေ
(ဦးကျော်သောင်း)-ဒေါ်တင်အုံ့ [မြို့နယ်အဆင့်(၁)သူနာပြုဆရာမကြီး]တို့၏သားထွေး

မောင်တင်အောင်ကျော်
(ကောင်းစံဆေးမျိုးစုံ)
နှင့်

ရန်ကုန်မြို့၊ မြင်သာ ၁၁လမ်း၊ အမှတ်(၁၉၁/၁)နေ
(ဗိုလ်မှူးတင်စိုး)-ဒေါ်စန်းစန်းနိုင်တို့၏သမီးထွေး

မအေးမွန်စိုး
(ဒုတိယညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)

တို့၏ ၂၉-၆-၂၀၁၃ ရက်တွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဓမ္မာစရိယကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းစိန်နှင့်ဇနီးအားလည်းကောင်း၊ ဌာနဆိုင်ရာဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂၀-၇-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ညည့်ခံပွဲနှစ်ရပ်လုံးတွင် ဝိုင်းဝန်းကူညီပေးသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်အောင်ကျော်-မအေးမွန်စိုး

သစ်တောသစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

ပဲခူးတွင် လေပွေကြမ်းတိုက်ခတ်

ပဲခူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဇူလိုင် ၂၂ ရက် ညနေ ၅နာရီ မိနစ်၂၀ ခန့်က မိုးများရွာသွန်းပြီး လေပွေကြမ်းတိုက်ခတ်ခဲ့ရာ ပဲခူးမြို့ ရုံးကြီးရပ်ကွက် ရွှေမော်ဓောဘုရားလမ်းမှ အထက(၁)ကျောင်းဝင်းအတွင်း ဘုရင့်နောင်အဆောင်ရှိ ဆဋ္ဌမတန်းအဆောင် ABCD အပေါ်ထပ်ရှိ အမိုးသွပ်ချပ်များ ပျက်စီးသွားခဲ့သည်။

လေတိုက်မှုကြောင့် သွပ်ချပ်ပေါင်း ၂၅၀ ခန့်နှင့် ပရိဘောဂအချို့ ဆုံးရှုံးသွားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာမရရှိကြောင်းနှင့် အခင်းဖြစ်နေရာသို့ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းနှင့် ဆရာ ဆရာမများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ လာရောက်ကြည့်ရှု ရှင်းလင်းခဲ့ကြောင်း သိရသည်။

သန့်စင်

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

မန်ယူ၊ ဖာဘရီဂတ်စ်တို့ရဲ့လားရာ

မိုးမြင့်လင်းလက်



မန်ယူရဲ့ကွင်းလယ်အားနည်းချက်ကကြီးမားပါတယ်။ ဒါကိုကုစားဖို့အတွက် နည်းပြသစ်မိုယက်စ် လူရှာနေပါတယ်။ မန်ယူကစားကွက်နဲ့ သင့်တော်မယ့်သူဆိုလို့ ဘာစီလိုနာမှာ ကစားနေတဲ့ဖာဘရီဂတ်စ်ကို အကြိုက်တွေ့နေပြီ။ ဒါကြောင့် ပထမအကြိမ် ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းပေးမယ်လို့ ကမ်းလှမ်းတယ်။ ဘာစီလိုနာက မတုံ့ပြန်ဘူး၊ အခု ပေါင်သန်း ၃၀ ပေးမယ်လို့ တိုးပြီးဈေးပေးတယ်။ ဘာစီလိုနာကတော့ ရောင်းဖို့မဟုတ်ပါလို့ ဆိုပါတယ်။

ဒီငွေကြေးအပြင် ကစားသမားအလိုက် တစ်ယောက်ထပ်ပေးဦးမယ်လို့ ဘာစီလိုနာတို့ရဲ့စိတ်ကို မိုယက်စ်ကလှုပ်ပါတယ်။ "ထူးခြားမှုရှိမှာပါ" လို့ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့မှာ ဇူလိုင် ၂၂ ရက်က ပြုလုပ်တဲ့ မီဒီယာရှင်းလင်းပွဲမှာ မိုယက်စ်ကပြောပါတယ်။ ဒီပြောင်းရွှေ့ကြေးဟာ မန်ယူရဲ့ စံချိန်တင်များပြားတဲ့ပြောင်းရွှေ့ကြေးတွေထဲက တစ်ခုဖြစ်လာမှာပါ။

မန်ယူရဲ့သမိုင်းမှာ ဘာဘာတော့ဗ်ကို စပိန်က ခေါ်ယူခဲ့တဲ့ဈေးက ပေါင် ၃၀ ဒသမ ၇၅ သန်း၊ လိဗ်ယူနိုက်တက်က ဖာဒီနန်ကိုခေါ်ယူခဲ့တာ ပေါင်သန်း ၃၀၊ လာဇီယိုကနေ ဗီရွန်ကိုခေါ်ယူခဲ့တာပေါင် ၂၈ ဒသမ ၁ သန်း၊ အဲဗာတန်က ရွန်းနေကိုခေါ်ယူခဲ့တာ ပေါင် ၂၇ သန်း၊ အာဆင်နယ်က ဗန်ပါစီကို ခေါ်ယူခဲ့တာ ပေါင် ၂၄ သန်း ဖြစ်တာမို့ အခုဖာဘရီဂတ်စ်ကိုပေးတဲ့ ဈေးကများပြားတယ်လို့ဆိုရမှာပါ။

ဈေးကြီးပေးပြီး ခေါ်ယူခဲ့တဲ့ကစားသမားတွေထဲမှာ ဗီရွန်ကလွဲပြီး မန်ယူ ပုံရိပ်ကိုအကောင်းဆုံးခြယ်မှုန်းနိုင်ခဲ့တဲ့သူတွေချည်းပါပဲ။ ငွေကြေးနဲ့ထိုက်တန်တဲ့အကျိုးရလဒ်ကို မန်ယူတို့ ကောင်းကောင်းရရှိခဲ့ပါတယ်။ ငွေကြေးကိုချင့်ချိန်ပြီး ကစားသမားကောင်းကို ရှာဖွေနိုင်မှုဟာ မန်ယူတို့ အားသာချက်ရှိတာတော့အမှန်ပါပဲ။အခုမျက်စိကျနေတဲ့ ဖာဘရီဂတ်စ်ဟာ ဘာစီလိုနာရဲ့ လာမာစီရာ အကယ်ဒမီ ကျောင်းထွက်ဖြစ်တယ်။ ဘောလုံးစွမ်းရည်ပြည့်ဝလို့ ၂၀၀၃ခုနှစ်မှာ အာဆင်နယ်က စာချုပ်ပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက ဖာဘရီဂတ်စ်ဟာ ၁၆ နှစ်ပဲရှိပါသေးတယ်။

နည်းပြအာစင်ဝင်းဂါးရဲ့ လက်အောက်မှာ ပင်ကိုစွမ်းရည်ရှိတဲ့ ဖာဘရီဂတ်စ်ရဲ့ခြေစွမ်းက တိုးတက်လာတာမို့ ၂၀၀၈ ခုနှစ်မှာ အာဆင်နယ်အသင်းခေါင်းဆောင်ဖြစ်လာတာပါ။ အာဆင်နယ်မှာ ရှစ်နှစ်ကြာကစားပြီး ၃၀၃ ပွဲမှာ ၅၇ ဂိုးသွင်းပေးခဲ့တဲ့ ဖာဂရီဂတ်စ်ဟာ ၂၀၁၁ ခုနှစ်မှာ မိခင်ဘာစီလိုနာကလပ်ကို ပြန်ပြောင်းရွှေ့ခဲ့ပါတယ်။

ဖာဘရီဂတ်စ်ကို ဘာစီလိုနာက ပြောင်းရွှေ့ကြေးပေါင် ၂၅ ဒသမ ၄ သန်းနဲ့ ငါးနှစ်စာချုပ်ချုပ်ပြီး ခေါ်ယူခဲ့လို့ ၂၀၁၁-၂၀၁၂ မှာ ကိုပါဒယ်ရေးဖလား၊ ၂၀၁၂-၂၀၁၃မှာ လာလီဂါဖလားတွေရအောင် ဖာဘရီဂတ်စ်ပါဝင်စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။

ဖာဘရီဂတ်စ်ဟာ ဘာစီလိုနာမှာ လိဂ်ဘောလုံးပွဲ ၆၀ အပါအဝင် ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ရာသီအတွင်းမှာ ၉၆ ပွဲကစားပေးခဲ့ပါတယ်။ ပထမဦးစားပေးကစားသမားအဖြစ် ဇာဗီနဲ့ အင်နီယေစတာတို့ရှိနေတာမို့ ဖာဘရီဂတ်စ်အနေနဲ့ ဒုတိယဦးစားပေးမှုနဲ့ပဲ ရပ်တည်နေရသူဖြစ်ပါတယ်။

ဒါပေမယ့် စပိန်လက်ရွေးစင်အသင်းအတွက် ၈၃ ပွဲ ကစားပေးခဲ့ပြီး ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ဥရောပချန်ပီယံဖလားတွေ ဆွတ်ခူးနိုင်အောင် ပါဝင်စွမ်းဆောင်ပေးထားပါတယ်။ အခုတော့ မန်ယူက ကွင်းလယ်ကွက်လပ်ဖြည့်ဆည်းဖို့ ဖာဘရီဂတ်စ်ကို ဈေးတိုးပေးပြီး ခေါ်ယူနေတာဖြစ်ပါတယ်။

မန်ယူကွင်းလယ်မှာ ပေါလ်စခိုးကလည်းမရှိ၊ ဖလက်ချာကလည်းခွဲစိတ်ကုသမှုခံထား၊ နာနီကလည်းဘောလုံးဆုံးရှုံးမှုများပြားသူမို့ ဒီအားနည်းချက်ကို အမြန်ဆုံးဖြည့်ဆည်းဖို့အတွက် ဖာဘရီဂတ်စ်ကိုခေါ်ယူဖို့ ကြိုးစားနေတာပါ။ မန်ယူဟာ ဂါရတ်ဘေးလ်၊ ဖယ်လိုင်နီတို့ကိုလည်း ပစ်မှတ်ထားနေတာမို့ မန်ယူရဲ့ကွင်းလယ် သရုပ်ဆောင်ဟာ ဘယ်သူဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အက်ဖ်စီတွမ်တီးကစားသမား စပါးခေါ်ယူ

စပါးအသင်းက အက်ဖ်စီတွမ်တီး တောင်ပံကစားသမား နာဆာချတ်ဒီအား စာချုပ်ရန်သဘောတူလိုက်ပြီဖြစ်သည်။ စပါးက ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သဘောတူလိုက်သည်။ သို့သော်လည်း အသက် ၂၃ နှစ်ရှိ နာဆာချတ်ဒီကို ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူခဲ့ဖွယ်ရှိသည်။ ၎င်းသည် လာမည့်သီတင်းပတ်တွင် ဟောင်ကောင်ရှိ ရာသီကြိုလေ့ကျင့်ရေးကွင်းသို့ လာရောက်လိမ့်မည်ဟုဆိုသည်။

အမျိုးသမီးယူရိုဘောလုံး ဒိန်းမတ်အကြိုဗိုလ်လုပွဲတက်

အမျိုးသမီး ယူရို ၂၀၁၃ ဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ဒိန်းမတ်က ပြင်သစ်ကို ပယ်နယ်တီလေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အချိန်ပိုကစားပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေ၍ပယ်နယ်တီငါးလုံးစီကန်သွင်းခဲ့ရာ ဒိန်းမတ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒိန်းမတ်အမျိုးသမီးအသင်းသည် အိမ်နီးချင်းနော်ဝေနှင့် အကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးက မန်ယူတိုက်စစ်မှူးရွန်းနေကို စာချုပ်နိုင်ရေး တိုးတက်မှုများရှိနေပြီဖြစ်ကြောင်း အတည်ပြုပြောကြားသည်။
- နောက်တန်း ခံစစ်ပြဿနာနှင့် ကြုံတွေ့နေရသော အာဆင်နယ်က ဆွမ်ဆီးအသင်းမှ ခံစစ်မှူး အသက် ၂၈ နှစ်အရွယ်ရှိ ဝီလီယံကိုခေါ်ယူရန် စီစဉ်နေသည်။
- ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်သည် နာပိုလီသို့ ပြောင်းရွှေ့မှုအတွက် နှောင့်နှေးနေရာ အာဆင်နယ်က မျှော်လင့်နေဆဲဖြစ်သည်။
- ဘွန်ဒက်စ်လီဂါကလပ် ဟမ်းဘတ်အသင်းက အဲဗာတန်တိုက်စစ်မှူး ဂျီလာဗစ်ကို ပေါင်ခြောက်သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ဝက်စ်ဟမ်းအသင်းက စပါးကွင်းလယ်ကစားသမား အသက် ၃၂ နှစ်အရွယ်ရှိ စကော့ပါကာကို စာချုပ်နိုင်ရေးပြင်ဆင်နေသည်။
- မစ်ဒယ်ဘရော့ တိုက်စစ်မှူး စကော့မက်ဒန်နယ်က မီလ်ဝေါအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေသည်။
- နာပိုလီအသင်းသို့ နောက်ခံလူ အသက် ၂၇ နှစ်အရွယ်ရှိ အယ်လ်ဘိုးလ်အား ရောင်းချမည်ဟု ရီးရဲမက်ဒရစ်က သတင်းထုတ်ပြန်သည်။
- ပြင်သစ်ကလပ်ဆိုးချော့သင်းမှ ကွင်းလယ်ကစားသမား ဘတ်ဒီဘတ်အား အင်တာမီလန်က စာချုပ်တော့မည်ဖြစ်သည်။
- ကာဒစ်စီးတီးအသင်းပိုင်ရှင်ဟောင်း ဆမ်ဟမ်မင်းသည် အသင်းကိုပြန်လည်တာဝန်ယူရန် စီစဉ်နေသည်။
- လီဗာပူးကွင်းလယ်ကစားသမား အသက် ၃၃ နှစ်အရွယ်ရှိ ဂျရက်က မိမိ၏ ဘောလုံးသမားဘဝ အနာဂတ်ကို လာမည့်နှစ်၌ ဆုံးဖြတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဝိသုံဂါမဗုဒ္ဓသိမ်တော်ကြီး ရေစက်ချတရားတော်နာဖိတ်ကြားခြင်း

နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မင်းကျောင်းပရိယတ္တိတက္ကသိုလ်၊ စာသင်တိုက်၊ ငမိုးရိပ် ဘူတာရုံရှေ့

နေ့ရက်- ၂၅-၇-၂၀၁၃ ရက် (ကြာသပတေးနေ့)

အချိန် - နံနက် ၈ နာရီမှ ၁၁ နာရီ

ပျောက်ဆုံး

ကျွန်မဒေါ်ကေချိုမင်း ၁၂/လမတ(နိုင်)၀၀၂၇၈၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၈၅၅၁၂၅၈ သို့ ဆက်သွယ်ပေးပါရန်။

ပျောက်ဆုံး

ကျွန်တော် ဦးမျိုးအောင်ကျော် ၁၂/လမတ(နိုင်)၀၀၂၆၀၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၈၅၅၁၂၅၈ သို့ ဆက်သွယ်ပေးပါရန်။

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းအပြင် မြို့သစ်အရှေ့ပိုင်းဒဂုံဆိပ်ကမ်းမြို့နယ် များရှိမြေကွက်များဝယ်လိုသည်။

☎-၀၉-၄၄၈၀၂၅၃၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၃၃၂၃၄၆၅၆
၀၉-၃၃၂၂၉၉၆၅

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(ကျောက်မျက်ပညာသင်တန်း/ဓာတ်ခွဲခန်းကော်မတီ)
အခြေခံကျောက်မျက်ပညာသင်တန်း (အပတ်စဉ်-၁၇)

- စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲနှင့် အခြားကျောက်မျက်များ
- ကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
- စာတွေ့၊ လက်တွေ့၊ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်။
- ၅-၈-၂၀၁၃ ရက်တွင် စတင်မည်။
  သင်တန်းချိန် နံနက် ၇း၃၀ နာရီမှ ၉း၃၀ နာရီအထိ
- သင်တန်းကာလ ငါးပတ်ခန့်၊ အပတ်စဉ်(တနင်္လာနေ့မှ စနေနေ့အထိ)
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြေညီထပ်၊ အခန်း (၇)၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၃၀၀၁၆၁၊ ၀၁-၂၃၀၀၁၅၉

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Set Top Box များ ဝယ်ယူရေးအတွက် တင်ဒါတင်သွင်းထားသူများ၏ Short List စာရင်း ကြေညာချက်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ DVB-T2 စနစ် ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Set Top Box များဝယ်ယူရန် တင်ဒါခေါ်ယူ၍ တင်ဒါသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းထားသည့်တင်ဒါ ၅၁စောင်အား Long List အနေဖြင့် သတ်မှတ်လက်ခံထားပြီး စက်ပစ္စည်း၏ အရည်အသွေး၊ ဈေးနှုန်းသက်သာမှု Warranty Year အဖြစ် အနည်းဆုံးတစ်နှစ် အာမခံခြင်းတို့အပေါ်အခြေခံ၍ Short List ရွေးချယ်သွားမည်ဖြစ်ကြောင်း ၂-၆-၂၀၁၃ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။

၂။ အဆိုပါ တင်ဒါသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းထားသော တင်ဒါ ၅၁စောင်မှ နမူနာ Set Top Box များအား စက်ပစ္စည်း၏ အရည်အသွေးကို အောက်ပါအတိုင်း စစ်ဆေးခဲ့ပါသည်-

(က) DVB-T နှင့် DVB-T2 စနစ်နှစ်ခုလုံး ဖမ်းယူရရှိမှု ရှိ/မရှိ
(ခ) VHF Band နှင့် UHF Band နှစ်ခုလုံးဖြင့် ဖမ်းယူရရှိမှု ရှိ/မရှိ
(ဂ) Video Format PAL/ NTSC ဖမ်းယူရနိုင်/မရနိုင်
(ဃ) နေပြည်တော်မှလွှင့်သော မြဝတီအစီအစဉ် (DVB-T,MPEG-4) ဖမ်းယူရ/မရနှင့် ရုပ်ပုံအရည်အသွေး(Quality) ကောင်း/မကောင်း
(င) Receiving Signal ကို တိုးမြှင့်ဖမ်းယူနိုင်ခြင်း ရှိ/မရှိ
(စ) ရုပ်ပုံအရည်အသွေး၊ အသံအရည်အသွေး ကောင်းမွန်ပြတ်သားမှု ရှိ/မရှိ

၃။ ဈေးနှုန်းသက်သာမှုနှင့်ပတ်သက်ပြီး စက်အလုံးတစ်သန်း ထုတ်လုပ်မည်ဆိုပါက တစ်လုံးတန်ဖိုးအတွက် အမေရိကန်ဒေါ်လာ ၂၀အောက်ဖြစ်သော Set Top Box ကိုသာလည်းကောင်း၊ Warranty Year အဖြစ် အနည်းဆုံးတစ်နှစ် အာမခံခြင်းဖြင့်လည်းကောင်း စံပြုရွေးချယ်ခဲ့ရာ အောက်ပါကုမ္ပဏီ ၁၀ခုက တင်သွင်းလာသော Set Top Box Short List ၁၀ခုကို ဆန်ခါတင်ရွေးချယ်ရရှိခဲ့ပါသည်-

(က) တင်ဒါတင်သွင်းအမှတ်စဉ် (၄၅) Future Gift International Ltd.
(ခ) တင်ဒါတင်သွင်းအမှတ်စဉ် (၄၄) Kinetic Myanmar Technology Co.,
(ဂ) တင်ဒါတင်သွင်းအမှတ်စဉ် (၁) Kaung Thant Kyaw
(ဃ) တင်ဒါတင်သွင်းအမှတ်စဉ် (၄၀) Mega Link Co.,Ltd.
(င) တင်ဒါတင်သွင်းအမှတ်စဉ် (၄၈) Nee Pte
(စ) တင်ဒါတင်သွင်းအမှတ်စဉ် (၁၈) Lucky Bird Co., Ltd.
(ဆ) တင်ဒါတင်သွင်းအမှတ်စဉ် (၃၇) ဥသာဝတီကုမ္ပဏီ
(ဇ) တင်ဒါတင်သွင်းအမှတ်စဉ် (၅၃) Kaon Zinwell Newland
(ဈ) တင်ဒါတင်သွင်းအမှတ်စဉ် (၁၁) Mya Kyun Tha Co.,
(ည) တင်ဒါတင်သွင်းအမှတ်စဉ် (၁၅) MICC Co.,Ltd.

၄။ အထက်ပါ Short List စာရင်းပါ ကုမ္ပဏီ ၁၀ခုအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပ စက်ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီက နောက်ဆုံးအဆင့် ဈေးနှုန်းစိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး စိစစ်ရွေးချယ်မည့်နေ့ရက်အား အချိန်မီ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

THE ASIA FOUNDATION
Job Vacancy Announcement

THE ASIA FOUNDATION,a US-based international development organization,is seeking for highly qualified candidates for its office in Yangon,Myanmar:

Grants Officer/Accountant: Qualifications include:a bachelor's degree in accounting or finance;3 years of relevant work experience in an international setting; strong command of written and spoken English; and familiarity with the Myanmar banking system.

Administrative Assistant:. Qualifications include:a bachelor's degree;3 years of relevant work experience in an international setting,fluent in written and spoken English; strong receptionist and office skills;strong knowledge of Microsoft Office.

Candidates should submit a cover letter and CV to **Ms.Mi Ki Kyaw Myint at mmyint@asiafound.org** by **August 2,2013.**Competitive salary and benefits.Only short-listed applicants will be notified.

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၁၁၉၂၊ မြေအကျယ်ပေ ၄၀×၆၀၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးဝင်းနိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၉၂ ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ် ပျဉ်ထောင်အိမ်၊ ရေ၊ မီး အစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်အေးမျိုးသက် ၁၂/တမန(နိုင်)၁၀၂၀၈၇ က ပိုင်ဆိုင်၊ ကိုယ်တိုင်နေထိုင်၍ တရားဝင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးငြိမ်း LL.B,D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၃၁)
အမှတ် ၈၀၅၊ ရှစ်လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၇၄၈၀၊ ၀၉-၇၃၂၃၅၀၅၉

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကယားပြည်နယ်တွင် ပညာတတ်လူငယ်လူရွယ်ဦးရေ တိုးပွားလာ

လွိုင်ကော် ဇူလိုင် ၂၃

ကယားပြည်နယ်တွင် ငြိမ်းချမ်းရေး၏အသီးအပွင့်ဖြစ်သည့် တက္ကသိုလ်များတည်ဆောက်ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကြောင့် ပညာတတ်လူငယ်လူရွယ်ဦးရေတိုးပွားလာကြောင်း သိရသည်။

"ကျွန်တော်တို့ကယားပြည်နယ် ကျေးလက် တောရွာတွေမှာဆိုရင် အသက် ၄၀ ဝန်းကျင်နဲ့အထက် အသက်အရွယ်တွေဆိုရင် စာမတတ်တဲ့လူတွေ များတယ်။ စာတတ်တဲ့လူတွေကလည်းရေးတတ်၊ ဖတ်တတ်လောက်ပဲရှိတယ်။ ဘွဲ့ရ ပုဂ္ဂိုလ်ဆိုတာရှားတယ်။ အဲဒီခေတ် အဲဒီအချိန်တုန်းက ပညာသင်ချင်ပေမယ့် ကျောင်းမရှိဘူး။ ကျောင်းရှိပေမယ့် ဆရာဆရာမက မရှိဘူး။ ငြိမ်းချမ်းမှုမရှိတော့ ပညာတတ် ဆရာ ဆရာမတွေကမလာချင်ကြဘူး။ ဒီနောက်ပိုင်း ငြိမ်းချမ်းလာပြီး အခြေခံပညာကျောင်းတွေ တိုးချဲ့ဖွင့်လှစ်လာတော့ ပညာတတ်လူငယ်၊ လူရွယ်တွေများလာပါပြီ"ဟု လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ပကဲ့စံပြကျေးရွာနေ ဦးငါးရယ်က ပြောကြားသည်။

"ပညာမတတ်တော့ အရောင်းအဝယ်မလုပ်တတ်ဘူး။ အစိုးရအရာထမ်း၊ အမှုထမ်း ဒေသခံတွေထဲက မရှိသလောက်ရှားတယ်။ ဒေသခံတွေက မိရိုးဖလာတောင်ယာအလုပ်နဲ့ပဲ ကျေးရွာတွေမှာ ရိုးရိုးကုပ်ကုပ်နေကြတယ်။

စာမတတ်သူများ နေတာ ဒီဒေသမှာနှစ်ပေါင်းများစွာ ငြိမ်းချမ်းမှုမရှိခဲ့တာကြောင့်ရယ်၊ ဒေသခံတွေကိုယ်၌က ပညာသင်ရကောင်းမှန်းမသိခဲ့တာတွေကြောင့်ပါပဲ။ ယခု နောက်ပိုင်း ပညာတတ်လူငယ် လူရွယ်တွေများလာတော့ တဖြည်းဖြည်း အမြင်ပွင့်လင်းလာကြပါပြီ။ နိုင်ငံခြားနဲ့ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ကိုလည်း အလုပ်သွားလုပ်ကြတဲ့သူတွေရှိလာတော့ အတွေ့အကြုံဗဟုသုတတွေလည်း ရလာကြတယ်"ဟု ၎င်းက ပြောကြားသည်။

ကယားပြည်နယ်တွင် ငြိမ်းချမ်းမှုရှိရေးသည် အလွန်အရေးကြီးပြီး ငြိမ်းချမ်းမှုမရှိပါက ကျေးလက်တောရွာများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က အလွန်အထိနာကြောင်း၊ ကျေးလက်တောရွာနေသူများ စာမတတ်မှ မိမိတို့ပြောဆိုသောစကား အောင်မြင်မည်ဟု အယူအဆလွဲမှားသူအချို့က စာမသင်ဝံ့အောင် ခြိမ်းခြောက်မှုမျိုးလည်းရှိခဲ့ဖူးသောကြောင့် ကျေးလက်နေသူအချို့ စာမတတ်သူဘဝသို့ရောက်ရှိခဲ့ရသူများလည်း ရှိကြောင်း လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်နေ ဦးစဲရယ်လှဖေက ပြောသည်။

စွမ်းစွမ်းတမံဆောင်ရွက်

ယခုအခါ ကယားပြည်နယ်တွင် ငြိမ်းချမ်းမှု၏ အသီးအပွင့် အဖြစ် နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို ၂၀၀၁ ခုနှစ်တွင် လည်းကောင်း၊ လွိုင်ကော်တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း စတင်ဖွင့်လှစ်ထားရှိပြီး အထက၊ အထက(ခွဲ)၊ အလက၊ အလက(ခွဲ)၊ အမက၊ မူလွန်အမက(ခွဲ)အစရှိသည့် အခြေခံပညာကျောင်းပေါင်း ၃၈၀ ကျော်ကို ဖွင့်လှစ်ထားပြီး ဖြစ်သည့်အပြင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းလျက် အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ရှိပါသဖြင့် နောင်အနာဂတ် ကာလတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုး၊ မိမိပြည်နယ်၏ အကျိုးတို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြမည့် ပညာတတ်လူငယ် လူရွယ်များ တိုးပွားလာမည်ဖြစ်သည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

နေအိမ်အတွင်းဝင်ရောက်ကာ ကပ်ကြေးဖြင့်ထိုး ဆွဲကြိုးလုယူရန် ကြိုးပမ်းသူအား အရေးယူ

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်နေ ဦးကျော်သူရသည် နေအိမ်တွင်ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ ဌေးကျော်(ခ)နာဂက အဝတ်ညှပ်သည့် ကပ်ကြေးကို ကိုင်ဆောင်ဝင်ရောက်လာပြီး ဦးကျော်သူရကို ထိုးသဖြင့် ရှောင်တိမ်းခဲ့ရကြောင်း၊ ထိုသို့ရှောင်တိမ်းစဉ် ဦးကျော်သူရ၏ လည်ပင်း၌ဆွဲထားသော အလေးချိန် လေးကျပ်သားခန့်ရှိ ရွှေဆွဲကြိုး (တန်ဖိုးငွေကျပ် ၂၇ သိန်း သုံးသောင်းခန့်)ကို ဆွဲဖြုတ်ကာ ယူဆောင်ထွက်ပြေးရန် ကြံစည်စဉ်



ပြန်လည်လုယူခဲ့၍ ဆွဲကြိုးပါသွားခြင်းမရှိသော်လည်း ဌေးကျော်(ခ)နာဂသည် ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးကျော်သူရက အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် အလုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

(စိုးဝင်း-SP)

ပုသိမ်ဘူတာရုံလမ်းကို ကွန်ကရစ်လမ်းခင်း

ပုသိမ် ဇူလိုင် ၂၃

ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက်ရှိ ပျက်စီးနေသည့် ဘူတာလမ်းကို ကွန်ကရစ်လမ်းသစ်အဖြစ် အစားထိုးပြုပြင်လျက်ရှိသည်။ အဆိုပါလမ်းသည်ပုသိမ်မြို့ EPC ရုံးရှေ့မှ ဘူတာလမ်းဆုံအထိ ပေ ၂၂၀၀ ရှည်လျားပြီး မြေအနိမ့်ပိုင်းဖြစ်၍ မိုးတွင်းအခါ လမ်းပေါ်ရေလျှံမှုများ ရှိခဲ့ပြီး နှစ်စဉ်လမ်းပျက်စီးမှုများကြောင့် ယာဉ်နှင့်လူသွားလာမှုတွင် အခက်အခဲများနှင့်ကြုံတွေ့ရသည်။

"ဒီလမ်းက နှစ်တိုင်းရေလျှံတယ်၊ ရေဝပ်တယ်၊ လမ်းမပြင်ခင် လမ်းဘေးဝဲယာရေမြောင်းကို မြို့နယ်စည်ပင်နဲ့ လမ်းအထောက်အကူပြု ကော်မတီတို့က စက်ကြီးတွေနဲ့ အရင်ဆုံး မြောင်းဆယ်ရတယ်၊ ပြီးမှ ကွန်ကရစ်လမ်း ချောအဖြစ် ခင်းရတာ"ဟု အမှတ် ၄ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးက ပြောကြားသည်။

မူလပျက်စီးနေသောလမ်းသည်၁၆ပေ အကျယ်ရှိသော ကျောက်ခင်းကတ္တရာလမ်းဖြစ်ပြီး ၂၄ပေ အကျယ် ၈ လက်မအမြင့်ရှိ ကွန်ကရစ်လမ်းသစ် အစားထိုးပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုလမ်းမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဘူတာရုံလမ်းကို ပြုပြင်ရာတွင် မြို့နယ်စည်ပင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ လမ်းကော်မတီဥက္ကဋ္ဌတို့က ဦးဆောင်ကာ မြို့နယ်စည်ပင်သာယာရေးကငွေကျပ်သိန်း ၅၀၀၊ ဧရာဝတီယူနိုက်တက်က ငွေကျပ်သိန်း ၂၀၀ နှင့် ပြည်သူများထည့်ဝင်ငွေ အပါအဝင် စုစုပေါင်း ငွေကျပ် သိန်း ၈၀၀ ကုန်ကျမည်ဟု သိရပြီး ပုသိမ်မြို့ အကျဉ်းဦးစီးဌာနက လမ်းခင်းကျောက်ကြီးကျင်း ၁၀၀ ပါဝင်လှူဒါန်းကာ ဇူလိုင်လကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စိုးမိုး

ပုံနှိပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေးအထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ် အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပုံနှိပ်စီစဉ်ရေးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၂၀၇

(ခ) ပုံနှိပ်စီစဉ်ရေးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်၊
ဖုန်း-၀၁-၂၅၁၉၀၇

(ဂ) အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊
ဖုန်း-၀၂-၆၂၉၃၀

(ဃ) နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၃၆၁၇၃

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေ ၊ နိုင်ငံခြားငွေ (Euro)ဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ	တင်ဒါပိတ်ရက်
1	၁၁၁/မမ/CME (Kyat)	- Rail Bus (RBE) (၃) စီး စုစုပေါင်းတန်ချိန် (78.25)Tons အား ရန်ကုန်မှ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်ဆိပ်သို့ ရေယာဉ်ဖြင့်သယ်ပို့ရန်	9.8.2013
2	၁၁၂/မမ/S&T (Kyat)	- ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်း(၄)မျိုး ဝယ်ယူရန် (Joint Closure, Soldering Lead, PVC Wire 7/044 , 7/029)	9.8.2013
3	15(T)1MR (E) (Euro)	- Spare Parts for Automatic Levelling, Lining and Tamping Machine (ED/ALL TM. No.01 and 02) - 192 Items ဝယ်ယူရန်	19.8.2013

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈ .၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994,291985

မြန်မာ့သစ်လုပ်ငန်း
ပစ္စည်းအဟောင်းများအိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိ ရုံးချုပ်၊ သစ်စက်များနှင့် သစ်လုံးရောင်းဌာနစုများတွင် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) တာယာ (၁၅၂၄) လုံး
(ခ) ဘက်ထရီ (၁၈၃) လုံး
(ဂ) ပတ်လွှ (၄၄၉) လက်၊ (၄၃၇၈)ပေ
(ဃ) လွှဝိုင်း (၇၂၆) လက်
(င) ပီပါခွံ (၇၀) လုံး
(စ) သံရေတိုင်ကီ (၆) လုံး

၂။ **လေလံတင်ရောင်းချမည့်နေရာ** - အမှတ် (၁)သစ်စက် (ကြည့်မြင်တိုင်)
၃။ **လေလံတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ
၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံ ရောင်းချမည့်ရက်နှင့်နေရာ** - ၂၅-၇-၂၀၁၃ရက်မှ ၅-၈-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက် (ကြည့်မြင်တိုင်)၊ ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်၊ ဖုန်း-၀၉-၅၁၅၁၃၃၆၊ ၀၉-၂၀၃၂၇၉၅

လေလံတင်ရောင်းချရေးအဖွဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1		**ရန်ကုန် မြို့ပတ်ရထားလမ်းတစ်လျှောက်ရှိ အမှိုက်များသိမ်းယူခြင်း နှင့်တောချုံခုတ်ခြင်း**
	၁၁၃/မမ/CE	- ရန်ကုန်ဘူတာ မိုင် ၀/၀ မှ အုတ်ကျင်းဘူတာ မိုင် ၇/၀အထိ အမှိုက်များသိမ်းယူ၍စွန့်ပစ်ခြင်း (၂၅.၅-ကျင်း)
	၁၁၄/မမ/CE	- အုတ်ကျင်းဘူတာ မိုင် ၇/၀ မှ တညင်းကုန်းဘူတာ မိုင် ၁၂/၁၈အထိ အမှိုက်များသိမ်းယူ၍စွန့်ပစ်ခြင်း (၃၆-ကျင်း)
	၁၁၅/မမ/CE	- တညင်းကုန်းဘူတာ မိုင် ၁၆/၁၈ မှ ရေကူးဘူတာ မိုင် ၇/၀အထိ အမှိုက်များသိမ်းယူ၍စွန့်ပစ်ခြင်း (၂၃-ကျင်း)
	၁၁၆/မမ/CE	- ရေကူးဘူဘူတာ မိုင် ၇/၀ မှ ရန်ကုန်ဘူတာကြီးဘူတာ မိုင် ၀/၀အထိ အမှိုက်များသိမ်းယူ၍စွန့်ပစ်ခြင်း (၃၁-ကျင်း)
	၁၁၇/မမ/CE	- ရန်ကုန်ဘူတာကြီး မိုင် ၀/၀ မှ အုတ်ကျင်းဘူတာ မိုင် ၇/၀အထိ တောချုံခုတ်ခြင်း (၂၉၇၀-ကျင်း)
	၁၁၈/မမ/CE	- အုတ်ကျင်းဘူတာ မိုင် ၇/၀ မှ တညင်းကုန်းဘူတာ မိုင် ၁၂/၁၈အထိ တောချုံခုတ်ခြင်း (၂၁၇၈-ကျင်း)
	၁၁၉/မမ/CE	- တညင်းကုန်းဘူတာ မိုင် ၁၆/၁၈ မှ ရေကူးဘူတာ မိုင် ၇/၀အထိ တောချုံခုတ်ခြင်း (၂၄၃၄-ကျင်း)
	၁၂၀/မမ/CE	- ရေကူးဘူဘူတာ မိုင် ၇/၀ မှ ရန်ကုန်ဘူတာကြီးဘူတာ မိုင် ၀/၀အထိ တောချုံခုတ်ခြင်း (၄၀၀၀-ကျင်း)

တင်ဒါပိတ်မည့် နေ့/အချိန် - ၆ .၈.၂၀၁၃(အင်္ဂါနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃ .၇.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့၊ဖုန်း -294352,291994

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တောင်ကြီးတက္ကသိုလ်

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအားဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	သုံးထပ်စာသင်ဆောင် သုံးလုံးဆောက်လုပ်ခြင်းလုပ်ငန်း သံကူကွန်ကရစ်(ရေမီးအပါအဝင်)(၁၉၂×၃၈)ပေ	တောင်ကြီးတက္ကသိုလ်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၇-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၈-၂၀၁၃ ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။

၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို တောင်ကြီးတက္ကသိုလ် ဖုန်း-၀၈၁-၂၁၂၂၆၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ဧရာဝတီတိုင်းဒေသကြီး၊မော်လမြိုင်ကျွန်းမြို့နယ်၊ကျုံလမုကြီးကျေးရွာအုပ်စု-စိုက်ပျိုးခြင်းကျေးရွာနေ ဦးမြင့်သောင်း-ဒေါ်မြင့်သန်းတို့၏သား မောင်ခင်မောင်လွင် ၁၄/မမက(နိုင်)၁၆၆၃၉၉အား ဤသတင်းစာတိုက် ၁၅-၅-၂၀၁၂ရက်စာ ၁၇ တွင် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းအပ်ပါသည်။ **ဦးမြင့်သောင်း-ဒေါ်မြင့်သန်း**

မော်လမြိုင်နှင့်ဝန်းကျင် သတင်းများ

မွန်ပြည်နယ် ၁၀မြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် ခြောက်လအတွင်း ၁၁၆ ဦး သေဆုံးခဲ့

မော်လမြိုင် ဇူလိုင် ၂၃

မွန်ပြည်နယ် ၁၀မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းပေါင်းစုံနှင့်အငှားဆိုင်ကယ်များ၊ စက်ဘီး၊ ဆိုက်ကား၊ ကိုယ်ပိုင်မော်တော်ယာဉ်များကို နိုင်ငံတော်က သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီပြေးဆွဲစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ညွှန်ကြားချက်အရ မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီကဦးဆောင်၍ မော်လမြိုင်မြို့ရှိ အမှတ်(၉) ယာဉ်ထိန်းတပ်ဖွဲ့(ခွဲ) ရဲမှူး ညွန့်ဝေနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မွန်ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မြို့နယ်များတွင် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အဆိုပါ ရှောင်တခင်စစ်ဆေးမှုများ နေ့စဉ်ပြုလုပ်ပေးသော်လည်း ယာဉ်တိုက်သေဆုံးမှုများ လျော့နည်းမှု မရှိခဲ့ကြောင်း သိရသည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ၁၀ မြို့နယ်တွင် ယာဉ်မတော်တဆဖြစ်မှု ၃၁၆မှု၊ ဒဏ်ရာရရှိမှု အမျိုးသား ၃၉၂ ဦး၊ အမျိုးသမီး ၁၅၆ ဦး၊ သေဆုံးမှု အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၁၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

မော်လမြိုင် ဇူလိုင် ၂၃

မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမဥကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာလှဦး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးနိုင်လဝီအောင်၊ ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်၊ အတွင်းရေးမှူး ဦးကျော်ဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်ရှိ "ရတနာလှိုင်" ကျောင်းတိုက်ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ တာဝန်ရှိသူများက ဆရာတော်များကို ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

(၁၀၇)

လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီး

မော်လမြိုင် ဇူလိုင် ၂၃

မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ်ပေါ်တော်မူကျေးရွာရန်ကုန်-မော်လမြိုင်ကားလမ်းတွင် ဘားအံမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ အောင်သူရ (၃၂ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် ၆ဂ/. . . တပ်ဆင်ထားသော မတ်ခ်တူးအမျိုးအစား ယာဉ်တစ်စီး၊ ဇေယျာအောင် (၂၁ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ်မပါ ဟွန်ဒါဖစ်အမျိုးအစား ယာဉ်တစ်စီး၊ မျိုးလွင်(၃၉ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် ၇ဃ/. . တပ်ဆင်ထားသော ဟွန်ဒါစီအာရ်ဗွီအမျိုးအစား ယာဉ်တစ်စီး၊ အောင်ရွှေထူး (၃၅ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် ၇ဃ/. . . တပ်ဆင်ထားသော မတ်ခ်တူးအမျိုးအစားယာဉ်တစ်စီး၊ စည်သူ (၂၈နှစ်)မောင်းနှင်လာသောယာဉ်အမှတ်၈ဈ/. . တပ်ဆင်ထားသော စူပါကာစတန်အမျိုးအစား ယာဉ်တစ်စီး၊ ယာဉ်မောင်းထွက်ပြေးသွားပြီး ယာဉ်အမှတ် ၄ဂ/. . . တပ်ဆင်ထားသော တိုရိုတာဗစ်အမျိုးအစား ယာဉ်တစ်စီး စုစုပေါင်း ခြောက်စီးကို ဇူလိုင် ၁၄ ရက် ည ၉ နာရီခွဲခန့်က စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာမတင်ပြနိုင်သဖြင့်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်များနှင့် ပတ်သက်၍ သထုံခရိုင်ရဲတပ်ဖွဲ့က သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စိစစ်ပြီးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း သိရသည်။ (လ/၀၁၂)

မော်လမြိုင်၌ ဓာတ်တိုင်မီးလင်းရေး မီးလုံးများ တပ်ဆင်

မော်လမြိုင် ဇူလိုင် ၂၃

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်အတွင်း ယာဉ်တိုက်မှုများ မဖြစ်စေရေးနှင့် လမ်းသွားလမ်းလာများ ထိခိုက်မှုမရှိစေရေးအတွက် ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်သိန်းနှင့်ရပ်ကွက်အထောက်အကူပြု အဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါနယ်မြေအတွင်းရှိ ဓာတ်တိုင်၆၀တွင်ငွေကျပ် ၁၀သိန်း အကုန်အကျခံကာ ဇူလိုင် ၂၁ရက်မှစတင်၍ မီးလုံးများ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မကွေးမြို့၊ စိုးကောမင်းရပ်ကွက်၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းနေ
ဦးခင်မောင်လေး(တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-
ဒေါ်ခင်မေသစ် (ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏
တစ်ဦးတည်းသောသား

ဒေါက်တာစိုပြေ M.B.,B.S (Mdy:)

(လက်ထောက်ဆရာဝန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးမြို့)

နှင့်

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၇၄)နေ
ဦးမြင့်သိန်း(ပြည်နယ်ဦးစီးမှူး-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)-
ဒေါ်ရီရီရှိန်(စာရင်းကိုင်-၁၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏ သမီးငယ်
ဒေါက်တာဇေယျာဦး-ဒေါက်တာနှင်းလဲ့ရည်၊
ဒေါက်တာအိကေခိုင်တို့၏ညီမ၊

ဒေါက်တာမေမြတ်ခိုင် M.B.,B.S (Mdy:)

[လက်ထောက်ဆရာဝန်၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဆည်မြို့]

တို့သည် ၂၀-၇-၂၀၁၃ရက် မကွေးမြို့၊ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အောင်မင်္ဂလာစံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး ဒေါ်စမ်းစမ်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်ဇနီး ဒေါ်တင်တင်ဝင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်လာရောက်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့်ဇနီး ဒေါ်မို့မို့နွယ်တို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော သားငယ်မောင်ဘုန်းမော်ဟိန်းနှင့် သမီးလေး မသက်ထက်စံ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာနွေးနွေးအိ၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မသိင်္ဂီနွယ်ထွန်း၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မခင်နန်းနွယ်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာအောင်ကျော်ဦးနှင့် ကိုကျော်သက်နိုင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာအိငြိမ်းလင်းနှင့် မဇေပရယ်ဦးဦးခင်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးခင်မောင်သန်း၊ မင်္ဂလာအခါတော်ပေး သီဆိုတီးခတ်ဖျော်ဖြေပေးပါသော မကွေးမြို့၊ မြို့မတီးဝိုင်းအဖွဲ့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အထူးသဖြင့် အစစအရာရာ ကူညီပံ့ပိုးပေးပါသော ဦးတင့်လွင် တိုင်းဒေသကြီးဦးစီးမှူး(ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့်တို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစိုပြေ-ဒေါက်တာမေမြတ်ခိုင်

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဘက်ထရီ၊ တာယာ၊ စက္ကူနှင့်စာရေးကိရိယာများ၊ Ink - Cartridges၊ စက်ဆီချောဆီ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဈေးနှုန်းဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပိတ်ရက်နှင့်အချိန်မှာ - ၅-၈-၂၀၁၃ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များဝယ်ယူခြင်း၊ ဈေးနှုန်းလွှာတင်သွင်းခြင်း၊ အသေးစိတ်အချက်အလက်များစုံစမ်းခြင်းကို သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ထုတ်လုပ်ရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၂၄၁သို့ ဆက်သွယ်နိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

ဆရာဝန်မှတ်ပုံတင်(ဆမ)ထုတ်ပေးရေးမွမ်းမံသင်တန်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ) ထုတ်ပေးရေးမွမ်းမံသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်(၂) ရန်ကုန်တွင် ဆရာဝန်မှတ်ပုံတင်(ဆမ) ထုတ်ပေးရေးမွမ်းမံသင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်တွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ)ထုတ်ပေးရေး မွမ်းမံသင်တန်းကို ၂၀၁၃ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်၍ ၂၀၁၃ခုနှစ်မတိုင်မီ ဘွဲ့လက်မှတ်ရရှိထားပြီး ဆရာဝန်မှတ်ပုံတင်(ဆမ)/သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) မရရှိသေးသူများနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သက်(၁)နှစ်မပြည့်ဘဲ အလုပ်မှထုတ်ပစ်ခြင်းခံရသူများ(သို့မဟုတ်) (၁)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့သော်လည်း အလုပ်မှထုတ်ပစ်ခြင်းခံရပြီးနောက် (၃)နှစ်ကာလကျော်လွန်နေသည့် ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ **လျှောက်လွှာပိတ်ရက်** - ၉-၈-၂၀၁၃ ရက်
၃။ **လျှောက်ထားရမည့်နေရာ** - ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်
၄။ အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်များတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

စုံစမ်းမေးမြန်းရန်ဖုန်းနံပါတ်- ၀၆၇-၄၁၁၂၃၇ (ဆေးသိပ္ပံပညာဦးစီးဌာန)
၀၁-၉၆၉၉၈၅၂ (ဆေးတက္ကသိုလ်-၂)၊ ရန်ကုန်
၀၁-၅၇၁၂၇၃(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ရန်ကုန်)

ဆေးသိပ္ပံပညာဦးစီးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၇-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၁) ကန့်ကွက်ကြော်ငြာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်ရှိ ဒေါ်တင်တင်မော် ဝယ်ယူသော ပေအကျယ်အဝန်းအား ပေ(၄၀×၆၀)ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung/Hlaw Gar) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 13/DHPI/Lining Form/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Lining Form	4 Sets (Paung Laung-2 Sets, Hlaw Gar-2 Sets)

၂။ ပစ္စည်းများ၏ (Specification, Manufacture. Country of Origin) တို့အား ၁၃-၈-၂၀၁၃ရက် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၃-ခု၊ အပတ်စဉ်(၁၀) ဩဂုတ်လ (၁) ရက်နေ့ဖွင့်မည်။
ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)
အမှတ်၇၃၊ သုဓမ္မာလမ်းမကြီး(၂)ရပ်ကွက်၊ (ဘုန်းကြီးလမ်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်။
Ph-09-43192139, 09-43139065, 09-43155790, 09-43157190, 09-5140103, 09-73213416
သင်တန်းခွဲ-အမှတ်-၁၀ဂ/၂၊ သံသုမာလမ်းမကြီး၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
Ph-01-572831, 09-43192138, 09-43192140
(နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ပေးပါမည်။)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကျုံးကြီးလမ်း၊ အမှတ် ၂၆၇ (ခုနစ်လွှာ)၊ တိုက်နှင့်မျက်နှာမူလျှင် ညာဘက်တိုက်ခန်းနှင့် အပေါ်ဆုံးဒါဘာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်လှိုင်-ဒေါ်မီမီအောင်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးသတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးခိုင်	ဒေါ်ခိုင်မွန်ဦး
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၁၀၂၉၀၈၃	ဖုန်း-၀၉-၃၁၁၁၀၄၄၀

24-7 (16).pmd 1 7/22/2013, 7:25 AM

ပြည်လုံးကျွတ် သန်းခေါင်စာရင်းနှင့်အပြိုင် လုပ်သားအင်အား စာရင်းကောက်ယူမည်

နေပြည်တော် ဇူလိုင် ၂၃

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်း၍ ပြည်တွင်းရှိ လုပ်သားအင်အား စာရင်းများ ကောက်ယူသွားရန်ရှိကြောင်း သတင်းရရှိသည်။

"နိုင်ငံ တိုးတက်လာဖို့အတွက် လူ့စွမ်းအား အရင်းအမြစ်တွေကို ဖော်ထုတ်ဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ သဘောတူညီမှုတွေ ရယူထားပြီး ဖြစ်ပါတယ်။ အဓိက ကတော့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို စိတ်ဝင်စားမှုအလိုက် သင်ကြားပေးပြီး တာဝန်ယူနိုင်စွမ်းတွေ၊ အရည်အချင်း စွမ်းရည်တွေမြှင့်တင်ပေးနိုင်အောင် စာရင်းကောက်ယူမှာဖြစ်ပါတယ်"ဟု အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ စတိဖ်မာရှယ်လ်က ပြောကြားသည်။

အဆိုပါ စာရင်းကောက်ယူမှုကို ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူချိန်၌ တစ်ပါတည်း ထည့်သွင်းကောက်ယူမည်ဖြစ်ပြီးထိုသို့ ကောက်ယူမှုသာ အလုပ်အကိုင်ရရှိနိုင်မှု ပိုမိုမြင်သာလာပြီး အလုပ်လက်မဲ့ဦးရေ တိကျစွာထွက်ပေါ်မှသာ သင့်တော်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အစီအစဉ်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာရင်းကောက်ယူမှုများမှ လက်ရှိအလုပ်အကိုင်ရရှိသူဦးရေ အလုပ်လုပ်ကိုင်နိုင်သည့်ဦးရေနှင့်အလုပ်လက်မဲ့ ဦးရေများကို တိကျစွာထွက်ပေါ်လာနိုင်ပြီး လုပ်အားအင်အားအရင်းအမြစ် ပေါများခြင်းကြောင့်လည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသူ စီးပွားရေးလုပ်ငန်းရှင်များ ပိုမို ရွေးချယ်စရာ အခွင့်အလမ်းသစ် တိုးပွားလာနိုင်ကြောင်း အိုင်အယ်လ်အိုမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

ခင်ရတနာ

ခွာနာလျှာနာကာကွယ်ဆေးနှင့် အသိပညာပေးဟောပြောပွဲ စဉ့်ကိုင်မြို့၌ကျင်းပ

စဉ့်ကိုင် ဇူလိုင် ၂၃

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြီး နွားများအား အခမဲ့ခွာနာလျှာနာကာကွယ်ဆေးထိုးခြင်းနှင့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာအုပ်စု အရှေ့ရွာသစ်ကျေးရွာနှင့် မြောင်းဆုံကြီးကျေးရွာတို့၌ ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အဆိုပါ ပညာပေးဟောပြောပွဲတွင် မွေးမြူသူပြည်သူများအနေဖြင့် ကျွဲ၊ နွားများကျန်းမာရေးကောင်းမွန်တိုးတက်စေရန်နှင့် လုပ်အားဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန်အတွက် မိမိတို့ပိုင် ကျွဲ၊ နွားများကိုခွာနာလျှာနာ ကာကွယ်ဆေးထိုးပေးရန် လိုအပ်ကြောင်းနှင့် ကာကွယ်ဆေးထိုးခြင်း၏ကောင်းကျိုးများကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါက်တာအောင်နိုင်စိုးက ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးဌာန ခွာနာလျှာနာဌာနစိတ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုထွဏ်းက ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်များတွင် ခွာနာ လျှာနာကာကွယ်ဆေး အခမဲ့ထိုးပေးခြင်း လုပ်ငန်းဆောင်ရွက်ချက် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဦးစီးဌာန ရောဂါရှာဖွေ ထိန်းချုပ်ရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဆွေဝင်းက ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ပညာပေးရှင်းလင်းဟောပြောကြသည်။

အဆိုပါ အခမဲ့ခွာနာလျှာနာကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ ရက်မှ ၂၄ ရက်အထိဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အထိ နွားကောင်ရေ ၃၃၇၀၂ ကောင်ကို အခမဲ့ ကာကွယ်ဆေးထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးမြို့နယ် အင်းလေးကျေးရွာလူသတ်မှု ဖော်ထုတ်ဖမ်းဆီး

ပဲခူး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝါးမရမ်းအုပ်စု အင်းလေးကျေးရွာတွင် ဇူလိုင် ၁၇ ရက် ည ၇ နာရီခန့်က မင်းမင်း(ခ)ကုလား (၃၄ နှစ်) သည် ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် အမှတ်(၃) ရဲစခန်းမှ စခန်းမှူးရဲအုပ်ဇော်လင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လင်းအောင်နှင့်အဖွဲ့သည် အခင်းဖြစ်သော နေရာသို့ ချက်ချင်းသွားရောက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အခင်းဖြစ်ပွားသောနေရာသည် ဝေးလံခေါင်းပါးပြီး လူမရှိသောနေရာတွင် ဖြစ်ပွားခဲ့ခြင်း၊ မိုးတွင်းအခါဖြစ်ပြီးလမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်နေသည့်ကြားမှ ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဇော်မင်း၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၂၀ ရက် ညတွင် အင်းလေးကျေးရွာနေ ဇော်ဝင်း (၃၇ နှစ်) ကျပန်းလုပ်ကိုင်သူကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော အရိုးအသွား ၂၆ လက်မခန့်ရှိ ဓားရှည်နှင့်အတူ ဖမ်းဆီးရမိပြီး အမြန်တရားစွဲတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သန့်စင်

အင်းစိန်မြို့နယ်မြို့သစ်(က+ခ)ရပ်ကွက်၌ ဖုန်းအရောင်းဆိုင် ဖောက်ထွင်းမှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၆ လမ်းထိပ်၊ ဘုရင့်နောင်လမ်းမတွင် ဦးကျော်လတ်ဖွင့်လှစ်ထားသော Lucky Hanset ဆိုင်ကို ဇူလိုင်၂၁ ရက်နံနက် ၉ နာရီခွဲခန့်က ဆိုင်ခန်းဖွင့်စဉ် ဆိုင်တံခါးတွင် ခတ်ထားသော သော့နှစ်ခုကို သံဖြတ်လွှဖြင့် ဖြတ်တောက်ဖျက်ဆီးထားပြီး ဖောက်ထွင်းခံရသဖြင့် အဆိုပါ ပိုင်ရှင်က အမှတ်(၅) ရဲကင်းသို့ သွားရောက်တိုင်တန်းခဲ့သော အမှုဖြစ်သည်။

အခင်းဖြစ်နေရာသို့ အမှတ်(၅)ရဲကင်းရှိ နယ်ထိန်းတပ်ကြပ် အောင်ကျော်ဦး၊ တပ်ကြပ် အောင်ဇော်လင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ HUAWEI အမျိုးအစား Hanset ၁၆ လုံးတန်ဖိုးငွေကျပ် ၁၀ သိန်းကျော် ဖောက်ထွင်းခိုးယူသွားကြောင်း စစ်ဆေးတွေ့ရှိရသည်။ အမှုကို အင်းစိန်ရဲစခန်းသို့ ဆိုင်ရှင်က တိုင်ကြားထားကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၄ / ၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-031(2013-2014)	(a) SSB/HF Transceiver (Synthesized) (25 W-100W)	(2) Nos	US$
		(b) VHF/FM Transceiver (Synthesized) (25 W)	(1) No	
		(c) VHF/FM Transceiver (Walkie-Talkie) (5 W)	(11) Nos	
(၂)	IFB-032(2013-2014)	Spares for Komatsu Dozer	(16) Items	US$
(၃)	IFB-033(2013-2014)	Spares for Kobelco Excavator	(10) Items	US$
(၄)	IFB-034(2013-2014)	Spares for Kobelco Excavator	(11) Items	US$
(၅)	IFB-035(2013-2014)	Spares for D 375 Rig Pump	(21) Items	US$
(၆)	IFB-036(2013-2014)	2 7/8" AOH Drill Pipe and Accessories (1) Lot	(3500) MTR	US$
(၇)	IFB-037(2013-2014)	13 5/8"x 3K Well Head Assy	(1) Lot	US$
(၈)	IFB-038(2013-2014)	13 5/8"x 5K Well Head Assy	(1) Lot	US$
(၉)	IFB-039(2013-2014)	4 3/4" Tri Cone Rock Bit	(10) Nos	US$
(၁၀)	IFB-040(2013-2014)	National Torque Convertor (C 245 – 125)	(3) Nos	US$
(၁၁)	DMP/L-016(2013-2014)	Nissan Engine & Gear Box (Recondition)	(1) Set	Kyat
(၁၂)	DMP/L-017(2013-2014)	2" Pitch Double Roller Chain & Offset Link	(2) Items	Kyat
(၁၃)	DMP/L-018(2013-2014)	10.00 x 20 Tyre, 11.00 x 20 Tyre, 12.00 x 20 Tyre, 7.50 x 16 Tyre , 7.00 x 16 Tyre & 20.5 x 25-24 Ply Tyre	(6) Items	Kyat
(၁၄)	DMP/L-019(2013-2014)	Rubber Cushion For CAT-3512 Engine & Mitsubishi Generator	(48) Nos	Kyat
(၁၅)	DMP/L-020(2013-2014)	Bearings, Oil Seals & O-Rings For EMSCO Drilling Rig	(1) Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၉-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ဦးစိန်ဝင်း ၁၂/မဂတ(နိုင်)၀၂၉၃၃၂ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၂၅၆နေ ဒေါ်သိန်းသိန်းစန်း ၁၂/မဂတ(နိုင်)၀၂၉၃၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းသိန်းစန်းသည် ဦးစိန်ဝင်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး အိမ်ထောင်သက် ၂၇နှစ်တွင် သမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ဦးစိန်ဝင်းသည် ခွင့်မလွှတ်နိုင်သော အိမ်ထောင်ရေးဖောက်ပြန်မှုကို ပြုလုပ်နေပြီး ကျွန်ုပ်၏အမှုသည်အား အမျိုးမျိုးသော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုများကို ပြုလုပ်နေပါသောကြောင့် ကျွန်ုပ်၏အမှုသည် မသိရှိဘဲ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ တစ်ဆင့်လွှဲပြောင်းခြင်း မပြုလုပ်ရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်းသိန်းစန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လွင်မာဦး
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၆၆)
အမှတ် ၉၉၊ ပထမထပ်၊ ၃၈လမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၅၀၃၄၇၊ ၀၁-၂၅၃၄၀၃၊ ၀၁-၅၂၁၁၆၈
gmail:lwinmar.law@gmail.com

မကွေးမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ

၂၀၁၃ခုနှစ် မကွေးမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ပါမည်။

နေ့ရက် - ၂၈-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ

နေရာ - တက္ကသိုလ်များဓမ္မာရုံ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

အသက်(၇၅)နှစ်အထက် သက်ကြီးများနှင့် ဂုဏ်ထူးရ သားသမီးများစာရင်းကို ဦးကြည်စိုး(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၁၂၉၇၂၊ ၀၁-၅၁၂၂၃၁၊ ဦးဝင်းကို (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၇၃၀၄၅၆၉၉၊ ဦးမြင့်သောင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၄၃၀၉၁၅၀၇၊ ဒေါ်ကြည်ကြည်ဝင်း (အမှုဆောင်) ဖုန်း-၀၉-၅၀၄၁၀၅၈တို့သို့ ဆက်သွယ်ပေးပို့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်းသွယ်၊ အမှတ်(၆၉)မှ အကျယ်အဝန်း (၂၃'×၄၅')ခန့်ရှိ ၄-လွှာ (ဘယ်)၊ အခန်းအမှတ် (၇) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးညီညီတိုး (၁၂/ကတတ(နိုင်)၀၀၆၉၆၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.
အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁ ၂၇၈ ၂၈

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၁၂၇၃/က၊ မြေကွက်တည်နေရာအမှတ် ၁၂၇၃/က၊ သုဇာတာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်စိန် ၉/မထလ(နိုင်)၀၆၆၃၇၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ခင်စိန်၊ ဖခင် ဦးမင်းအောင် ကွယ်လွန်သဖြင့် ဦးထွန်းထွန်းဦး ၁၂/ဥကမ(နိုင်)၀၄၉၃၅၅၊ ဒေါ်အေးအေးမော် ၁၂/ဥကမ(နိုင်)၀၄၉၃၆၆၊ ဦးသန်းထိုက် ၉/မထလ(နိုင်)၀၆၈၁၂၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၃အေ ၂/ဘီ၊ မြေကွက်တည်နေရာအမှတ် ၂၂၄၊ ဦးဝိစာရလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးမြင့်ရှိန်၊ ဒေါ်ခင်မင်းဟန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ရှိန် ကွယ်လွန်သဖြင့် ဒေါ်ပုလဲ ၁၂/ဗဟန(နိုင်)၀၃၆၉၂၉က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင် ဒေါ်ခင်မင်းဟန် ၁၂/ဗဟန(နိုင်)၀၃၉၅၅၆တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

မသင်္ကာစစ်ဆေးရာမှ ခိုးမှုတစ်မှုနှင့် ခါးပိုက်နှိုက်မှုတစ်မှု ဖော်ထုတ်ရရှိ

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် ယုဇနပလာဇာ ကားမှတ်တိုင်အနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မနုနုထွေး (၃၅ နှစ်) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူကို သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ၎င်းကိုင်ထားသော ပိုက်ဆံအိတ်အတွင်းမှ အလေးချိန် တစ်ပဲ ခြောက်ရွေးရှိ ကလေးဆွဲကြိုးတစ်ကုံး ရှာဖွေတွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ယုဇနပလာဇာရှိဖိနပ်ဆိုင်တွင်ဈေးဝယ်နေသည့်အမျိုးသမီးတစ်ဦးချီထားသော တစ်နှစ်သား အရွယ်ကလေးငယ်၏ လည်ပင်းမှ ဖြုတ်၍ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက ၎င်းကို ဆက်လက်စစ်ဆေးရာ၂၀၁၂ခုနှစ်အတွင်းက မင်္ဂလာဈေးအတွင်း အထည်ဝယ်ယူနေသော အမျိုးသမီးတစ်ဦး၏ စလင်းဘက်အိတ်အတွင်းမှ ရွှေထည်ပစ္စည်းများဖြစ်သည့် လက်စွပ်၊ နားကပ်၊ လက်ကောက်တို့နှင့် ငွေကျပ် တစ်သိန်းနှိုက်ယူခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်သိမ်းဆည်းရမိသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထုတ်ပြန်ချက်အရ သိရသည်။ **(စိုးဝင်း-SP)**

အလျှုငွေခိုးယူသူဖမ်းဆီး

ရန်ကုန် ဇူလိုင် ၂၃

ဇူလိုင် ၁၉ရက်နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် အထက် ပုဇွန်တောင်လမ်း (၇)ရပ်ကွက် ဆားလင်းဘုန်းကြီးကျောင်းဝင်းအတွင်း ရွှေမုဋ္ဌောစေတီရှေ့တွင်ထားရှိသည့်အလှူခံပုံးမှန်ကို ခဲနှင့်ထုခွဲ၍ အလှူငွေများကို ခိုးယူနေကြောင်း သတင်းအရ ပုဇွန်တောင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေး ဖမ်းဆီးရာ အလှူငွေကျပ် ၁၄၄၀၀ကို ကျောက်တန်းမြို့နယ်နေ မငွေခိုင်နွယ်(၂၉နှစ်)က ခိုးယူကာ၎င်း၏ လွယ်အိတ်အတွင်း ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းက အရေးယူ ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

တာချီလိတ်၌ လောင်းကစားဂိမ်းခုံ ၂၁ လုံးဖမ်းဆီးအရေးယူ

တာချီလိတ် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ဝင်ရောက်ရှာဖွေခဲ့ရာ ယင်းခြံဝင်းအတွင်း လောင်း ကစားပြုလုပ်သည့် ဂိမ်းခုံ ၂၁လုံး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ထိန်း တပ်ကြပ်ကြီး အောင်စိုးမိုး၊ တပ်ကြပ်ကြီး အောင်ကျော်ဦး၊ တပ်ကြပ်အေးမြင့်၊ သက်သေ မယ်ခေါင်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းခမ်းဟုန်၊ ပြည်သူ့စစ်ခေါင်းဆောင် ဦးဝင်းမောင်တို့နှင့်အတူ မယ်ခေါင်ရပ်ကွက်ရှိ လှအောင် ၎ားရမ်းနေထိုင်သော ခြံဝင်းအတွင်း လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ယင်းခြံဝင်းအတွင်း စုစုပေါင်း ဂိမ်းခုံ ၂၁ လုံး ဖမ်းဆီးရမိကြောင်း သိရသည်။

အိမ်ရှင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး အဆိုပါ ဂိမ်းခုံများဖြင့် လောင်းကစားအိမ် ဖွင့်လှစ်ထားသော လှအောင် (၃၂နှစ်) အရောင်းအဝယ်လုပ်ကိုင်သူ၊ မိုးသောက်ကြယ်လမ်း၊ မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူကို တာချီလိတ်ရဲစခန်း၌ အမှုဖွင့်၍ ဖမ်းဆီးရမိရေးအတွက် စုံစမ်းနေကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ခွင့်ပြုချက်မရှိဘဲ နယ်စပ်ဖြတ်ကျော်ဝင်လာသည့် အိန္ဒိယနိုင်ငံသားများ ဖမ်းဆီးရမိ

တမူး ဇူလိုင် ၂၃

ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ နန်းဖာလုံဈေးသို့ အိန္ဒိယနိုင်ငံ အင်ဖာမြို့မှ ဆန်တိုဘမိတ်တိတ် (၂၈ နှစ်) ပါဝင်သော ခြောက်ဦးသည် ဈေးဝယ်ရန်ဝင်ရောက်လာခဲ့ပြီး တမူးမြို့သစ်ကားလမ်းအတိုင်း ကွန်းတောင်းရွာသို့ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲ သွားရောက်ခဲ့ကာ ထိုမှတစ်ဆင့် တမူးမြို့သို့ ပြန်လည်ထွက်ခွာလာပြီး မြို့မ ၁၄ ရပ်ကွက် ရာအိမ်မှူးထံ ဆိုင်ကယ်လာ၎ှားသဖြင့် တမူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းတို့ခြောက်ဦးသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရှေးဟောင်းပစ္စည်းများရှာဖွေရန် ဝင်ရောက်ခဲ့ကြောင်း သိရသဖြင့် တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုကိုရှူပ**

ဆိုင်ကယ် ဘေးချင်းယှဉ်လုယက်မှု လားရှိုးတွင် မကြာခဏ ဖြစ်ပွားနေ

လားရှိုး ဇူလိုင် ၂၃

လားရှိုးမြို့တွင် ဆိုင်ကယ်ဘေးချင်းယှဉ်၍ စီးနင်းပြီးလုယက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့ ရပ်ကွက်(၁)နယ်မြေ (၆)တွင် နေထိုင်သူ မလှိုင်နန္ဒာကျော်နှင့် ၎င်း၏ယောက်မဖြစ်သူ မကေသီထွန်းတို့သည် ဇူလိုင် ၁၉ ရက် ည ၈နာရီ ၄၅ မိနစ်က နေအိမ်မှရွှေဖူးစာမုန့်ဆိုင်သို့ မင်္ဂလာဆောင်အတွက် မုန့်သွားရောက်မှာကြားရန် ဆိုင်ကယ်စီးနင်းလာစဉ် ရပ်ကွက်(၃) ကြာဖြူလမ်းထိပ်အရောက်တွင် အသက် ၂၀ ခန့်အမျိုးသားလူငယ်နှစ်ဦးက 125 အမျိုးအစား အဖြူရောင်ဆိုင်ကယ်ဖြင့် ဘေးချင်းယှဉ်၍ စီးနင်းပြီး ဆိုင်ကယ်နောက်ခုံတွင် ထိုင်လာသူ မကေသီထွန်းကိုင်ဆောင်ထားသော ပိုက်ဆံအိတ်ပန်းရောင်နှင့်ဆင်စွယ်ရောင်အကျားပိုက်ဆံအိတ်တို့ကို ဆောင့်ဆွဲလုယူပြီး ဆိုင်ကယ်ကိုအရှိန်ပြင်းစွာမောင်းနှင်၍ ထွက်ပြေးသွားခဲ့သည်။ ပိုက်ဆံအိတ်များထဲတွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်မြန်မာငွေရောရာ ငွေကျပ် သုံးသိန်းခန့်ပါသွားသည်ဟု သိရသည်။ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး တရားခံများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း စခန်းတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

လားရှိုးမြို့တွင် ယခုရက်ပိုင်းအတွင်း အလားတူဖြစ်ရပ်မျိုး အခြားလူနေရပ်ကွက် လမ်းမများပေါ်တွင်လည်း မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း ညနေခင်းနှင့်ညဦးပိုင်းများတွင် နေအိမ်ပြင်ပသို့သွားရန် စိုးရိမ်မကင်း ဖြစ်နေကြရကြောင်း သိရသည်။ **နေမျိုးနွယ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ
နဝမအကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော
ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို
အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍
အသင်းဝင်များ(အားလုံး)နှင့် ဓမ္မမိတ်ဆွေအပေါင်းတို့
ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ
ကြွရောက်ပါရန် လေးစားစွာဖြင့်
ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ် ဇူလိုင် ၂၈ရက် (တနင်္ဂနွေနေ့)
၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၆ရက်
အချိန် - နံနက် ၁၀း၀၀နာရီ
နေရာ - မိုးကုတ်ဆွမ်းစားဆောင်၊ ကမ္ဘာအေးကုန်းမြေ

လေးစားစွာဖြင့်
မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

ဦးနိုင်ဝင်း၊ဦးကိုကိုစိုး
အားသစ်
L.O(4)ဝငါးခွင့် အနီးကပ်နေ့စဉ်တက် တန်းခွဲ
ဇူလိုင်(၂၇) စမည် Daily 9:00 to 12:30
ဩဂုတ်(၁၀)ရက်ထိသင်ပြီးရင် ကိုယ်ပိုင်စာကျက်ချိန် (၇)ရက်ရမယ်
J.O မှ J.O ဆိုသူများအတွက် Sat,Sun 9:00-12:00(am)
ဩဂုတ်လ (၉) ရက်စမည် ကြိုအပ်နေကြပြီ(၄၀၀၀၀ ကျပ်)
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
09 450017415,09 500 1599, 09 8632973, 0973172556

ရန်ကုန်လမ်းညွှန် **Luckydraw Result**

ဇူလိုင်လအတွက် ဒုတိယပတ်ကံထူးရှင်

၂၀၁၃ခုနှစ် ရန်ကုန်လမ်းညွှန် Lucky Draw အစီအစဉ်၏ ဆယ်ကြိမ်မြောက်
ကံစမ်းမဲဖောက်ပေးသော Samsung Galaxy Mega ၏ ပေါက်မဲနံပါတ်မှာ

087065

ဖြစ်ပြီး တစ်ဆယ့်တစ်ကြိမ်မြောက် ကံစမ်းမဲဖောက်ပေးမည့် ပစ္စည်းကတော့
Dunlopillo duchess Mattress ဖြစ်ပါသည်။

ရန်ကုန်လမ်းညွှန်စာအုပ် (ID) နံပါတ်များအား စာရင်းသွင်းရန်နှင့် ဆုပစ္စည်းလာရောက်ထုတ်ယူရန်

၇လွှာ၊ အဆောင် (စီ)၊ မင်္ဂလာဈေးသစ်၊ စက်ရုံလမ်းနှင့် ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း 01- 9000 712, 9000 713,
E-mail : luckydraw@yangon-directory.com

ဘာပဲလိုလို HOT LINE 01-86 19 277

ကံစမ်းမဲများကို ၂၀၁၃ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် (၁) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးသွားမည်ဖြစ်ပြီး လစဉ်ကံထူးရှင်များအားရန်ကုန်လမ်းညွှန်ဝဘ်ဆိုက် www.yangon-directory.com, www.facebook.com/TheYangondirectory ၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖော်ပြပေးသွားပါမည်။

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ မြို့မ(၃)၊ ကွင်းအမှတ်(၈၄၄/၂)၊ မုဒုံကွင်း၊ ဦးပိုင်အမှတ်(ဃ / ၂၇၂ /၂၂)၊ ဧရိယာ ဝဒသမ ဝ၃ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ မျက်နှာစာ (၂၃)ပေ၊ အရှည်(၅၃)ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ နှစ်ထပ်နေအိမ်တစ်လုံး အကျိုးခံစားခွင့်အားလုံးအား လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူအား ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို ကျွန်ုပ်မိတ်ဆွေက ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မို့မို့ကေသီကျော်
အထက်တန်းရှေ့နေ(စဉ်-၃၆၆၉၉)
အမှတ် ၅၉-B၊ ဗိုလ်ချုပ်လမ်း
မြို့မ(၃)၊ မုဒုံမြို့

(စန္ဒာသိန်း)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၉၂)
အမှတ် ၈၊ မြစေတီလမ်း၊
စက်သစ်ရပ်၊ မြို့မ-၁၊ မုဒုံမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၈၊ မြေကွက်အမှတ် ၆၆၈၊ အကျယ်အဝန်း (၄၀×၆၀) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်ဇော အမည်ပေါက်ပြီး အမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်ဖြင့်ဝယ်ယူထားသော ဦးအောင်ဇော်ဦး ၁၂/ကမတ(နိုင်)၀၃၀၈၀၀က ယင်းမြေကွက်ကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု ပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချန္ဒရာ (အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး)
(လိုင်စင်-၁၈၅၆၆)
B.Sc (Phy), H.G.P, M.A (Business Law), D.B.L, D.M.L, D.I.L, D.B.S, D.A.Psy, D.A.E
အမှတ် ၅၀၊ ပထမထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၁၃၇၈၊ ၀၉-၇၃၁၄၅၃၉၆

မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကြစေရေးဟောပြော

တာချီလိတ် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့နယ်ခွဲ ဝမ်ကျင်းကျေးရွာ၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာ၌ ခာတုကုန်ကြမ်းကဖင်းခာတ်နှင့် ပတ်သက်သည့် အသိပညာပေးခြင်းနှင့်ပြည်သူများ ပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စီမံချက်ပါ လုပ်ငန်းတာဝန်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသော လူမှုရေးပြဿနာများကို စုပေါင်း အဖြေရှာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**

တက်ရောက်

တာချီလိတ်မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုရဲမှူးသန်းရွှေက စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်(စ်)ထုတ်လုပ်ရာတွင် အဓိက ခာတုကုန်ကြမ်းဖြစ်သည့် ကဖင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကာ တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် နယ်မြေခံတပ်ရင်းများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အသိပညာပေး

တာချီလိတ်မူးယစ်(အထူး)အဖွဲ့ ခေါင်းဆောင် ရဲအုပ်မြင့်လွင်က ပြည်သူလူထု ပူးပေါင်းပါဝင်သောမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်ပါ လုပ်ငန်းတာဝန်များနှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော လူမှုရေးပြဿနာများကို စုပေါင်းအဖြေရှာနိုင်ရန်အတွက် ပညာပေးဟောပြော ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ကျေးရွာသူ ကျေးရွာသားများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

မိုးစပါးသီးပွံနည်းကျစိုက်ပျိုးရေး ပညာပေး

ခန္တီး ဇူလိုင် ၂၃

ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါးသီးပွံနည်းကျ စိုက်ပျိုးစနစ် ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီက ခန္တီးမြို့နယ် သာစည်ကျေးရွာတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းအမ်းတော်က မိုးစပါးသီးပွံနည်းကျစိုက်နည်းစနစ်များကို လည်းကောင်း၊ လက်ထောက် ဦးစီးမှူး ဦးမိုးမင်းက စိုက်ပျိုးသီးနှံများ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးကိုလည်းကောင်း၊ ဦးသူရဇော်က ပိုးသတ်ဆေး ပက်ဖျန်းရာတွင် လူကိုအန္တရာယ်ကင်းစွာ ပက်ဖျန်းရမည်များကိုလည်းကောင်း သီးနှံစိုက်တောင်သူများအား ပညာပေး ဟောပြောပေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ခွာနာလျှာနာကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်း ကွင်းဆင်းဆောင်ရွက်

ကျောက်ဆည် ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများ ကျန်းမာရေးပိုမိုကောင်းမွန်စေရန်နှင့် မိသားစုလူမှုစီးပွားဘဝ ပိုမိုတိုးတက်စေရန်အတွက်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာလှိုင်မင်းဦး လက်ထောက်ကထိက ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဦးဆောင်သော ကာကွယ်ဆေးထိုးအဖွဲ့ (၂)မှ နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများ၊ ကြက်ခြေပြာသင်တန်းဆင်းများသည် ဇူလိုင် ၂၀ရက်က ကျောက်ဆည်မြို့နယ်အတွင်း ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ကျေးရွာပေါင်း ၂၉ ရွာရှိ ကျွဲ၊ နွားများကို ခွာနာ လျှာနာကာကွယ်ဆေးများ အခမဲ့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

တွေ့ရ

ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါသည် မျိုးကွဲခုနစ်မျိုးရှိပြီး မြန်မာနိုင်ငံတွင် မျိုးကွဲသုံးမျိုးတွေ့ရသည်။

အများဆုံးဖြစ်ပွား

ခွာနာလျှာနာရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်သော်လည်း စိုစွတ်သောရာသီဥတုကြောင့် ပိုးပေါက်ပွားမှုနှင့်ပျံ့နှံ့မှုကို အားပေးသော မိုးရာသီတွင် အများဆုံးဖြစ်ပွားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

ကျောက်တံခါး ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းကျေးရွာအုပ်စုတွင် အရေးပေါ်ကျန်းမာရေးပြဿနာများကြုံလာပါက အချိန်မီ ပို့ဆောင်ပေးနိုင်ရန်အတွက် လူနာတင်ယာဉ်တစ်စီးကို ပဲနွယ်ကုန်းမြို့နေ ကိုမျိုးလွင်ဦးနှင့် ဇနီးမချိုချိုဝင်း မိသားစု (စိန်ရွှေရတနာဆိုင်)က မေတ္တာရှင် လူမှုကူညီရေးအသင်း (တောကျွဲအင်း)၊ မဇ္ဈိမာရုံတောရစာသင်တိုက်၌ ဇူလိုင် ၈ရက် နံနက် ၇နာရီက လှူဒါန်းခဲ့ကြောင်း သိရသည်။

ကူညီပို့ဆောင်

"တောကျွဲအင်း ကျေးရွာအုပ်စုမှာလည်း မေတ္တာရှင်လူမှုကူညီရေးအသင်းဆိုပြီး တည်ထောင်ပြီးသွားပြီ၊ အခုလှူဒါန်းလိုက်တဲ့ လူနာတင်ယာဉ်က အခြားနီးစပ်ရာရွာတွေက လိုအပ်လို့အကူအညီတောင်းရင်လည်း ကူညီပို့ဆောင်ပေးသွားမှာပါ။ ကျေးရွာတွေဆိုတော့ လယ်ယာလုပ်ငန်းခွင်ဝင်တုန်း မတော်တဆမြွေကိုက်မိတာ၊ တိုက်နယ်ဆေးရုံမှ ရောဂါကြီးလို့ လွှဲပြောင်းပေးတဲ့လူနာတွေဖြစ်ဖြစ် အရေးကြုံလာခဲ့ရင် အချိန်မီ အသက်ကယ်နိုင်ဖို့အတွက် နီးစပ်ရာမြို့တွေက ဆေးရုံကြီးတွေကိုပို့ဆောင်ပေးမှာဖြစ်ပါတယ်" ဟု အသင်းနာယက ဒေါက်တာ ဦးကြင်ဝင်းက ပြောသည်။

ထောက်ပံ့ကူညီ

တောကျွဲအင်း ကျေးရွာအုပ်စု မေတ္တာလူမှုကူညီရေးအသင်းကို ၂၀၀၉ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာပေသင်ကြားရေး၌ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီပေးခြင်း၊ ကျေးရွာနာရေးကိစ္စအချို့အား ကူညီဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းညွန့်(ပိန်းဇလုပ်)

အလှကုန်ထုတ်လုပ်ရေးဌာနခွဲ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၏ ကြီးကြပ်မှုအောက်ရှိ အလှကုန်ထုတ်လုပ်ရေးဌာနခွဲအား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၃ ရက် (အင်္ဂါနေ့)(ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖွန်းသာ ဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/ မင်္ဂလာမော်ကွန်း/ ဇာတာ/ ဂဏန်းဗေဒင် အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည် ကလေးအတွက်အစုံပါသည်။ လာရွေး ၆၀၀၀ိ/ အိမ်ပို့ ၇၀၀၀ိ နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေး/ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎ 01-394727, 01-399426, 09-73009994, 09-5152521 (ပိတ်ရက်မရှိ)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၅၆၁ ခ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ (၂၀′ × ၆၀′) အကျယ်ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ယုဇန (၂)လမ်း၊ အမှတ်(၅၆၁-က) ဟုခေါ် တွင်သော နှစ်ထပ်တိုက်ခံအိမ်အဆောက်အအုံတို့ကို ဦးမြဟန်က အမည်ပေါက်ပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မာမာတင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအာကာမျိုးထက် (LL.B.,D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၇၆၀၃)
အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၁၇၀၉၉၆

ဗိုလ်ရတနာ Riso မိတ္တူ၊ ကွန်ပျူတာ

- ကျပ် ၁ သိန်းဖိုးအထက်အားပေးသူများအား 5%Discount အပြင်အိမ်တိုင်ရာရောက်ပို့ပေးပါသည်။
- ကျပ် ၅ သောင်းဖိုးအထက် အားပေးသူများအား 5%Discount

အစုံ (၂၀၀)နှင့် အထက် A4ကျောကပ်(၁)မျက်နှာ ၅.၅ကျပ်
အစုံ (၁၀၀)နှင့် အထက် A4ကျောကပ်(၁)မျက်နှာ ၆ကျပ်
Print 70gsm = 25ks
စာစီနှုန်း တစ်မျက်နှာ ၂၅၀ကျပ်

၇၆၊ ၃၂လမ်း(အောက်)၊ ၃၈၈၁၁၅၊ ၀၉ ၅၁၀ ၂၇၅၀၊ ၀၉ ၇၃၀ ၂၉၉၆၉

ကလေးနာမည်ပေး ကွန်ပျူတာပုရောဟိတ်

တိုစက္ကဇာတာအားအပြည့်အစုံစစ်ဆေးပေးနိုင်
ဟောစာတမ်း(၃၄)မျက်နှာ/ကလေးနာမည်(၁၅၀)ကျော်
0931079394 095179128 0931300995
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

MCC Training Institute

AIT Asian Institute of Technology



AIT မှချီးမြှင့်သည့် အင်ဂျင်နီယာသိပ္ပံဘွဲ့များ

- B.S.E (Telecommunications)
- B.S.E (Electronics)
- B.S.E (Mechatronics)
- B.S.E (Civil and Infrastructure)
- B.S.E (ICT)

Awarded by : Asian Institute of Technoogy

MCC.*i* (Yangon Campus) - 01-245762, 249152, 246634, 395512.
MCC.*i* (Mandalay Campus) - 09-91034062, 09-402671562, 02-77930.
MCC.*i* (Yatanarpon Campus) - 02-5178112, 5178113, 5178132, 5178114.

Enroll Now

မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသားစေလွှတ်မည့်ကိုယ်စားလှယ် (Student Recruitment Agent) ယူလိုသူများ အမြန်ဆက်သွယ်ရန် စာတိုက်သေတ္တာနံပါတ်- ၇၃၆၊ ဖုန်း- ၀၁-၂၄၅၇၆၂၊ ၀၁-၃၉၅၅၁၂

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်)ပိုင်းမြို့နယ်၊ အမှတ်-၉၆၀၊ စေတနာလမ်း၊မြေတိုင်းရပ်ကွက် (၃၇) ရပ်ကွက်၊ ဧရိယာ (၄၀'×၆၀') (၂၄၀၀) စတုရန်းပေရှိ နှစ် (၆၀)ဂရန်မြေအမျိုးအစား (ပါမစ်) မြေကွက်နှင့်အိမ်အပါအဝင် ၎င်းတို့နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးပေါ်ထွန်းCHK-၁၀၇၅၃၃ ထံမှ (၁၇. ၅. ၉၆)နေ့စွဲပါ အရပ်ဘက်စာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၃၁၇၄/၉၆)ကို ဦးဌေးလွင် (၁၂/အလန(နိုင်)၀၂၆၆၄၉)သည် လက်ခံရယူပြီး ဝယ်ယူထားကြောင်း၊ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး ကျွန်ုပ်သို့ ရောင်းချခဲ့ရာ ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပါသည်။ ဤမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့ရက်မှစပြီး (၁၄)ရက်အတွင်း တရားဝင်အထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မေစီ
အမှတ်-၁၆၉၊ သီဟသူလမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပ
ဖုန်း ၀၁-၈၅၅၀၈၀၅၊ ၀၉-၇၃၁၅၀၇၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄မိုးရိပ်)၊ (၁၀)လမ်း၊ မြေကွက်အမှတ်(၈၁)၊ အကျယ်အဝန်း (၂၅ပေ× ၅၀ပေ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နှစ် (၆၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေး (၁၂/သဃက (နိုင်) ၁၄၀၁၇၇)နှင့်ဒေါ်ဖွားစိန် (၁၂/ဥကတ(နိုင်) ၀၆၇၂၀၅ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊

စီးပွားရေးနှင့်လူမှုရေးကြော်ငြာများ

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လည်ရာ စံရာဤလေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလှနတ်ပြည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။

(၆) ညအိပ် (၇) ရက်ခရီး — သီရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား)
စရိတ်ငြိမ်း (၁၂.၅) သိန်း (ထွက်ခွာမည့်နေ့ — ၁၅.၈.၂၀၁၃)

(၇)ရက်ခရီး - သံဝေဇနိယလေးဌာန (ဖွားပွင့်ဟောစံ) (အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး - ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)

၂၀၁၃-၁၄ခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍ စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်

(၁.၇.၁၃)မှ(၃၁.၇.၁၃)အတွင်း စရံငွေ(၁)သိန်း ပေးသွင်းပါက ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေ မိတ်ဟောင်း မိတ်သစ် သူတော်စင်အပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။

အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၁၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊၀၉-၄၀၃ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၁

ကန့်ကွက်နိုင် ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၊ မြေကွက်အမှတ်- ၇၅၁၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ (အလျား ၆၀' × အနံ ၂၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဇာဂ(၁၈)လမ်း၊ အမှတ်(၇၅၁)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းရွှေ(၁၂/ဥကတ(နိုင်)၀၃၂၉၀၁)(CE-၀၀၀၄၁၈)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် ရုံးချိန် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်ဦး (စဉ် – ၄၂၇၂) LL.B တရားလွှတ်တော်ရှေ့နေ
ဦးမျိုးညွှန့် (စဉ် – ၅၁၄၂) LL.B,D.B.L တရားလွှတ်တော်ရှေ့နေ
ဒေါ်ဆွေဇင်သော် (စဉ် – ၂၆၀၃၈) LL.B,LL.M,M.Res,Ph.D(Thesis) အထက်တန်းရှေ့နေ
ဒေါ်နန်းထက်ထက်ဇော် (စဉ် – ၃၃၅၂၆) LL.B,D.B.L,D.I.L အထက်တန်းရှေ့နေ
ဒေါ်လှိုင်ယဉ်မွန်(စဉ် – ၄၀၆၄၈) LL.B အထက်တန်းရှေ့နေ

" စိုင်းခွန်နောင် " ကုမ္ပဏီ (အိမ်၊ ခြံ၊ မြေ) နှင့်ဥပဒေအကြံပေးလုပ်ငန်း
အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရုံး(ချုပ်)ဖုန်း - ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ ၅၁၇၇၇၉၅၃၊ ၀၉ ၇၃၁၀၄၂၀၀၊
ရုံး(ခွဲ) ဖုန်း - ၂၉၅၇၂၄၊ ၀၉ ၇၃၀၅၆၆၅၁၊ ၀၉ ၄၂၅၀၁၈၆၁၈၊ ၀၉ ၇၃၀ ၂၉၆၉၆

ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော (၁၅)နှစ်တာကာလအတွင်း ရရှိခဲ့သမျှ နိုင်ငံခြားအတွေ့အကြုံနှင့် ဗဟုသုတများကိုမျှဝေခြင်း

နိုင်ငံတကာအဆင့်မီသော(ISO)ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၏

(၁) မှန်ကန်သောရည်ရွယ်ချက်နှင့် အနှစ်သာရများ။
(၂) ကန်ထရိုက်တာများတွင် ရှိသင့်သောအဆင့်အတန်းနှင့် တာဝန်ယူမှုများ။
(၃) လုပ်ငန်းသုံးပစ္စည်းရောင်းသူများ၏ကျင့်ဝတ်နှင့် ၎င်းတို့အပေါ်ပြန်လည်ထားရှိရမည့်ကျင့်ဝတ်များ။
(၄) ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော ဥပဒေနှင့် စာချုပ်စာတမ်းများ။
(၅) လုပ်ငန်းခွင်အန္တရာယ်ကင်းစင်ရေးနှင့် ကျန်းမာရေး။
(၆) Mechanical နှင့်ပတ်သက်သော မရှိမဖြစ်သည့်အလုပ်အကိုင်များ။
(၇) Electrical နှင့်ပတ်သက်သော မရှိမဖြစ်သည့်အလုပ်အကိုင်များ။

ကျင်းပမည့်ရက် - ၁၁-၈-၂၀၁၃ ရက်
နေရာ - တော်ဝင်နှင်းဆီခန်းမ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ

လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် အမည်၊ ဖုန်းနံပါတ်နှင့် E-mail Address တို့ကို E-mail ဖြင့် minaungdd@gmail.com သို့ စာရင်းပေးသွင်းပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U_{10}၊ မြေကွက်အမှတ်-၃၇၆၊ အကျယ် (၆၀´ × ၈၀´)၊ အမှတ် (၃၇၆)၊ မဟာဂန္ဓာရုံလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဦးညီညီနိုင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆွေဖန်(၉/မနမ(ပြု) ၀၀၀၀၀၈) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့် နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးစိန်လှ B.A, B.L, DIR, DMA (စဉ် – ၉၂၃) (နိုတြီပဗ္ဗလစ် နှင့် တရားလွှတ်တော်ရှေ့နေ)
ဒေါ်ချိုချိုဝင်း LL.B., DBL (စဉ်–၆၉၁၂) (တရားလွှတ်တော်ရှေ့နေ)
ဒေါ်ဝါဝါလှိုင် LL.B., DBL, DIR (စဉ်–၄၀၂၀၀) အထက်တန်းရှေ့နေ
အမှတ် (၅၀)၊ အခန်း (A–၂၀)၊ ပထပ်၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၅၁၄၅၁၃၂၊ ၀၉၅၀၃၃၁၉၂

အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၁၉၀ ဟုခေါ်တွင်သော အိမ်မြေရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ဝယ်ယူသူဘက်မှပေးပို့သည့် (၂၇-၆-၂၀၁၃)ရက်စွဲပါ အကြောင်းကြားစာအပေါ် ရောင်းချသူများ၏ သဘောထားပြန်ကြားချက်

ဒေါ်သောင်းသောင်းတင် ၁၂/အစန(နိုင်)၂၁၉၆၅၇ နှင့် ဒေါ်ဝင်းဝင်းမာ ၁၂/အစန(နိုင်)၁၁၇၅၈၅ နှင့် ဝယ်ယူသူတို့သည် အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၁၉၀ဟုခေါ်တွင်သော အိမ်မြေနှင့်ပတ်သက်၍ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီးသည်ဖြစ်၍ ရောင်းချသူများဘက်မှရောင်းချသည့် အိမ်မြေအား အပြီးအပိုင်လွှဲပြောင်းလက်ရောက်ပေးအပ်ရန် အဆင်သင့်ရှိပါသည်။ အထောက်အထားမဲ့ ကန့်ကွက်နှောင့်ယှက်သူ ဦးအောင်ဇော်မင်းနှင့်ပတ်သက်၍ ရောင်းချသူများက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝယ်ယူသူအတွက် ဝယ်ယူသည့်အိမ်မြေ လက်လွတ်ဆုံးရှုံးမှုမရှိစေရန် ရောင်းချသူများက ပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ ဝယ်ယူသူဘက်မှ အပြီးသတ်ငွေပေးချေ၍ အပြီးအပိုင်ဝယ်ယူပေးပါရန် ရောင်းချသူများ၏သဘောထားအား အကြောင်းပြန်သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်အေး LL.B,D.B.L.,D.I.L,D.I.R၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)
အမှတ် ၄၃၊ တကောင်ဘွားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၅၈၄၄

ကြေညာချက်

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၂)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၁၂၈
ဦးတင်ဝင်းအမည်ပါမြေကွက်နှင့်ပတ်သက်ပြီး ဦးသန်းဦးနှင့်တကွ စပ်ဆိုင်သူများသိစေရန်ကြေညာချက်

လက်ရှိနေထိုင်သူ ဦးသိန်းနိုင် ၁၂/လကန(နိုင်)၀၁၂၂၅၉ ၏ ညွှန်ကြားချက်အရ ကြေညာသည်မှာ ဦးသိန်းနိုင် လက်ဝယ်ရှိမြေကွက်၏ စာရွက်စာတမ်းတို့ကို ဦးသန်းဦးထံတွင် ခံဝန်တင်သွင်းပြီး ငွေကျပ်သုံးသိန်း၊ ၇ ရာခိုင်နှုန်းတိုးဖြင့်ချေးယူပြီးနောက် စာရင်းရှင်းလင်းပြီး ကျန်ငွေကျပ်(၂သိန်း ၅သောင်း)ပေးဆပ်ပြီး ရယူရန်သဘောတူပြီးနောက် ဦးသန်းဦးကို ဆက်သွယ်၍မရဘဲ ဦးတင်ဝင်းအမည်ပါ မြေစာရွက်စာတမ်းတို့ကို တရားမဝင်လွှဲပြောင်းထားကြောင်း သိရှိရပါသည်။

သို့ပါ၍ ဦးတင်ဝင်းအမည်ပါမြေစာရွက်စာတမ်း လက်ဝယ်ထားသူတို့သည် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လက်ရောက်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဦးသန်းဦးအပါအဝင် စပ်ဆိုင်သူများအား တရားစွဲမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၇၀/၈၇)
အမှတ် ၂၆၈၊ ဗမ္မူသီရိ ၉ လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဦးတင်ထွဋ်မိုး ၆/ထဝန(နိုင်)၀၆၈၀၀၃ နှင့် အများသိစေရန်

Great International Co.,Ltd. အမှတ် ၁၆၈၊ ၅၃လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၏ Marketing Manager အဖြစ် ဆောင်ရွက်ခဲ့သူ ဦးမိုးမြင့်၏ သား ဦးတင်ထွဋ်မိုးသည် ကုမ္ပဏီ၏ငွေကြေးများကို ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ထားပြီး ယနေ့အထိ အဆိုပါငွေကြေးများကို လာရောက်ရှင်းလင်းခြင်းမရှိသူဖြစ်ပါသည်။

အထက်ပါကုမ္ပဏီနှင့်သက်ဆိုင်သည့် ငွေကြေးများကို ဦးတင်ထွဋ်မိုးမှတစ်ဆင့် ပေးသွင်းခြင်းမပြုကြပါရန်နှင့် ဦးတင်ထွဋ်မိုးသည် Great International Co.,Ltd. နှင့် သက်ဆိုင်သူမဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုမ္ပဏီ၏ငွေကြေးများကို အလွဲသုံးစားပြုထားသူ ဦးတင်ထွဋ်မိုးသည် ယခုကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီသို့လာရောက်ပြီး အလွဲသုံးစားပြုထားသည့် ငွေများကို ပေးသွင်းစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ပေးသွင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်ထွဋ်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငွေသိန်း(ခ)ဦးသန်းထွန်း LL.B, D.B.L, D.I.L,D.A (Psy)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (E-11)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၂၉၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် (၂၇/၂အေ)၊ မြေတည်နေရာအမှတ် (၂၇)၊ မြမာလာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော မြေအကျယ်အဝန်းဧရိယာ ၀ ဒသမ ၀၄၅ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးဘိုးမှီနှင့်ဇနီး မခင်ညွန့်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၂၃၆/၁၉၇၈)ဖြင့် ဦးသောင်းဟန်နှင့် ဒေါ်ခင်ရွှေရွှေတို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု တင်ပြလာသော ဒေါ်ခင်စောမြင့် ၁၃/လခန(နိုင်)၀၀၃၁၃၁ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းထွန်း LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)
အမှတ် ၂၈၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၃၇/တ၊ မြေကွက်တည်နေရာအမှတ်-၃၀၊ မြစပါယ်လမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဗိုလ်မှူးခင်မောင်လေးနှင့် ဒေါ်ခင်မမ အမည်ပေါက်မြေပိုင်မြေ လ/န ၃၉ရပြီး မြေအား အမည်ပေါက် ဖခင်ဗိုလ်မှူးခင်မောင်လေးနှင့် မိခင်ဒေါ်ခင်မမတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်မာဆွေ ၁၂/ရကန(နိုင်)၀၁၆၀၅၃၊ (၂)ဦးခင်မောင်ထွန်း ၁၂/မရက(နိုင်)၀၃၇၅၆၁၊ (၃)ဒေါ်ခင်မာထွေး ၁၂/မရက(နိုင်)၀၆၆၂၉၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အထက်အုန်းပင်လမ်း၊ အမှတ် (၉၀-ဘီ)၊ လေးလွှာ(ခြေရင်းဘက်)တိုက်ခန်းကို ဦးကြည်ဝင်း-ဒေါ်တင်တင်စန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှုနန်း YDN-၀၁၀၈၃၆သည် ၁-၁-၂၀၁၂ ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့သော်လည်း ယနေ့ယခုအချိန်အထိ လက်ဝယ်လက်ရောက်အပ်နှံခြင်းမပြုသေးပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာသော အကြောင်းအရာများဆောင်ရွက်ခြင်းရှိခဲ့မည်ဆိုပါက ဆောင်ရွက်သမျှ **အဟောသိကံ** ဖြစ်သွားနိုင်ပါသည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရှုနန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
လမ္ဘတော် ဦးစိန်ဝင်း (၁၂၅၄၃)
ဥပဒေဆိုင်ရာအကြံပြုရှေ့နေကြီး
အမှတ် ၁၁၆၁၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၅၉၀၈၆၊ ၀၉-၄၃၀၆၇၅၈၁၊ ၀၉-၄၃၁၆၇၄၅၁

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရွာမကျေးရွာ ရှိ ရှစ်ခန်းတွဲ ခြောက်ထပ်တိုက် အမှတ် ၃၃၂၊ အခန်းအမှတ်(၀၁-၀၆)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးကြီးခင်စိုး ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နန်းအေး ၁/မကန(နိုင်)၀၁၁၉၄၀က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြေညာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၆၉၈) ဧရိယာ (၀. ၀၅၅)ဧက ၊ နှစ်(၆၀) ဂရန်မြေနှင့် အဆိုပါ မြေပေါ်တွင် ဆောက်လုပ်ထားသော ပုန်းညက်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်ကို ဂရန်အမည်ပေါက် ဒေါ်နီလှဝင်း + ဦးရဲထွန်းထံမှ တရားဝင်ဝယ်ယူထားသူ ဒေါ်အေးအေးခိုင် (၁၂/ကမတ(နိုင်)၀၀၁၀၂၂)ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းအောင် (ငါးသိုင်းချောင်း)၊ တရားလွှတ်တော်ရှေ့နေ
စဉ် - ၈၀၂၉ ၊ ရုံးအမှတ် (၂၆)၊ ၄-လွှာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၉၅၀၅၄၃၆၆ ၊ ၀၁၅၅၅၀၁၁ ၊ ၀၉၅၀၉၂၂၅၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၇၀၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၀၃/ခ၊ သံသုမာလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် မကြည်ထွေးရှုန် S/OKA-၀၈၂၃၈၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မကြည်ထွေးရှုန်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၉၇၉၄(၂၈-၁၀-၀၉)ဖြင့်လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ် ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၀၄၀၂၅၀က ပါဝါမရုပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ-၃၁၁၂(၃-၁၂-၁၂)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာများ

အောင်စည် သင်တန်းမှ

၆-၈-၂၀၁၃ နေ့စပြီ

ဂျပန်နိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်
အထူးသင်တန်းနှင့် မြန်မာနိုင်ငံရှိ ဂျပန်ကုမ္ပဏီများတွင်
အလုပ်လုပ်ကိုင်လိုသူများအတွက် ကူညီဆောင်ရွက်ပေးသည့်

ကိုးရီးယားအလုပ်ခွင် စာမေးပွဲ ၇-၈-၂၀၁၃ နေ့စမည်

ဂျပန်ဘာသာအထူးသင်တန်း

လူဦးရေကန့်သတ်ထားပါသည် (၂-ထပ်ဖွင့်)

(၃၆၃)၊ပန်းဆိုးတန်းမှတ်တိုင်၊ဖုန်း-၀၉-၈၆၂၄၅၅၈၊၀၉-၄၅၀၀၅၃၇၂၉

မအေးအေးစိုးအား သွာနုတ္တရ သမီးအဖြစ် အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေငြာခြင်းကို ရုပ်သိမ်းမည် မဟုတ်သည့်အပြင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ (၅) လမ်း၊ အမှတ် (၁၂)နေ ဦးအောင်ချစ် ၁၀/ကမရ (နိုင်) ၀၀၄၁၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ သမီးဖြစ်သူ မအေးအေးစိုးအား သွာနုတ္တရ သမီးအဖြစ် အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း (၁-၅-၂၀၁၃) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၁၅ တွင် ကြေငြာခဲ့သည်ကို မအေးအေးစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရုပ်သိမ်းရန် တန်ပြန်ကြေငြာရင်း တောင်းဆိုပါသည်ဟု (၃၀-၆-၂၀၁၃) ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၂၁ တွင် ကြေငြာထားချက်များအရပင် မအေးအေးစိုးသည် မိဘများအပေါ် (၃၀-၄-၂၀၁၂) ရက်စွဲပါ နို့တစ်ပြန်စာအရ မမှန်မကန် ပြန်ကြားခြင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်သည် မအေးအေးစိုး၏ နို့တစ်ပြန်ကြားစာအရပင် စိတ်ဆင်းရဲကာ ကွယ်လွန်သွားခြင်း၊ ဖခင်ဖြစ်သူက သွာနုတ္တရသမီးအဖြစ် ကြေငြာခြင်းကိုပင် ဝန်ချတောင်းပန်ရန် ဆန္ဒမရှိဘဲ ဥပဒေမဲ့ ကြေငြာခြင်းဖြစ်ကြောင်း တန်ပြန်ကြေငြာခြင်းတို့အရပင် မအေးအေးစိုး၏ အပြုအမူ ဆောင်ရွက်ချက်များမှာ သွာနုတ္တရသမီးဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပြီးဖြစ်ပါ၍ ဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြဟိန်း LL.B၊ တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၅၁၄၃
ဒေါ်မိနန္ဒာဦး LL.B၊ အထက်တန်းရှေ့နေ၊ စဉ် - ၃၀၁၆စ၈
ဒေါ်ဝါဝါတင် LL.B၊ အထက်တန်းရှေ့နေ၊ စဉ် - ၃၁၆၁၂
အမှတ် (၃၀)၊ သုခလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့။ ဖုန်း ၀၉၄၃၀၀၅၆၅၉

‘အမေ့ဆေး’

အမှတ်တံဆိပ်

မှတ်ပုံတင်ပြီး

ဆီးချို သွေးချို

သောက်ဆေး

ပင်ရင်း - အမှတ် (၃၁)၊ (၁၂၂)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၂/၂၀၁၃ တဆထလ (၂၃၉၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR ၀၁၁၀၇၆(၁၁၁၄)
ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက (စာနယ်ဇင်း) ၀၁၃/၀၃၁၃

ဒေါ်နော်ဝေဝေခိုင် (ဘ)ဦးစောပညာ ၁၀/ကမရ(နိုင်)၀၅၇၆၁၁ ဒေါ်နန်းသန်း(ဘ)ဦးအင်းအိုက် ၁၃/တခလ(နိုင်)၀၈၉၁၀၃၊ ဦးနီရ်မလကူမာရ်(ဘ)ဦးစီဘဂျမ်း ၇/ပဖန(နိုင်)၁၂၉၈၁၅နှင့် အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ မေဖလားဝါးကွင်း၊ သိပ္ပံလမ်း၊ အမှတ် ၂/၁၈၉တွင်နေထိုင်ပြီး ဦးစိုင်းအွဲ့မင်း ၁၃/မပတ(နိုင်)၀၁၅၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ကွင်းအမှတ် ၃၊ မြို့ကွက်သစ်အပိုင်း(င)၊ မေဖလားဝါး အိမ်ရာ၊ ဦးပိုင်အမှတ် ၃၉+၄၀၊ ဧရိယာ ၀ ဒသမ ၁၃၄ဧကရှိ မြေနှင့်ပတ်သက်သော မြေစာရင်းပုံစံ ၁၀၅အပါအဝင် ဆက်စပ်သော စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများကို ဒေါ်နန်းသန်း(ဘ) ဦးအင်းအိုက်ထံသို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၇ ရက်က ကျွန်ုပ်အမှုသည် ဦးစိုင်းအွဲ့မင်းနှင့် ဒေါ်နော်ဝေဝေခိုင်တို့မှ ပေးအပ်ထားရှိခဲ့ပါသည်။

ယင်းစာရွက်စာတမ်းများအား ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ဦးစိုင်းအွဲ့မင်းထံသို့ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဒေါ်နန်းသန်းမှ စာချုပ်ချုပ်ဆိုထားရှိပါသည်။ ယခုအခါတွင် ယင်းစာချုပ်ပါရက်ကာလသို့ မရောက်ရှိသေးမီ ဦးစိုင်းအွဲ့မင်းမသိရှိဘဲ၊ သဘောမတူဘဲနှင့် အထက်ပါ မြေအား ဦးနီရ်မလကူမာရ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်မသိရှိဘဲ သဘောမတူဘဲနှင့် အထက်ပါမြေအား အမည်ပေါက်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်း စသည်ဖြင့် တစ်စုံတစ်ရာကိုမှ ဆောင်ရွက်ခြင်းမပြုရန်နှင့် ကန့်ကွက်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းမူ B.A (LAW), LL.B, DL.101, DL.201
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၀၆/၁၉၈၃)
ရုံးခန်း-၂/၁၈၊ မဥ္ဇူလမ်း၊ ဝမ်ကောင်းရပ်၊ ဖုန်း-၀၈၄-၅၃၀၉၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)
မာန်အောင်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဒေါ်ပုမချေ	နှင့်	၁။ ဒေါ်ခင်ခင်ရီ
		၂။ မောင်သန်းဇော်ဦး
တရားလို		**တရားပြိုင်များ**

မာန်အောင်မြို့၊ ၈/ပုန်ကုန်းကျေးရွာရပ်နေ (ယခုနေရပ်လိပ်စာမသိ) ၁။ဒေါ်ခင်ခင်ရီ၊ ၂။ မောင်သန်းဇော်ဦး သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပုမချေက ချေးငွေကျပ် ၁၂၅၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင် လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးဝင်း)
မြို့နယ်တရားသူကြီး
မာန်အောင်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ် ၁၂/ခ၁-၅၀၊ မြေကွက်တည်နေရာအမှတ် ၁၂၇၊ မောရဝတီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်တာမီကို အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တာမီကို ၁၂/မရက(နိုင်)၀၆၂၀၁၆ က ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ဝန်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ (၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံ ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၅၆၃/က၊ မြေကွက်တည်နေရာအမှတ် ၅၆၃/က၊ မြို့မ(၄)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းကြည် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းကြည်(မိခင်)နှင့် ဦးအောင်ခင်(ဖခင်) ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်ခင်ဌေး ၁၂/အလန(နိုင်)၀၂၄၉၀၁၊ ၂။ ဦးစိုးငြိမ်း ၁၂/သကတ(နိုင်)၀၇၈၁၀၀၊ ၃။ဦးလှမိုး ၁၂/သကတ(နိုင်)၀၇၄၈၇၁၊ ၄။ဒေါ်ခင်စန်းဝင်း ၁၂/သကတ(နိုင်)၀၇၄၃၅၉၊ ၅။ ဒေါ်မာလာ ၁၂/သကတ(နိုင်)၀၇၅၄၇၇၊ ၆။ ဒေါ်စောမြင့်အေး ၁၂/သကတ(နိုင်)၀၂၂၃၉၃၊ ၇။ ဦးနေလင်းထွန်း ၁၂/သကတ(နိုင်)၁၂၀၃၉၁က သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်လိုက နိုင်လိုသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဦးဇော်မျိုးဝင်း	၁၂/ပဘတ(နိုင်)၀၂၅၁၉၇	မင်္ဂလာတောင်ညွန့်	၁၁ P	V ၃၁	ဦးဇော်မျိုးဝင်း	၁၆၊ (၁၂၆)လမ်း၊ သပြေကုန်းရပ်ကွက်	ဂရန်သက်တမ်းတိုး
၂။	ဒေါ်မိမိစံ	၁၂/ကမတ(နိုင်)၀၄၆၄၀၁	ဒဂုံဆိပ်ကမ်း	၈၀	၁၀၆၉	ဦးစိုးလင်း	၁၀၆၉၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဒေါ်မိမိစံ	၁၂/ကမတ(နိုင်)၀၄၆၄၀၁	ဒဂုံဆိပ်ကမ်း	၇၉	၁၆၈၇	ဦးသံဒိုင်	၁၆၈၇၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
